ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

ပထမနှစ်၊ ဒုတိယစာသင်နှစ်ဝက်

# EDU1209

# သင်ရိုးညွှန်းတမ်းနှင့် သင်ပြနည်းဆိုင်ရာ လေ့လာမှုများ - စာရိတ္တနှင့် ပြည်သူ့နီတိ

ကျောင်းသားကိုင်စာအုပ်

# နိဒါန်း

မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာနသည် 'အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်း' (NESP) ၂၀၁၆-၂၀၂၁ တွင် ပြဋ္ဌာန်းသတ်မှတ်ထားသော လုပ်ငန်းခွင်အကြို ဆရာအတတ်သင် ပညာရေးပြုပြင်ပြောင်းလဲမှုနှင့်အညီ လေးနှစ်သင် ပညာရေးကောလိပ် သင်ရိုးညွှန်းတမ်းကို ရေးဆွဲပြုစုခဲ့ပါသည်။

မြန်မာနိုင်ငံ ပညာရေးကောလိပ် သင်ရိုးညွှန်းတမ်းတွင် သင်ရိုးညွှန်းတမ်းအညွှန်းဘောင်၊ သင်ရိုးမာတိကာများ၊ ကျောင်းသားကိုင်စာအုပ်များနှင့် ဆရာလမ်းညွှန်များ စသည်တို့ ပါဝင်သည်။ လေးနှစ်သင် ပညာရေးကောလိပ် သင်ရိုးညွှန်းတမ်းကို အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် လိုက်လျောညီထွေမှုရှိစေရန်နှင့် ပညာရေးကောလိပ်ကျောင်းသားများအား မြန်မာနိုင်ငံ မူလတန်းနှင့် အလယ်တန်းကျောင်း စာသင်ခန်းများတွင် ထိရောက်စွာသင်ကြားနိုင်ရန် လိုအပ်သော တတ်ကျွမ်းမှုများတတ်မြောက်သွားစေရန် စီစဉ်ရေးဆွဲထားပါသည်။ ဤသင်ရိုးညွှန်းတမ်းကို ဆရာတစ်ဦးအနေဖြင့် သိသင့်သည်များ၊ စာသင်ခန်းအတွင်း၌ လုပ်ဆောင်ရမည်များနှင့်ပတ်သက်၍ မျှော်မှန်းထားသည်များကို ရှင်းလင်းစွာဖော်ပြထားသည့် ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင် (Teacher Competency Standards Framework – TCSF) အပေါ် အခြေခံ၍ ရေးဆွဲထားခြင်းဖြစ်ပါသည်။

ဤသင်ရိုးညွှန်းတမ်းကို ခရုပတ်ပုံ သင်ရိုးညွှန်းတမ်း ချဉ်းကပ်နည်း (Spiral Curriculum Approach) ဖြင့် ပြုစုထားပြီး ပညာရေးကောလိပ်ကျောင်းသားများသည် မိမိတို့ သိထားပြီးသော အယူအဆသဘောတရားများကို လေးနှစ်တာကာလအတွင်း၌ အပြန်ပြန်အလှန်လှန် လေ့လာကြရမည်ဖြစ်သည်။ ထိုသို့ပြန်လှန်လေ့လာခြင်းဖြင့် ပညာရေးကောလိပ်ကျောင်းသားများ၏ အသိပညာနှင့် နားလည်သဘောပေါက်မှုများ ပိုမိုနက်ရှိုင်း ကျယ်ပြန့်လာမည် ဖြစ်သည်။ ဤသို့ဖြစ်လာစေရန် လေးနှစ်သင် ပညာရေးကောလိပ်သင်ရိုးကို အပိုင်း ၂ ခု ဖြင့် ပိုင်းခြား သတ်မှတ်ထားသည်။ ပထမအပိုင်း cycle 1 (ပထမနှစ် နှင့် ဒုတိယနှစ်) တွင် သင်ယူထားသည့် အယူအဆ သဘောတရားများအား ဒုတိယအပိုင်း cycle 2 (တတိယနှစ် နှင့် စတုတ္ထနှစ်) တွင် ပို၍နက်ရှိုင်းစွာ ပြန်လည်ထပ်ကျော့သွားမည်ဖြစ်သည်။ သို့မှသာ ပညာရေးကောလိပ် ကျောင်းသားများသည် မိမိတို့သင်ယူခဲ့ပြီးသော အယူအဆသဘောတရားများကို ပြန်လည်

လေ့လာနိုင်ခြင်း၊ လက်တွေ့လုပ်ကိုင်စမ်းသပ်နိုင်ခြင်း၊ စာသင်ခန်းအတွင်း လုပ်ဆောင်လေ့ရှိသည်များကို မိမိတို့အတန်းဖော်များနှင့် ပြန်လည်ဝေမျှပြောဆိုနိုင်ခြင်း၊ မိမိတို့၏ သင်ကြားရေးကျွမ်းကျင်မှုအမျိုးမျိုးအနက်မှ အချို့သော အပိုင်းများကို ပိုမိုနက်နဲစွာ ဆင်ခြင်နိုင်ခြင်းများလည်း ရရှိလာနိုင်မည်ဖြစ်သည်။ ဤသင်ရိုးညွှန်းတမ်း၏ဖွဲ့စည်းပုံသည် ဘက်စုံပေါင်းစပ်ထားသော ချဉ်းကပ်မှုပုံစံ (Integrated Approach) ဖြင့် ရေးဆွဲထားသောကြောင့် သင့်လျော်သော ကြိုတင်ပြင်ဆင်မှု၊ လက်တွေ့အသုံးချမှုနှင့် အတွေ့အကြုံတို့ကို အထောက်အကူပေးသည့် သင်ယူမှုဖြစ်စဉ် မှတစ်ဆင့် ဘာသာရပ်ဆိုင်ရာ အသိပညာသင်ကြားရေးနှင့် ပညာရေးဆိုင်ရာ သီအိုရီများကို နားလည်သဘောပေါက်စေခြင်း ဖြစ်သည်။ သို့ဖြစ်၍ ဤသင်ရိုးညွှန်းတမ်းသည် ဘာသာရပ်ဆိုင်ရာအသိပညာများကိုသာ အလေးပေးခြင်းမဟုတ်ဘဲ သက်ဆိုင်ရာ အသက်အရွယ်အုပ်စုအလိုက် သင်ယူမှုအခြေအနေများတွင် အသိပညာ၊ ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထားများကို ထိရောက်စွာ အသုံးပြုသင်ကြားတတ်စေရန် လိုအပ်သော ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထားများကိုလည်း အလေးပေးထားပါသည်။ တတ်ကျွမ်းမှုတစ်ရပ်တွင် ပါဝင်သော အစိတ်အပိုင်းများဖြစ်သည့် အသိပညာ၊ ကျွမ်းကျင်မှုများ၊ စိတ်နေသဘောထားများနှင့် ၎င်းတို့ကို ထိရောက်စွာ အသုံးချနိုင်ခြင်းစသည်တို့ကို အလေးပေးထားသောကြောင့် ဤသင်ရိုးညွှန်းတမ်းကို တတ်ကျွမ်းမှု အခြေပြုသင်ရိုးညွှန်းတမ်း (Competency-based Curriculum)ဟု ခေါ်ဆိုပါသည်။

သို့ဖြစ်ပါ၍ တတ်ကျွမ်းမှုအခြေပြု သင်ရိုးညွှန်းတမ်းဆိုသည်မှာ သင်ယူသူကို ဗဟိုပြုပြီး ကျောင်းသားများ၊ ဆရာများနှင့် လူ့အဖွဲ့အစည်းများ၏ ပြောင်းလဲနေသော လိုအပ်ချက်များနှင့် ဆီလျော်ကိုက်ညီမှုရှိသည်။ အယူအဆသဘောတရားသစ်များကို လေ့လာသင်ယူသည့်အခါတွင်လည်း ၎င်းတို့ကို အသုံးချပြီး အောက်ပါအတိုင်းပြန်လည် သုံးသပ်နိုင်သည်။

၁။ သင်ယူခြင်း (မည်သည်ကို မည်သို့သင်ကြားမည်ဟု အစီအစဉ်ချမှတ်ခြင်း)
၂။ အသုံးချခြင်း (သင်ကြား သင်ယူမှုဆိုင်ရာများကို လေ့ကျင့်ခြင်း) နှင့်
၃။ ပြန်လည်သုံးသပ်ခြင်း (မိမိ၏ သင်ကြားမှုပုံစံအား ပြန်လည်ဆန်းစစ်အကဲဖြတ်ခြင်း)

ပညာရေးကောလိပ်တွင် ပညာသင်ယူပြီးမြောက်ပြီး အချိန်တွင်လည်း ပညာရေးကောလိပ် ဘွဲ့ရကျောင်းသားများသည် အထက်ဖော်ပြပါ သင်ယူ - အသုံးချ - ပြန်လည်သုံးသပ် ဟူသည့် စက်ဝန်းသံသရာ (cycle of learn-apply-reflect) ကို မိမိတို့၏ သင်ကြားပို့ချရာတွင် အသုံးချခြင်း

အားဖြင့် အနာဂတ်မြန်မာမျိုးဆက်သစ်ကလေးငယ်တို့၏ သင်ယူမှုနှင့်ဖွံ့ဖြိုးတိုးတက်မှုများကို ထိရောက်စွာ ပံ့ပိုးကူညီပေးနိုင်ရန် ရည်မှန်းထားသည်။

မြန်မာနိုင်ငံ ပညာရေးကောလိပ်သင်ရိုးညွှန်းတမ်းကို ပညာရေးဝန်ကြီးဌာနက ရွေးချယ်ခန့်အပ်ထားသော ပညာရေးကောလိပ်များမှ ဆရာ၊ ဆရာမများနှင့် ပညာရေးတက္ကသိုလ်များနှင့် ပြည်ထောင်စု တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်တို့မှ တတ်သိပညာရှင်များ ပါဝင်သော သင်ရိုးညွှန်းတမ်းရေးဆွဲရေးအဖွဲ့က ရေးဆွဲပြုစုထားသည်။ ထို့အပြင် မြန်မာပြည်တွင်းမှ ကျွမ်းကျင်သူများ၊ နိုင်ငံတကာကျွမ်းကျင်သူများလည်း ပါဝင်ရေးဆွဲကြသည်။ ဤလုပ်ငန်းစဉ်တစ်ရပ်လုံးကို ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနက အကြံပေးလမ်းညွှန်မှုပြုပါသည်။

ဤသင်ရိုးညွှန်းတမ်း ပြုစုရေးသားရာတွင် နည်းပညာဆိုင်ရာ အကူအညီများကို ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း (ယူနက်စကို- UNESCO) ၏ "မြန်မာနိုင်ငံလုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ အရည်အသွေးတိုးမြှင့်ရေး (Strengthening Pre-service Teacher Education in Myanmar) စီမံချက်" မှတစ်ဆင့် ထောက်ပံ့ပေးထားသည်။ ဤသင်ရိုးညွှန်းတမ်းရေးဆွဲရေးအတွက် ဘဏ္ဍာရေးအထောက်အပံ့များကို ဩစတြေးလျအစိုးရ၊ ဖင်လန်အစိုးရနှင့် ယူကေအစိုးရများကလည်း ပေးအပ်ထားပါသည်။ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (Japan International Cooperation Agency) အဖွဲ့နှင့်အတူ မူလတန်းအဆင့် သင်ရိုးညွှန်းတမ်းရေးဆွဲရေးအဖွဲ့ကလည်း အခြေခံပညာမူလတန်းအဆင့် သင်ရိုးညွှန်းတမ်းပြုပြင်ပြောင်းလဲရေးအဖွဲ့ (CREATE Project) စီမံချက် မှတစ်ဆင့် မူကြမ်းရေးဆွဲခြင်းလုပ်ငန်းစဉ်တွင် အစဉ်တစိုက် ပံ့ပိုးကူညီခဲ့သည်။

# မာတိကာ

နိဒါန်း .......... က
မာတိကာ .......... ဃ
ကျောင်းသားကိုင်စာအုပ်ကို မည်သို့အသုံးပြုရမည်နည်း။ .......... ၁
အခန်း ၃။ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ .......... ၁၃
၃.၁။ ဆရာနှင့် ကျောင်းသားတို့၏ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ .......... ၁၅
၃.၁.၁။ ကျောင်းအတွင်း ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ .......... ၁၆
ပြန်လည်ဆန်းစစ်ရန် မေးခွန်းများ .......... ၂၁
၃.၂။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားကောင်းတစ်ဦး၏ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ .......... ၂၂
၃.၂.၁။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ကြွသော နိုင်ငံသားဖြစ်မှု .......... ၂၃
ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ .......... ၂၈
၃.၃။ ရပိုင်ခွင့် တာဝန်ဝတ္တရားနှင့် ပတ်သက်သော မူလတန်းသင်ခန်းစာကို လေ့လာခြင်း။ .......... ၂၉
၃.၃.၁။ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားတို့၏ အဓိကဆိုလိုချက်နှင့်ဆိုင်သော မူလတန်းသင်ခန်းစာ .......... ၃၀
ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ .......... ၃၄
အခန်းဆုံးအနှစ်ချုပ် .......... ၃၅
အဓိကအချက်များ .......... ၃၅
အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း .......... ၃၆
ဆက်လက်ဖတ်မှတ်စရာများ .......... ၃၇
အခန်း ၄။ စည်းကမ်း .......... ၃၈
၄.၁။ နိုင်ငံသားကောင်းတစ်ဦး အနေဖြင့် ကိုယ့်စည်းကမ်းနှင့်ကိုယ် ပြုမူနေထိုင်ခြင်း..... ၄၀
၄.၁.၁။ ကိုယ့်စည်းကမ်းနှင့်ကိုယ် ပြုမူနေထိုင်ခြင်းနှင့် စည်းကမ်းတို့ကို နားလည်ခြင်း ၄၀
၄.၁.၂။ နိုင်ငံသားကောင်းတစ်ဦး ဖြစ်လာစေရန်စည်းမျဉ်းနှင့် နည်းဥပဒေများကို လိုက်နာကျင့်သုံးခြင်း .......... ၄၅

၄.၁.၃။ ဥပဒေများ ........................................ ၅၀
ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ ........................................ ၇၂
အခန်းဆုံးအနှစ်ချုပ် ........................................ ၇၃
အဓိကအချက်များ ........................................ ၇၃
အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း ........................................ ၇၄
ဆက်လက်ဖတ်မှတ်စရာများ ........................................ ၇၅
အခန်း ၅။ ငြိမ်းချမ်းစွာနေထိုင်ခြင်း ........................................ ၇၆
၅.၁။ ယဉ်ကျေးမှုနှင့် တိုင်းရင်းသားမျိုးနွယ်စုများ မတူကွဲပြားခြင်း ........................................ ၇၈
၅.၁.၁။ မြန်မာတိုင်းရင်းသားမျိုးနွယ်စုများအတွင်း ခြားနားမှုများ ........................................ ၇၈
ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ ........................................ ၈၅
၅.၂။ မတူကွဲပြားသော လူ့အဖွဲ့အစည်းတွင် ငြိမ်းချမ်းစွာ နေထိုင်ခြင်း ........................................ ၈၆
၅.၂.၁။ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ၏ အခြေခံယူဆချက် ........................................ ၈၇
၅.၂.၂။ မတူကွဲပြားသော မျိုးနွယ်စုတွင် ငြိမ်းချမ်းစွာနေထိုင်ခြင်း ........................................ ၉၅
၅.၂.၃။ ငြိမ်းချမ်းစွာနေထိုင်ခြင်း မူလတန်းသင်ခန်းစာ ........................................ ၁၀၆
ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ ........................................ ၁၁၀
အခန်းဆုံးအနှစ်ချုပ် ........................................ ၁၁၁
အဓိကအချက်များ ........................................ ၁၁၁
အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း ........................................ ၁၁၃
ဆက်လက်ဖတ်မှတ်စရာများ ........................................ ၁၁၄
အခန်း ၆။ စစ်ဆေးအကဲဖြတ်ခြင်း ........................................ ၁၁၆
၆.၁။ စာရိတ္တနှင့် ပြည်သူ့နီတိကို စစ်ဆေးအကဲဖြတ်သည့်နည်းလမ်းများ ........................................ ၁၁၇
၆.၁.၁။ စာရိတ္တနှင့် ပြည်သူ့နီတိသင်ယူမှုကို မည်သို့အကဲဖြတ်မည်နည်း ........................................ ၁၁၇
ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ ........................................ ၁၂၆
အခန်းဆုံးအနှစ်ချုပ် ........................................ ၁၂၇
အဓိကအချက်များ ........................................ ၁၂၇
အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း ........................................ ၁၂၈
ဆက်လက်ဖတ်မှတ်စရာများ ........................................ ၁၂၉

ခက်ဆစ်အဘိဓာန် ........................................................................................ ၁၃၀
ကျမ်းကိုးစာရင်း........................................................................................ ၁၃၄
နောက်ဆက်တွဲများ...................................................................................... ၁၃၉
လက်ကမ်းစာစောင် (၁) ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ.................................... ၁၄၀
လက်ကမ်းစာစောင် (၂) ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများအခန်းပါ
အကြောင်းအရာများ.................................................................................. ၁၄၁
လက်ကမ်းစာစောင် (၃) သင်၏စည်းကမ်းကို ဆန်းစစ်သုံးသပ်ပါ .......................... ၁၄၃
လက်ကမ်းစာစောင် (၄) စိတ်ကူးမျှော်မှန်း အခြေအနေများ................................. ၁၄၄
လက်ကမ်းစာစောင် (၅) ငြိမ်းချမ်းစွာ အတူနေထိုင်ရေးအခန်း၏
သင်ယူမှုရည်ရွယ်ချက်များ ......................................................................... ၁၄၆
လက်ကမ်းစာစောင် (၆) ယခင်ကာလနှင့် ယခုကာလ ယဉ်ကျေးမှု........................ ၁၄၈
လက်ကမ်းစာစောင် (၇) သရုပ်လက္ခဏာ ပန်းပွင့် ............................................ ၁၄၉

# ကျောင်းသားကိုင်စာအုပ်ကို မည်သို့အသုံးပြုရမည်နည်း

## ဤစာရိတ္တနှင့် ပြည်သူ့နီတိ ကျောင်းသားကိုင်စာအုပ်ကို မည်သူအသုံးပြုမည်နည်း။

ဤကျောင်းသားကိုင်စာအုပ်သည် ပညာရေးကောလိပ်ပထမနှစ်တွင် ကျောင်းသား[၁] တစ်ဦး အနေဖြင့် စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ်ကို သင်ယူရာတွင် လမ်းညွှန်အဖြစ် အသုံးပြုရန် ရည်ရွယ်ထားပါသည်။ ဤကျောင်းသားကိုင်စာအုပ်တွင် စာရိတ္တနှင့် ပြည်သူ့နီတိ၏ အခြေခံ အချက်အလက်များကို တွေ့မြင်နိုင်မည် ဖြစ်ပါသည်။ ဤကျောင်းသားကိုင်စာအုပ်တွင် သင်ယူမှု လုပ်ငန်းစဉ်များသာမက သင်သည် မြန်မာနိုင်ငံအတွင်း ထူးချွန်သော ဆရာတစ်ဦး ဖြစ်စေရန် အတွက် လိုအပ်သည့် ဗဟုသုတ၊ ကျွမ်းကျင်မှုများနှင့် ရပ်တည်ချက်သဘောထားများကို ပံ့ပိုး ပေးမည့် ရင်းမြစ်များကို အရေးကြီးသော လမ်းညွှန်အဖြစ်သာမက မိမိဘာသာလွတ်လပ်စွာ ကိုယ်တိုင်လေ့လာမှု လမ်းညွှန်အဖြစ်လည်း အသုံးပြုနိုင်ပါသည်။

ဤကျောင်းသားကိုင်စာအုပ်တွင် ပါဝင်သော အကြောင်းအရာများသည် ကျောင်းသားဖြစ်သော သင့်အတွက် ရည်ရွယ်ထားသော်လည်း စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ်မှ အရေးကြီးသော ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်လာစေရန် ကူညီလမ်းညွှန်ပြပေးမည့် သင်၏ ဆရာ[၂] အတွက်လည်း လမ်းညွှန်စာအုပ်တစ်အုပ်ဖြစ်ပါသည်။ ဤဘာသာရပ်တစ်ခုလုံးတွင် သင်နှင့် သင်၏ဆရာသည် ဤကျောင်းသားကိုင်စာအုပ်ကို သင်ယူမှုကိရိယာတစ်ခုအဖြစ် အတူလက်တွဲ လုပ်ဆောင်ကြရမည် ဖြစ်ပါသည်။

## စာရိတ္တနှင့် ပြည်သူ့နီတိကို မည်သည့်အချိန်နှင့် မည်သည့်နေရာတွင် သင်ယူရမည်နည်း။

လေးနှစ်သင် ပညာရေးကောလိပ်သင်ရိုးတွင် စာရိတ္တနှင့် ပြည်သူ့နီတိကို သင်ကြားရန် တစ်နှစ်လျှင် စာသင်ချိန် (၂၄) ချိန် ခွဲဝေသတ်မှတ်ထားပါသည်။ အတန်းများကို သင်၏ ပညာရေးကောလိပ်တွင် ပို့ချပါမည်။

[၁] ဤကျောင်းသားကိုင်စာအုပ်တွင်ဖော်ပြထားသော ကျောင်းသားသည် ပညာရေးကောလိပ်ကျောင်းသားများကို ရည်ညွှန်းပါသည်။
[၂] ဤကျောင်းသားကိုင်စာအုပ်တွင်ဖော်ပြထားသော ဆရာသည် ပညာရေးကောလိပ်ဆရာများကို ရည်ညွှန်းပါသည်။

## ပထမနှစ် စာရိတ္တနှင့် ပြည်သူ့နီတိ ကျောင်းသားကိုင်စာအုပ်တွင် မည်သည့်အရာများပါဝင်သနည်း။

ကျောင်းသားကိုင်စာအုပ် ဖွဲ့စည်းပုံနှင့် ပါဝင်သော အကြောင်းအရာများသည် လေးနှစ်သင် ပညာရေးကောလိပ်၏ စာရိတ္တနှင့် ပြည်သူ့နီတိ သင်ရိုးညွှန်းတမ်းနှင့်အညီ ဖြစ်ပါသည်။

ပထမနှစ် စာရိတ္တနှင့် ပြည်သူ့နီတိ ကျောင်းသားကိုင်စာအုပ်တွင် အောက်ဖော်ပြပါ သင်ခန်းစာ ခေါင်းစဉ်များပါဝင်ပါသည် -

- စာရိတ္တနှင့် ပြည်သူ့နီတိကို မိတ်ဆက်ပေးခြင်း။
- လူမှုရေးကျင့်ဝတ်။
- ရပိုင်ခွင့်နှင့် တာဝန်များ။
- စည်းကမ်း။
- ငြိမ်းချမ်းစွာ နေထိုင်ခြင်း။
- စစ်ဆေးအကဲဖြတ်ခြင်း။

အခန်းတစ်ခန်းစီတွင် သင်ခန်းစာခေါင်းစဉ်၏ ဗဟုသုတ၊ ကျွမ်းကျင်မှုနှင့် ရပ်တည်ချက် သဘောထားများကို ပိုမိုနက်ရှိုင်းလာရေးအတွက် သင်သည် သင်ယူမှုလုပ်ငန်းစဉ်များကို တစ်ဦးချင်းသော်လည်းကောင်း၊ သင်၏ အတန်းတူအဖော်များ သို့မဟုတ် သင်၏ ဆရာနှင့်သော်လည်းကောင်း လုပ်ဆောင်ရပါမည်။ အောက်ဖော်ပြပါ ဇယားသည် ကျောင်းသားကိုင်စာအုပ်၏ အခန်းတစ်ခန်းချင်းစီအတွက် မျှော်မှန်းထားသော သင်ယူမှုရလဒ်များနှင့် ခွဲဝေပေးထားသောအချိန်များကို ဖော်ပြထားပါသည်။

## ဇယား (က)။ ပထမနှစ်၊ ဒုတိယစာသင်နှစ်ဝက်၊ စာရိတ္တနှင့်ပြည်သူ့နီတိဘာသာရပ် မာတိကာ အကြောင်းအရာ

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ တတ် ကျွမ်းမှုစံ | အချိန် |
|---|---|---|---|---|---|
| ၃။ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ | ၃.၁။ ဆရာနှင့် ကျောင်းသားတို့၏ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ။ | ၃.၁.၁။ ကျောင်းအတွင်းရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ။ | • ဆရာနှင့် ကျောင်းသားတို့၏ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို ပြန်လည်သုံးသပ်တတ်မည်။ | က (၄.၁)<br>ဂ (၁.၁) | ၁ |
| | ၃.၂။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားကောင်းတစ်ဦး၏ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ။ | ၃.၂.၁။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ကြွသော နိုင်ငံသား ဖြစ်မှု။ | • ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ၏ အဓိပ္ပာယ်ကို ပြန်လည်သုံးသပ်ပြီး နိုင်ငံသားကောင်းတစ်ဦး၏ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများအား ကာကွယ်ခြင်းဆိုသည်မှာ မည်သို့ အဓိပ္ပာယ် သက်ရောက်သည်ကို သုံးသပ်တတ်မည်။ | က (၄.၁) | ၁ |
| | ၃.၃။ ရပိုင်ခွင့်၊ တာဝန်ဝတ္တရားများနှင့် ပတ်သက်သော မူလတန်းသင်ခန်းစာကို လေ့လာခြင်း။ | ၃.၃.၁။ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားတို့၏ အဓိက ဆိုလိုချက်နှင့် ဆိုင်သော မူလတန်းသင်ခန်းစာ။ | • မူလတန်းသင်ရိုးမှ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားတို့၏ ရည်ရွယ်ချက်ကို ဆွေးနွေးတတ်မည်။<br>• မူလတန်းကျောင်းသုံးစာအုပ်များကို ပြန်လည်သုံးသပ်ပြီး မူလတန်းသင်ရိုးညွှန်းတမ်းရှိ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ၏ ခေါင်းစဉ်များကို နားလည်သဘောပေါက်လာမည်။ | က (၁.၂)<br>က (၄.၁)<br>ခ (၁.၂) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ တတ် ကျွမ်းမှုစံ | အချိန် |
|---|---|---|---|---|---|
| ၄။ စည်းကမ်း | ၄.၁။ နိုင်ငံသား ကောင်းတစ်ဦး အနေဖြင့် ကိုယ့် စည်းကမ်းနှင့်ကိုယ် ပြုမူနေထိုင်ခြင်း။ | ၄.၁.၁။ ကိုယ့် စည်းကမ်းနှင့် ကိုယ်ပြုမူ နေထိုင်ခြင်းနှင့် စည်းကမ်းတို့ကို နားလည်ခြင်း။ | • ကိုယ့်စည်းကမ်းနှင့် ကိုယ် ပြုမူနေထိုင်ခြင်းနှင့် စည်းကမ်း၏ အဓိပ္ပာယ်ကို ဖော်ပြတတ်မည်။<br>• နိုင်ငံသားကောင်းနှင့် ဆရာကောင်းတစ်ဦး ဖြစ်လာစေရန် ကိုယ့် စည်းကမ်းနှင့် ကိုယ် ပြုမူနေထိုင်ခြင်းသည် မည်ကဲ့သို့ အခြေခံအချက် ဖြစ်သည်ကို နားလည် သဘောပေါက်လာမည်။ | က (၄.၁) | ၁ |
| | | ၄.၁.၂။ နိုင်ငံ သားကောင်း တစ်ဦးဖြစ်လာ စေရန် စည်းမျဉ်းနှင့် နည်းဥပဒေ များကိုလိုက်နာ ကျင့်သုံးခြင်း။ | • စည်းမျဉ်းနှင့် နည်း ဥပဒေများ၏ အဓိပ္ပာယ် သတ်မှတ်ချက်နှင့် ယင်းတို့ စည်းကမ်းနှင့် ဆက်စပ်ပုံကို ဖော်ပြတတ်မည်။<br>• ဆရာကောင်းတစ်ဦး ဖြစ်လာစေရန် စည်းမျဉ်း နှင့် နည်းဥပဒေများ လိုအပ်ပုံကို ဆွေးနွေး တတ်မည်။ | က (၄.၁)<br>ဂ (၁.၂) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ တတ် ကျွမ်းမှုစံ | အချိန် |
|---|---|---|---|---|---|
| | | ၄.၁.၃။ ဥပဒေများ | • ဥပဒေ၏ အဓိပ္ပာယ် ဖွင့်ဆိုချက်နှင့် ၎င်းသည် စည်းမျဉ်း၊ နည်းဥပဒေများ နှင့် မည်သို့ဆက်စပ် နေသည်ကို နားလည် သဘောပေါက်လာမည်။<br>• အမျိုးသားပညာရေး ဥပဒေ၏ အရေးပါမှုနှင့် ထိုဥပဒေ၏ ပညာရေး ဆိုင်ရာ အလေ့ အကျင့်များတွင် အကျိုးသက်ရောက်မှု များကို ဆွေးနွေးတတ် မည်။ | က (၁.၂)<br>က (၄.၁)<br>ခ (၁.၂) | ၁ |
| ၅။ ငြိမ်းချမ်းစွာ နေထိုင်ခြင်း။ | ၅.၁။ ယဉ်ကျေးမှုနှင့် တိုင်းရင်းသား မျိုးနွယ်စုများ မတူကွဲပြားခြင်း။ | ၅.၁.၁ ။ မြန်မာ တိုင်းရင်းသား မျိုးနွယ်စုများ အတွင်း ခြားနားမှု များ။ | • ခြားနားသော မျိုးနွယ်စု၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို နားလည်ခြင်းအား သရုပ်ပြတတ်မည်။<br>• တိုင်းရင်းသား အမျိုးမျိုးတို့၏ မတူကွဲပြားသော ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို ဖော်ပြတတ်မည်။ | က (၄.၁)<br>ဂ (၃.၃) | ၁ |
| | ၅.၂။ မတူကွဲပြားသော လူ့အဖွဲ့အစည်း တွင် ငြိမ်းချမ်းစွာ နေထိုင်ခြင်း။ | ၅.၂.၁။ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ၏ အခြေခံ ယူဆချက်။ | • ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ၏ အခြေ ခံယူဆချက်နှင့် လက်တွေ့ဘဝတွင် တည်ရှိနေပုံကို ရှင်းပြတတ်မည်။ | က (၄.၁)<br>ဂ (၃.၃) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ တတ် ကျွမ်းမှုစံ | အချိန် |
|---|---|---|---|---|---|
| | | ၅.၂.၂။ မတူကွဲပြားသော မျိုးနွယ်စုတွင် ငြိမ်းချမ်းစွာ နေထိုင်ခြင်း။ | • ခြားနားသော မျိုးနွယ် စုများအတွင်း ငြိမ်းချမ်းစွာ အတူတကွ နေထိုင်ရန် လိုအပ်ပုံကို ဆွေးနွေးတတ်မည်။ | က (၄.၁)<br>ဂ (၃.၃) | ၁ |
| | | ၅.၂.၃။ ငြိမ်းချမ်းစွာ နေထိုင်ခြင်း မူလတန်း သင်ခန်းစာ။ | • အတန်းအလိုက် အကြောင်းအရာများ ချိတ်ဆက်ပုံကို ဆွေးနွေးတတ်မည်။<br>• မူလတန်း အဆင့်တွင် ငြိမ်းချမ်းစွာ နေထိုင်ခြင်း ကို သင်ကြားရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းပြတတ်မည်။<br>• ငြိမ်းချမ်းစွာ နေထိုင်ခြင်းကို သင်ကြားရန် သင်ယူမှု လုပ်ငန်းများနှင့် နည်းလမ်းများကို သတ်မှတ်တတ်မည်။ | က (၁.၂)<br>က (၄.၁)<br>ခ (၁.၂) | ၁ |
| ၆။ စစ်ဆေး အကဲဖြတ် ခြင်း။ | ၆.၁။စာရိတ္တနှင့် ပြည်သူ့နီတိကို စစ်ဆေးအကဲဖြတ် သည့် နည်းလမ်းများ။ | ၆.၁.၁။ စာရိတ္တနှင့် ပြည်သူ့နီတိ သင်ယူမှုကို မည်သို့အကဲဖြတ် မည်နည်း။ | • မူလတန်းအဆင့်၌ စာရိတ္တနှင့် ပြည်သူ့ နီတိဘာသာရပ်တွင် အသုံးပြုရန် စစ်ဆေး အကဲဖြတ်ခြင်းနည်း လမ်းများအကြောင်း ရှင်းပြတတ်မည်။ | က (၄.၁)<br>ခ (၂.၁)<br>ခ (၂.၂) | ၂ |
| စုစုပေါင်းစာသင်ချိန် | | | | | ၁၂ |

စာရိတ္တနှင့် ပြည်သူ့နီတိ၏ အလုံးစုံသော ရည်ရွယ်ချက်မှာ မြန်မာ့စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ်တန်ဖိုးများနှင့် ရပ်တည်ချက်များကို နမူနာပြခြင်းမှတစ်ဆင့် သင်ကြားပေးနိုင်ရန်၊ လိုအပ်သော တတ်ကျွမ်းမှုများကို သင့်အားဖြည့်ဆည်း ပြင်ဆင်ပေးနိုင်ရန် ရည်ရွယ်ပါသည်။ တန်ဖိုးများနှင့် ရပ်တည်ချက်များကို အခြေခံပညာကျောင်းများ၏ စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ်တွင် မြှင့်တင်ပေးထားပါသည်။ သင်သည် ကျွန်တော်တို့ နေထိုင်သော ကမ္ဘာကြီးနှင့် အိမ်၊ ကျောင်း၊ လူ့အသိုက်အဝန်း၊ တိုင်းပြည်နှင့် ကမ္ဘာလောကတို့ အချင်းချင်း ဆက်စပ်နေမှုတို့ကို ပိုမိုနက်ရှိုင်းစွာ နားလည်သဘောပေါက်လာမည် ဖြစ်ပါသည်။ စာရိတ္တနှင့် ပြည်သူ့နီတိသည် လူမှုရေးနှင့် စာရိတ္တပိုင်းဆိုင်ရာ တန်ဖိုးများနှင့် တာဝန်ယူမှု၊ လူ့အသိုက်အဝန်း ပါဝင်ဆက်စပ်မှု နှင့် နိုင်ငံရေးဆိုင်ရာ သိနားလည်မှုတို့ကို အလေးပေးထားပါသည်။ ကျောင်းသားများ၏ လိုအပ်ချက်အမျိုးမျိုးနှင့်အညီ သင်ကြားပေးမှုကို အလိုက်သင့် ပြောင်းလဲပေး နိုင်သော ဆရာတစ်ဦး ဖြစ်စေရန်အတွက် ကျောင်းသားများ၏ သင်ခန်းစာခေါင်းစဉ်ပါ သင်ယူမှုရလဒ်များနှင့် ကျောင်းသားများ အောင်မြင်ပေါက်မြောက်စေရန် အထောက်အကူပြုပေးသော ဆန်းသစ် တီထွင်သော လုပ်ရပ်များ မည်ကဲ့သို့ ဖွံ့ဖြိုးတိုးတက်စေရမည်ကို သင်သည် သင်ယူနေရန် လိုအပ်ပါသည်။ သင်သည် ကျောင်းသားများ၏ အသက်အရွယ်နှင့် ဒေသဆိုင်ရာ လိုအပ်ချက်နှင့် ကိုက်ညီသော သင်ထောက်ကူပစ္စည်းများကို မည်ကဲ့သို့ ဖန်တီးရမည်ကို သိလာမည်။

ဤကျောင်းသားကိုင်စာအုပ်ပါ အကြောင်းအရာများသည် သင် စာသင်ခန်းအတွင်းတွင် ဘာလုပ်နိုင်သည်၊ ဘာသိသင့်သည် စသည့် မျှော်မှန်းချက်များကို ရှင်းရှင်းလင်း ဖော်ပြထားသည့် မြန်မာဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင် (Teacher Competency Standard Framework – TCSF) ကို အခြေခံထားပါသည်။ အလေးပေးရမည့် စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ်နှင့် ဆိုင်သော ဆရာ၏ တတ်ကျွမ်းမှုမှာ အောက်ပါတို့ ပါဝင်ပါသည် -

**ဇယား (ခ)။ စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ်၊ ဆရာများအတွက် အဓိကတတ်ကျွမ်းမှုစံသတ်မှတ်ချက်များ**

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| (က-၁) ကျောင်းသားများ မည်သို့သင်ယူသည်ကိုသိသည်။ | (က) (၁.၂) ကျောင်းသားများ၏ တစ်ဦးချင်း သင်ယူမှုလိုအပ်ချက်နှင့် ကိုက်ညီမည့် သင်ကြားနည်း အမျိုးမျိုးကို နားလည်သဘောပေါက်ကြောင်းပြသသည်။ | (က) (၁.၂.၁) ပိုမိုကောင်းမွန်စွာ သင်ယူနိုင်ရေး အတွက် အထူးသင်ယူမှု လိုအပ်ချက်ရှိသော သင်ယူသူများ အပါအဝင် နောက်ခံအကြောင်းအရာ အမျိုးမျိုး (ကျား၊ မ၊ တိုင်းရင်းသားမျိုးနွယ်စု၊ ယဉ်ကျေးမှု) နှင့် စွမ်းရည်အမျိုးမျိုးရှိသော ကျောင်းသားများအား ပံ့ပိုးကူညီနိုင်မည့် သင်နည်းအမျိုးမျိုးကို ဖော်ထုတ်သတ်မှတ်သည်။<br><br>(က) (၁.၂.၂) ကျောင်းသားများ၏ ရှိပြီးအသိပညာ၊ အတွေ့အကြုံများကို အယူအဆသစ်များနှင့် ချိတ်ဆက်ဖို့ အထောက်အကူပြုနိုင်ရန် ထိထိမိမိ အလေးထားပြီး ရှေ့နောက်အစီအစဉ်တကျ ဆောင်ရွက်ထားသည့် သင်ယူမှုလုပ်ငန်းများကို ဖော်ထုတ်သတ်မှတ်သည်။ |
| (က-၄) သင်ရိုးညွှန်းတမ်း အကြောင်း သိသည်။ | (က)(၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည်သဘောပေါက်ကြောင်း ပြသသည်။ | (က) (၄.၁.၁) အဆင့်အလိုက်၊ အတန်းအလိုက်၊ ဘာသာရပ်အလိုက် သင်ကြားသော မူလတန်း သင်ရိုးညွှန်းတမ်းသင်ယူမှု၏ အဓိကအသိသညာများ၊ အကြောင်းအရာများ၊ သင်ယူမှု ဦးတည်ချက်များနှင့် သင်ယူမှုရလဒ်များကို ဖော်ပြသည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| (ခ-၁) သင်ကြားမှု နည်းဗျူဟာအမျိုးမျိုးကို အသုံးပြု၍ သင်ရိုးညွှန်း တမ်းအကြောင်း အရာကို သင်ကြား သည်။ | (ခ) (၁.၂) သင်ကြား၊ သင်ယူမှုတွင် ပညာရေးဆိုင်ရာ နည်းပညာများနှင့် နည်းဗျူဟာ အမျိုးမျိုးကို အသုံးပြု သင်ကြားနိုင်စွမ်းရှိကြောင်းပြသည်။ | (ခ) (၁.၂.၁) အတန်းတွင်း အခြေအနေ၊ အတန်းအရွယ်အစား၊ အတန်းအမျိုးအစားတို့ အတွက်သင့်လျော်ကိုက်ညီသော သင်ကြားနည်းများ၊ သင်ယူမှု နည်းဗျူဟာများကို အသုံးပြုသည်။ |
| | (ခ) (၁.၃) ကျောင်းသားများ၏ သင်ယူနိုင်မှုစွမ်းရည်၊ အတွေ့ အကြုံတို့နှင့် ကိုက်ညီသော သင်ပြမှုပုံစံကို ကောင်းမွန်စွာ ရေးဆွဲပြင်ဆင်နိုင်ကြောင်း ပြသည်။ | (ခ)(၁.၃.၁) စာသင်ချိန်အားလုံးကို ထိရောက်စွာ အသုံးပြုနိုင်ရန် သင်ခန်းစာကို ဖွဲ့စည်းပြင်ဆင်သည်။<br><br>(ခ)(၁.၃.၂) ကျောင်းသားများ သင်ယူမှုတွင် စိတ်ဝင်စားမှုရှိရန်၊ ၎င်းတို့၏ သင်ယူလို စိတ်ကို လှုံ့ဆော်နိုင်ရန်၊ ယခင်သင်ယူပြီး သော အကြောင်းအရာများကို သင်ယူမှု အသစ်များနှင့် ချိတ်ဆက်နိုင်ရန် သင်ခန်းစာကို နိဒါန်းပျိုးပေးသည်။<br><br>(ခ)(၁.၃.၃) ကျောင်းသားများ၏ စိတ်ဝင်စားမှုများ၊ အတွေ့အကြုံများကို တုံ့ပြန်ပေးနိုင်ပြီး၊ သင်ယူမှုနယ်ပယ်များကို ပေါင်းစပ်မှုရှိသည့် အစီအစဉ်တကျရှိသော၊ ထိထိမိမိအလေးထားသော သင်ယူမှု အတွေ့အကြုံများကို ကြိုတင်ပြင်ဆင်သည်။ |
| (ခ -၂) ကျောင်းသား များ၏ သင်ယူမှုကို စစ်ဆေး အကဲဖြတ် ခြင်း၊ လေ့လာကြီး ကြပ်ခြင်းနှင့် အစီ ရင်ခံခြင်း။ | (ခ) (၂.၁) ကျောင်းသား၏ သင်ယူမှုကို လေ့လာကြီးကြပ် တည့်မတ်ပေးရန်နှင့် စစ်ဆေး အကဲဖြတ်နိုင်ရန် စွမ်းရည်များကို ပြသသည်။ | (ခ) (၂.၁.၁) ကျောင်းသားများ၏ သင်ယူမှုရလဒ်များကို ပေါက်မြောက် အောင်မြင်ရန် အထောက်အကူပေးရန် အတွက် သင်ခန်းစာ၏ အစိတ်အပိုင်းတစ်ခု အနေဖြင့် စစ်ဆေးအကဲဖြတ်နည်းများကို သုံးသည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| | (ခ) (၂.၂) စစ်ဆေးအကဲဖြတ်မှု မှတ်တမ်း (အသေးစိတ်) ထားရှိပြီး၊ ထိုစစ်ဆေးအကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များကို ကျောင်းသားများ သင်ယူမှုတိုးတက်ရေးအတွက် လမ်းညွှန်သဖွယ် အသုံးပြုနိုင်ကြောင်းပြသည်။ | (ခ) (၂.၂.၁) ကျောင်းသားများ၏ သင်ယူဖွံ့ဖြိုးတိုးတက်မှု အခြေအနေကို တိကျမှန်ကန်စွာ မှတ်တမ်းထားသည်။<br><br>(ခ) (၂.၂.၃) ကျောင်းသားများ၏ သင်ယူမှု၊ တိုးတက်မှု အခြေအနေများနှင့် ပေါက်မြောက်အောင်မြင်မှုများကို မိဘများ၊ အခြားပညာပေးသူများနှင့် ဆက်သွယ် ပြောဆိုသည်။ |
| (ဂ- ၁) ဆရာ အတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအတွက် အကျိုးပြု တာဝန် ထမ်းဆောင်သည်။ | (ဂ) (၁.၁) မြန်မာတို့၏ ထုံးတမ်းစဉ်လာအရ စံနမူနာပြပုဂ္ဂိုလ် ဖြစ်သည့် ဆရာတစ်ယောက်တွင် ရှိရမည့် တန်ဖိုးထားမှုများနှင့် သဘောထားများကို လက်ခံ ကျင့်သုံးနိုင်ကြောင်း ပြသနိုင်သည်။ | (ဂ) (၁.၁.၁) မြန်မာနိုင်ငံရှိဆရာများ လိုက်နာကျင့်သုံးသည့် ကျင့်ဝတ် (၅)သွယ် အပါအဝင် ဆရာ့အတတ်ပညာဆိုင်ရာကျင့်သုံးရမည့်ကျင့်ဝတ်များ၊ စည်းမျဉ်း စည်းကမ်းများကို လိုက်နာသည်။ |
| | (ဂ) (၁.၂) ဆရာအဖြစ် အသက်မွေးဝမ်းကျောင်းပြုရာတွင် မိမိ၏ လက်တွေ့သင်ကြားမှုကို လွှမ်းမိုးနေသော နောက်ခံစိတ်ကူး အတွေးအခေါ်များကို နားလည်ကြောင်း ပြသသည်။ | (ဂ)(၁.၂.၁) သင်ကြား၊ သင်ယူမှုဆိုင်ရာ ချဉ်းကပ်နည်းနှင့် သက်ဆိုင်သည့် သဘောတရားများနှင့် အယူအဆများကို ဖော်ထုတ်သတ်မှတ်သည်။<br><br>(ဂ)(၁.၂.၂) မိမိကိုယ်ပိုင်သင်ကြား၊ သင်ယူမှုဆိုင်ရာ ချဉ်းကပ်နည်းများကို ဖော်ပြသည်။ |
| (ဂ- ၃) ကျောင်းသား အားလုံး ပညာရေး အရည်အသွေးမြင့်မား စေရန်နှင့် ပညာ သင်ယူခွင့် မျှတမှု ရှိစေရန် မြှင့်တင်ဆောင်ရွက်သည်။ | (ဂ) (၃.၃) ကျောင်းသားများ၏ ကွဲပြားခြားနားသော ယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့် ကမ္ဘာ့နိုင်ငံသား ဖြစ်မှုအကြောင်းအရာများကို နားလည်နိုင်ရန်အတွက် ပြုစုပျိုး ထောင်ပေးနိုင်စွမ်းရှိကြောင်းပြသည်။ | (ဂ) (၃.၃.၁) ရေရှည်တည်တံ့မှု၊ တန်းတူညီမျှမှု၊ တရားမျှတမှု၊ ကျောင်းသားများ၏ အခွင့်အရေးများ၊ တာဝန်များ နှင့်ပတ်သက်သည့် အယူအဆများကို စာသင်ခန်း၊ ကျောင်းအခြေပြု လုပ်ငန်းများတွင် ပေါင်းစပ်ဆောင်ရွက်နိုင်သည်။ |

*ရင်းမြစ်။* မြန်မာနိုင်ငံဆရာများအတွက် တတ်ကျွမ်းမှု စံ သတ်မှတ်ချက် အညွှန်းဘောင် (TCSF)၊ လုပ်ငန်းခွင်၌ စတင် တာဝန်ထမ်းဆောင်သော ဆရာများ၊ အင်္ဂလိပ်ဘာသာမူကြမ်း (၃.၂)၊ (၂၀၁၉ မေလ) (စာ ၃၀ မှ ၃၆ အထိ)

## ဤကျောင်းသားကိုင်စာအုပ်ကို မည်သို့အသုံးပြုမည်နည်း။

ဤကျောင်းသားကိုင်စာအုပ်ကို မိမိကိုယ်တိုင်သင်ယူလေ့လာနိုင်ရန်နှင့် စာသင်ခန်းအတွင်း ဆရာကူညီပံ့ပိုးပေးသော သင်ယူမှုလုပ်ငန်းများတွင် ကိုးကားရန် အသုံးပြုနိုင်သည်။ ကျောင်းသားကိုင်စာအုပ်၏ အခန်းတစ်ခန်းစီကို အောက်ပါအတိုင်း ဖွဲ့စည်းထားသည်။

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ။** သင်ယူမှုရလဒ်များကို အခန်းတစ်ခန်းနှင့် သင်ခန်းစာ တစ်ခုချင်းစီ၏ အစတွင် ဖော်ပြထားသည်။ မျှော်မှန်းထားသော ရလဒ်များသည် သင်ခန်းစာတစ်ခုနှင့် အခန်းတစ်ခုသင်ယူပြီးစီးသည့် အချိန်တွင် သင်မည်သည်တို့ကို သိသင့်သည်နှင့် မည်သည်တို့ကို လုပ်နိုင်စွမ်းရှိလာမည် ဆိုသည်ကို ညွှန်ပြသည်။

**သင်ယူရမည့်အကြောင်းအရာများ။** အခန်းတစ်ခန်းစီတွင် သင်ယူရမည့် အကြောင်းအရာများကို အခန်းငယ်များနှင့် သင်ခန်းစာများအဖြစ် ပိုင်း၍ ဖော်ပြသည်။ ၎င်းတို့တွင် အရေးပါသည့် ဘာသာရပ် အကြောင်းအရာများ ခြုံငုံပါဝင်သည်။


**သင်ယူမှုလုပ်ငန်းများ။** ကျောင်းသားကိုင်စာအုပ်တွင်ပါဝင်သော သင်ယူမှုလုပ်ငန်းများသည် ခေါင်းစဉ်နှင့်ပတ်သက်၍ သင်တို့တစ်ဦးချင်း သင်ယူရရှိလိုက်သော အသိပညာနှင့် နားလည်သဘောပေါက်မှုအပေါ် ပိုမိုနက်ရှိုင်းစွာ စွဲမြဲသွားရန် ထည့်သွင်းထားခြင်းဖြစ်သည်။ သင်တို့၏ ဆရာကလည်း စာသင်ခန်းအတွင်း သင်ယူမှုလုပ်ငန်းများကို ပံ့ပိုးကူညီပေးမည်ဖြစ်သည်။ ထိုလုပ်ငန်းများသည် တစ်ဦးချင်း၊ နှစ်ဦးတစ်တွဲ၊ အုပ်စုငယ်ဖွဲ့၊ တစ်တန်းလုံး ပါဝင်သော လုပ်ငန်းများဖြစ်နိုင်သည်။ သင်ယူမှုလုပ်ငန်းအားလုံးသည် သင်ခန်းစာ၏ မျှော်မှန်းထားသော သင်ယူမှုရလဒ်အောင်မြင်ပေါက်မြောက်စေရန်အတွက် ရည်ရွယ်ပြီး ရေးဆွဲထားသောလုပ်ငန်းများ ဖြစ်ကြသည်။



**ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ။** ပြန်လည်ဆန်းစစ်ရန်မေးခွန်းများကို အခန်းတွင် ပါဝင်သော အကြောင်းအရာများအပေါ် သင်တို့၏ နားလည်မှုကို စစ်ဆေးရန် သို့မဟုတ် စာမေးပွဲဖြေဆိုရာတွင် အထောက်အကူပြုရန် လေ့လာနိုင်သည်။



**အခန်းဆုံးအနှစ်ချုပ်။** အခန်းတစ်ခုလုံးကို အကျဉ်းချုပ်ပြီး တင်ပြခြင်းဖြစ်သည်။ အဓိက အချက်များကို အသိပေးဖော်ပြထားခြင်းဖြစ်သည်။



**အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း။** သင်တို့၏သင်ယူမှုများကို မှတ်မိရန်၊ အသုံးချရန်၊ အခြားဘာသာရပ် သင်ယူမှုနယ်ပယ်များ၊ နေ့စဉ်ဘဝများနှင့် ဆက်စပ်ကြည့်ရန် တမင်အချိန်ယူ စဉ်းစားရန် သို့မဟုတ် ပြန်လည်သုံးသပ်ရန် ဖြစ်ပါသည်။



**ဆက်လက်ဖတ်မှတ်စရာများ။** သက်ဆိုင်သော အခန်းများအလိုက် ဖတ်စရာ ထပ်ဆောင်းရင်းမြစ်များနှင့် ပတ်သက်သော အကြံပြုချက်များကို ဖော်ပြထား ပါသည်။ သင်ခန်းစာ ခေါင်းစဉ်နှင့် စပ်လျဉ်းပြီး သင်ကိုယ်တိုင် ပိုမိုသိရှိနားလည် ရန်အတွက် ဤရင်းမြစ်များကို အသုံးပြုနိုင်သည် (သို့မဟုတ်) ကျောင်းသားများကို ဤရင်းမြစ်များအား စာကြည့်တိုက်၊ အင်တာနက် (သို့မဟုတ်) ပညာရေး ကောလိပ်၏ အွန်လိုင်းစာကြည့်တိုက်တွင် ရှာဖွေရန် တိုက်တွန်းအားပေးပါသည်။

ကျောင်းသားကိုင်စာအုပ်၏ နောက်ဆုံးတွင် **ခက်ဆစ်အဘိဓာန်** ပါရှိသည်။ ကျောင်းသားကိုင် စာအုပ်တစ်အုပ်တွင် သင်တို့အတွက် အသစ်အဆန်းဖြစ်နိုင်သော စာလုံးများ၊ ဝေါဟာရများကို အက္ခရာစဉ် အလိုက် အဓိပ္ပာယ် ရှင်းလင်းချက်နှင့်တကွ ဖော်ပြထားသည်။ ကျောင်းသားကိုင် စာအုပ် တစ်အုပ်လုံးတွင် အသုံးပြုခဲ့သော **ကျမ်းကိုးစာရင်း**ကို မူလရင်းမြစ်များနှင့်တကွ ဖော်ပြထားကြောင်း တွေ့ရပါလိမ့်မည်။

ဤဘာသာရပ်ကို သင်ယူရန် သင်တို့၏ ဆရာက ပံ့ပိုးကူညီပေးပါလိမ့်မည်။ အကယ်၍ သင်နားမလည်သော အကြောင်းအရာရှိပါက သင်တို့၏ ဆရာကိုမေးရန် သို့မဟုတ် အတန်းဖော် များကိုမေးရန် သတိရပါ။ ပညာရေးကောလိပ် ကျောင်းသားတစ်ဦး အနေဖြင့် ပညာရေးကောလိပ်၏ ပူးပေါင်းဆောင်ရွက်သည့် သင်ယူမှု ဝန်းကျင်တွင် ရွယ်တူအဖော်များနှင့် ဆရာ၏လမ်းညွှန်မှုဖြင့် သင်ကြားမှု အရည်အသွေးများကို ရယူရန် ဖြစ်ပါသည်။

# အခန်း ၃

# ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ

ဤအခန်းတွင် ကျောင်းအဖွဲ့အစည်းဝင်များ အနေဖြင့်သော်လည်းကောင်း၊ နိုင်ငံသားများ အနေဖြင့်သော်လည်းကောင်း သင်တို့ ဆည်းပူးရရှိခဲ့သော ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ၏ အပြန်အလှန်ဆက်စပ်နေသော သဘောသဘာဝကို အသေးစိတ် လေ့လာကြမည်ဖြစ်ပါသည်။ စာသင်ခန်းအတွင်းတွင် ဤရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို လေးစားခြင်းနှင့် လက်တွေ့ကျင့်သုံးခြင်း ရှိ၊ မရှိကို သိရှိနားလည်နိုင်ရန် ဆရာနှင့် ကျောင်းသားများ၏ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားတို့ကို ရှင်းလင်းစွာ နားလည်နိုင်ရန် ဤအခန်းက ပံ့ပိုးပေးထားပါသည်။ ဒီမိုကရေစီ စနစ်တွင် တွေ့ကြုံရလေ့ရှိသည့် လူတစ်ဦးချင်းစီ၏ လွတ်လပ်ခွင့်နှင့် အများကောင်းကျိုးတို့ ထိပ်တိုက်ရင်ဆိုင်မှုဖြစ်သော အချိန်တွင် လူတစ်ဦးချင်းစီ၏ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားတို့သည် အရေးကြီး အခန်းကဏ္ဍတွင် ပါဝင်ကြောင်းကို ဤအခန်းတွင် ဆွေးနွေးကြမည် ဖြစ်ပါသည်။ နိုင်ငံသားကောင်း စိတ်ဓာတ်သည် လိုက်နာကျင့်သုံးရမည့် အရာဖြစ်သလို နိုင်ငံသားတစ်ဦး၏ ဂုဏ်အင်္ဂါရပ်တစ်ခုဖြစ်ကြောင်းကို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကပါဝင်သူများဖြစ်သည့် နိုင်ငံသားကောင်းများ၏ ကောင်းမြတ်သော လုပ်ဆောင်မှုများနှင့် လက္ခဏာများကို လေ့လာရင်းဖြင့် သင်ယူရမည် ဖြစ်သည်။ ဤအခန်းကို မူလတန်းအဆင့် ရပိုင်ခွင့်များနှင့် တာဝန်ဝတ္တရားများ သင်ခန်းစာညွှန်ကြားချက်နှင့် သင်ရိုးညွှန်းတမ်းကို လေ့လာခြင်းဖြင့် အဆုံးသတ်ထားပါသည်။

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤအခန်းကို သင်ယူပြီးချိန်တွင် သင်သည် -**

- ဆရာနှင့် ကျောင်းသားတို့၏ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို ပြန်လည်သုံးသပ်တတ်မည်။
- ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ၏ အဓိပ္ပာယ်ကို ပြန်လည်သုံးသပ်ပြီး နိုင်ငံသားကောင်းတစ်ဦး၏ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများအား ကာကွယ်ခြင်းဆိုသည်မှာ မည်သို့ အဓိပ္ပာယ်သက်ရောက်သည်ကို သုံးသပ်တတ်မည်။
- မူလတန်းသင်ရိုးမှ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားတို့၏ ရည်ရွယ်ချက်ကို ဆွေးနွေးတတ်မည်။
- မူလတန်းကျောင်းသုံး စာအုပ်များကို ပြန်လည်သုံးသပ်ပြီး မူလတန်းသင်ရိုးညွှန်းတမ်းရှိ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ၏ ခေါင်းစဉ်များကို နားလည်သဘောပေါက်လာမည်။

# ၃.၁။ ဆရာနှင့် ကျောင်းသားတို့၏ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ

ကလေး၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် တာဝန်ရှိမှုကို မိဘများနှင့် အတူမျှဝေယူထားခြင်းဖြင့် ဆရာသည် လူ့အဖွဲ့အစည်းတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ သို့ရာတွင် သင်ကြားရေးသည် ကျောင်းသားများ သင်ခန်းစာကို အမှန်တကယ် သင်ယူတတ်မြောက်ရန်၊ စာသင်ခန်းအတွင်း၌ လေးစားခံရပြီး ဘေးကင်းလုံခြုံမှု ရှိသည်ဟု ခံစားရစေရန်မှာ ဆရာတစ်ဦး၏ တာဝန်ဟု ဥပဒေကလည်း ပြဋ္ဌာန်းထားပြီး ဆရာ၏စိတ်အတွင်း၌လည်း ထိုသို့ခံယူထားသော တာဝန်ယူစိတ် နှင့်အတူ တွဲဖက်နေသည့် အတတ်ပညာ ဖြစ်ပါသည်။ ထိုနည်းတူ ကျောင်းအဖွဲ့အစည်းဝင်များတွင်လည်း ဆရာများနှင့်ပတ်သက်၍ ဥပဒေနှင့် စာရိတ္တဆိုင်ရာ ဝတ္တရားများ ရှိပါသည်။ ဤအခန်းငယ်တွင် ဆရာနှင့် ကျောင်းသားများတွင် ရှိအပ်သော အဓိကရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို ခြုံငုံသုံးသပ်ထားပါသည်။ ကျောင်းများတွင် ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို အမှန်တကယ် လေးစားလျက် လက်တွေ့ကျင့်သုံးနိုင်ရန် လိုက်နာရမည့် စည်းမျဉ်းနှင့် နည်းဥပဒေများ ချမှတ်ထားနိုင်သော်လည်း၊ လိုက်နာရမည့် စည်းမျဉ်းနှင့် ချမှတ်မထားသော အခြေအနေမျိုးတွင် သင့်အနေဖြင့် ယင်းရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို (အမှန်တကယ် လေးစားလျက် လက်တွေ့ကျင့်သုံးနိုင်ရန်) နားလည်ထားရန် လိုအပ်ပါသည်။

## ၃.၁.၁။
## ကျောင်းအတွင်း ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ

### မျှော်မှန်းထားသော သင်ယူမှုရလဒ်

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -

- ဆရာနှင့် ကျောင်းသားတို့၏ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို ပြန်လည်သုံးသပ်တတ်မည်။

### ဆရာများ၏ ရပိုင်ခွင့်

ဆရာများသည် ပညာရေးစနစ်တွင် အဓိကဖန်တီးသူများဖြစ်ရာ စာသင်ခန်းအတွင်းဖြစ်ပေါ်သော သင်ယူမှုအတွက် ကြီးမားသောတာဝန်ကို ထမ်းဆောင်နေသူများ ဖြစ်ပါသည်။ သူတို့သည် ကျောင်းအဖွဲ့အစည်းရှိ အခြားသော အဖွဲ့ဝင်များ၏ လေးစားမှုကို ခံယူထိုက်ကြသူများ ဖြစ်ပါသည်။ ပထမဆုံးအနေဖြင့် ဆရာများသည် အခြားနိုင်ငံသားများကဲ့သို့ပင် လွတ်လပ်စွာဖော်ထုတ်ပြောဆိုခွင့်နှင့် ခွဲခြားဆက်ဆံခံရမှုမှ ကင်းလွတ်ခွင့် အစရှိသော နိုင်ငံသားတို့၏ ရပိုင်ခွင့်ကို ရရှိပါသည်။ သို့ရာတွင် ဆရာများသည် ငယ်ရွယ်နုနယ်သေးသော သင်ယူသူများ၏ စံပြပုဂ္ဂိုလ်ဖြစ်သည့်အားလျော်စွာ ကျောင်းပရဝဏ် အတွင်းတွင်မူ ဆရာများအပေါ်တွင် သာမန် နိုင်ငံသားတစ်ဦးအပေါ်ထားသော စံနှုန်းများထက် ပို၍ မြင့်မားသော စံနှုန်းများနှင့် မျှော်လင့်ချက်များ ထားလေ့ရှိပါသည်။ ဥပမာ - ဆရာတစ်ဦးသည် စာသင်ချိန်ကို သင်ရိုးညွှန်းတမ်းနှင့် မပတ်သက်သော ပြင်ပအကြောင်းအရာများကို ပြုလုပ်ခြင်းဖြင့် ကုန်ဆုံးစေမည် ဆိုပါက ယင်းသည် ကျောင်းသားများ၏ ရပိုင်ခွင့်ကို ပိတ်ပင်ရာကျပါသည်။ အဘယ်ကြောင့် ဆိုသော် ထိုသို့ပြုလုပ်ခြင်းသည် ကျောင်းသားများ၏ သင်ယူမှုရည်မှန်းချက်များ ရရှိရေးကို အတားအဆီး ဖြစ်စေသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် စာသင်ကျောင်းများသည် သင့်တော်သော အကြောင်းပြချက်များဖြင့် ဆရာ၏ ရပိုင်ခွင့်များကို ကန့်သတ်နိုင်ပါသည်။ ထို့အပြင် ဆရာများတွင် စာသင်ကြားခြင်းနှင့် ပတ်သက်၍ တန်ဖိုးကြီးလှသော အသိမြင်များရှိသည့် အားလျော်စွာ သင်ယူမည့် အကြောင်းအရာများနှင့် သင်ယူမှုနည်းလမ်းများကို ဆီလျော်အောင်ပြုပြင်ခြင်း စသောကိစ္စရပ်များတွင် ပြောရေးဆိုခွင့်ရှိခြင်း

စသည့် ပညာရေးဆိုင်ရာ ဆုံးဖြတ်ပိုင်ခွင့်အာဏာအချို့ကို ဆရာများအား အပ်နှင်းထားသင့်ပါသည်။ ထို့အပြင် ဆရာများသည် သူတို့၏ အတတ်ပညာဆိုင်ရာ တာဝန်ယူမှု ခေါင်းစဉ်အောက်မှ ကိစ္စရပ်များကို ကျောင်းသားမိဘအသင်းကဲ့သို့သော အခြား ကျောင်းအဖွဲ့အစည်းဝင်များ၏ ဝင်ရောက်စွက်ဖက်မှုမပါဘဲ ကိုင်တွယ်ဖြေရှင်းနိုင်သည့် အခွင့်အရေး ရှိပါသည်။ ဆရာများသည် ထိရောက်သော သင်ကြားရေးနှင့် သင်ကြားမှုရပ်ဝန်းကို အထောက်အကူပေးသော အပြုသဘော ဆောင်ပြီး ဘေးကင်းလုံခြုံမှုရှိသည့်နေရာတွင် အလုပ်လုပ်ကိုင်ခွင့်လည်း ရှိပါသည်။ (ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း၊ ယူနက်စကို -၁၉၆၇)

## ဆရာ၏ တာဝန်ဝတ္တရားများ

အရည်အသွေးမီသောပညာရေးကို သင်ကြားပေးရန်မှာ ဆရာတစ်ဦး၏ အခြေခံအကျဆုံး တာဝန်ဝတ္တရား ဖြစ်ပါသည်။ ယင်း တာဝန်ဝတ္တရားကြောင့် ဆရာများသည် သူတို့၏ သင်ကြားမှုဆိုင်ရာ တတ်ကျွမ်းမှုနှင့် ဆရာအတတ်ပညာဆိုင်ရာ ဖွံ့ဖြိုးမှုအတွက် နည်းလမ်းများကို တက်ကြွစွာ သင်ယူရေးအတွက် သူတို့ကိုယ်တိုင် တာဝန်ရှိပါသည်။ သင်ယူမှုတွင် ကျောင်းသားအားလုံး ပါဝင်လာစေရန်နှင့် ကျောင်းသားများ၏ အမျိုးမျိုးသော သင်ယူမှုလိုအပ်ချက်နှင့် နောက်ခံအခြေအနေတို့ကိုထည့်သွင်းစဉ်းစားကာ ကျောင်းသားအားလုံးပါဝင်ရေးကို တိုက်တွန်းပေးရေးသည်လည်း ဆရာများတွင် တာဝန်ရှိပါသည်။ (ကမ္ဘာ့ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့၊ ယူနီဆက်/ ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း၊ ယူနက်စကို -၂၀၁၇) ထို့ပြင် ဆရာများသည် ကျောင်းသားတစ်ဦး တစ်ယောက် (သို့မဟုတ်) တစ်စုတစ်ဖွဲ့ကို ခွဲခြားဆက်ဆံခြင်း (သို့မဟုတ်) မျက်နှာသာပေးခြင်းကို (စာသင်ခန်းတွင်း၌ ကျင့်သုံးခြင်း မရှိစေရန် သေချာစွာစီမံပြီး၊ အချင်းချင်း အပြန်အလှန် လေးစားသည့် ယဉ်ကျေးမှုကို တိုးမြှင့်ပေးရမည်ဖြစ်သည်။

## ကျောင်းသားများ၏ ရပိုင်ခွင့်များ

ကျောင်းသားများ၏ ရပိုင်ခွင့်ကို နားလည်စေရန် ကျွန်ုပ်တို့သည် မြန်မာနိုင်ငံအပါအဝင် နိုင်ငံအတော်များများက တရားဝင် သဘောတူညီပြီးဖြစ်သော နိုင်ငံတကာ ဥပဒေအရလည်း စည်းနှောင်မှု ရှိသော ကလေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်[၇] ကို ပြန်လည်ရည်ညွှန်းရန် လိုပါသည်။ ယင်းသဘောတူစာချုပ်တွင် ကျောင်းများအပါအဝင် အဖွဲ့အစည်းများသည် အသက် (၁၈) အောက် ကလေးများ၏ ရပိုင်ခွင့်ကို လေးစားရမည်ဟု သတ်မှတ်ထားပါသည်။ ပုဒ်မ (၂၈)နှင့် (၂၉) တွင် ပညာရေးနှင့် သက်ဆိုင်သော ကလေးများ၏ ရပိုင်ခွင့်ကို အသေးစိတ်ဖော်ပြထား ပါသည်။

### ပုဒ်မ ၂၈ (ပညာရေး ရပိုင်ခွင့်)

ကလေးများ ပညာရေးမှ အကျိုးအမြတ် ရစေရန်အတွက် ကျောင်းများကို အကြမ်းဖက်မှုမပါစေဘဲ စနစ်တကျ ဖွင့်လှစ်ထားရမည်ဟု ဖော်ပြပါရှိပါသည်။ ကျောင်းစည်းကမ်း၏ မည်သည့်ပုံစံမဆို ကလေးများ၏ ဂုဏ်သိက္ခာကို ထည့်သွင်းစဉ်းစားရပါမည်။ ငယ်ရွယ်သူများကို သူတို့တတ်စွမ်း သလောက် အမြင့်ဆုံးပညာရေးအဆင့်ကို ရောက်ရှိအောင် တွန်းအားပေးသင့်ပါသည်။

### ပုဒ်မ ၂၉ (ပညာရေး ရည်မှန်းချက်)

ကလေးများ၏ ပညာရေးသည် ကလေးများ၏ ကိုယ်ရည်ကိုယ်သွေး၊ ပင်ကိုစွမ်းရည်နှင့် စွမ်းဆောင်ရည်များကို အပြည့်စုံဆုံး ဖွံ့ဖြိုးတိုးတက်စေရပါမည်။ ပညာရေးသည် ကလေးများကို သူတို့၏ ကိုယ်ပိုင်နှင့် အခြားသူများ၏ ယဉ်ကျေးမှုများ၊ လူ့အခွင့်အရေးနှင့် အခြားသူများကို လေးစားတတ်စေရန် တွန်းအားပေးသင့်ပါသည်။ ယင်းသည် ငြိမ်းချမ်းစွာ နေထိုင်တတ်စေရန်၊ ပတ်ဝန်းကျင်ကို ထိန်းသိမ်းတတ်စေရန်နှင့် အခြားသူများကို လေးစားတတ်စေရန် စသည်တို့ကို သင်ယူရေးအတွက် အထောက်အကူပြုသင့်ပါသည်။

[၇] United Nations. (1989). *Convention on the rights of the child.* Retrieved from https://www.unhcr.org/

## ကျောင်းသားများ၏ တာဝန်ဝတ္တရားများ

ကျောင်းသားများသည် သူတို့၏ ပညာရေးအတွက် ရပိုင်ခွင့် (ပညာသင်ကြားခွင့်) ရရန် ကြိုးပမ်းအားထုတ်စရာ မလိုပေ၊ သို့သော် ယင်းပညာရေးတွက် ရပိုင်ခွင့် (ပညာသင်ကြားခွင့်) နှင့် အတူ လိုက်ပါလာသော တာဝန်ဝတ္တရားကို သတိပြုမိရန် လိုအပ်ပါသည်။ ကျောင်းသားများသည် အပြုသဘောဆောင်သောသင်ယူမှု ပတ်ဝန်းကျင်ကို ရရှိသင့်သကဲ့သို့ သူတို့ကိုယ်တိုင်ကလည်း သူတို့၏ အပြုအမူများသည် ပတ်ဝန်းကျင်အနှောင့်အယှက်မဖြစ်ရန်နှင့် အခြားအတန်းဖော်များ၏ အခွင့်အရေးကို လျစ်လျူမရှုမိစေရန် တာဝန်ရှိပါသည်။ ထိုနည်းတူ မိမိ၏ ထင်မြင်ယူဆချက်ကို အတန်းဖော်များက နားထောင်ပေးသကဲ့သို့ အပြန်အလှန်အနေဖြင့် ကျောင်းသားများသည် အခြားသူများ၏ ထင်မြင်ယူဆချက်များကို နားထောင်ပေးရန် လိုအပ်ပါသည် (ကမ္ဘာ့ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့၊ ယူနီဆက်/ ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံ နှင့် ယဉ်ကျေးမှုအဖွဲ့အစည်း၊ ယူနက်စကို -၂၀၁၇) ဆရာများနှင့် ကျောင်းသားများ မိမိတို့ တစ်ဦးချင်းစီ၏ ကိုယ်ပိုင်ရပိုင်ခွင့်နှင့် အခြားသူများ၏ ကိုယ်ပိုင်ရပိုင်ခွင့်အား အသိအမှတ်ပြုခြင်းကို တစ်ဦးကိုတစ်ဦး အပြန်အလှန် လေးစားသည့် ယဉ်ကျေးမှုတွင် တွေ့မြင်ရလေ့ရှိပါသည်။ ဆရာများကို ကိုယ်ထိလက်ရောက် ကျူးကျော်ရန်စမှုမှ ကာကွယ်ရန် ကျောင်းသားများကို တာဝန်ပေးခြင်းအားဖြင့် အကြမ်းဖက်မှုမှ ကာကွယ်ရန် အခွင့်အရေးကို ဆရာများအတွက်လည်း သုံးနိုင်ပါသည်။ ထို့ပြင် ဆရာများသည် အရည်အချင်းပြည့်မီသော ပညာရေးကို ပေးစွမ်းနိုင်ရန် သူတို့၏ သင်ကြားရေးတာဝန်ကို အမြင့်မားဆုံးထမ်းဆောင်ရန် တာဝန်ရှိသလို ကျောင်းသားများသည်လည်း အတန်းတက်ရန်နှင့် သူတို့အတွက် ပြင်ဆင်ထားသော သင်ယူမှုလုပ်ငန်းစဉ်တွင် ပါဝင်ရန် တာဝန်ရှိပါသည်။

### သင်ယူမှုလုပ်ငန်း (၁)

- ပေးထားသော အချက်အလက်စာရွက်မှ ကလေးအခွင့်အရေးဆိုင်ရာ သဘောတူ စာချုပ်တွင် ဖော်ပြထားသော အခြားရပိုင်ခွင့်များကို ဖတ်ပါ။
- ပုဒ်မ (၁၂၊ ၁၃ သို့ ၁၄ )ကို ရွေးချယ်ပါ။ ဖော်ညွှန်းထားသော ရပိုင်ခွင့်များကို စာသင်ခန်း အတွင်းတွင် ဆရာနှင့်အခြားဆက်စပ်နေသည့် ကျောင်းသားများမှ မည်ကဲ့သို့ လေးစား ရမည်ကို စဉ်းစားပါ။ သင်၏အဖြေကို အောက်တွင်ဖော်ပြထားသော အကွက်တွင်ရေးပါ။
- ဤရပိုင်ခွင့်များ နောက်တွင် မည်သည့်တာဝန်ဝတ္တရားများ လိုက်ပါလာမည်ကိုစဉ်းစားပါ။

ကလေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်ပါ အချက်အလက်များစာရွက်[၉]

**ပုဒ်မ (၁၂)** ကလေးများ၏ အယူအဆ၊ အမြင်များကို လေးစားပါ။ အရွယ်ရောက်ပြီး သူများသည် ကလေးများ အပေါ် အကျိုးသက်ရောက်မည့် ဆုံးဖြတ်ချက်များ ချမှတ်သောအခါ ကလေးများသည် ၎င်းတို့၏ အတွေးဘာဖြစ်သင့်သည်ဟု သူတို့တွေးမိသည်ကို ပြောဆိုရန် အခွင့်အရေးရှိပြီး သူတို့၏ထင်မြင်ယူဆချက်ကို ထည့်သွင်းစဉ်းစားပေးရမည့် အခွင့်အရေးရှိပါသည်။ ဤသည်မှာ ကလေးများသည် သူတို့၏ မိဘများကို ဘာလုပ်ပါဟု ပြောနိုင်သည်ဟု မဆိုလိုပါ။ ဤသဘောတူစာချုပ်သည် အရွယ်ရောက်ပြီးသူများက ဆုံးဖြတ်ချက်ချမှတ်ရာတွင် ကလေးများ၏ ထင်မြင်ယူဆချက်ကို နားထောင်ရန်နှင့် ကလေးများကို (သူတို့အတွက် ဆုံးဖြတ်ချက်ချရာတွင်) ပါဝင်စေရန် အားပေးတိုက်တွန်းခြင်းသာဖြစ်ပြီး အရွယ်ရောက်ပြီးသူများထက် ကလေးသူငယ်များအား လုပ်ပိုင်ခွင့်ပေးခြင်း မဟုတ်ပါ။ ပုဒ်မ (၁၂) သည် ကလေးများအပေါ် အကျိုးသက်ရောက်စေသော ကိစ္စရပ်များတွင် မိဘများ၏ ရပိုင်ခွင့် လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်ခြင်း မဟုတ်ပါ။ ထို့အပြင် သဘောတူစာချုပ်သည် ကလေး၏ (၎င်းအပေါ် အကျိုးသက်ရောက်မည့်) ဆုံးဖြတ်ချက်များ ချမှတ်သောအခါ ပါဝင်မှုအဆင့်သည် ကလေး၏ ရင့်ကျက်မှု အဆင့်နှင့် လိုက်လျောညီထွေမှုရှိရန် လိုအပ်ကြောင်းကိုလည်း အသိအမှတ်ပြုထားပါသည်။ ၎င်းတို့၏ထင်မြင်ယူဆချက်ကို ဖော်ပြနိုင်သော စွမ်းရည်သည် အသက်နှင့်အလိုက် ဖွံ့ဖြိုးလာပါသည်။ ဖွဲ့စည်းဖော်ပြရန် ကလေးများ၏ စွမ်းရည်များသည် အသက်နှင့်အမျှ ဖွံ့ဖြိုးလာပါသဖြင့် အရွယ်ရောက်ပြီးသူအများစုသည် မူကြိုကျောင်းသားများ၏ အတွေးအမြင်၊ ယူဆချက်များထက် ဆယ်ကျော်သက်များ၏ အတွေးအမြင်၊ ယူဆချက်များကို ပိုမိုအလေးထား ထည့်တွက်စဉ်းစားလေ့ရှိသည်ကို မိသားစုတွင်ဖြစ်စေ၊ ဥပဒေရေးရာကိစ္စ (သို့) အုပ်ချုပ်မှုရေးရာ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင်ဖြစ်စေ တွေ့မြင်ရလေ့ရှိပါသည်။

**ပုဒ်မ(၁၃)** (လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်)။ သတင်းအချက်အလက်သည် ကလေးများနှင့် အခြားသူများကို မထိခိုက်သရွေ့ သူတို့သည် သတင်းအချက်အလက်များကို ရယူ၊ ကြားသိခွင့်နှင့် ဖြန့်ဝေခွင့် ရှိပါသည်။ ကလေးများသည် ၎င်းတို့၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကျင့်သုံးစဉ်တွင် အခြားသူများ၏ လုပ်ပိုင်ခွင့်/ရပိုင်ခွင့်၊ လွတ်လပ်ခွင့်နှင့် ဂုဏ်သိက္ခာကို လေးစားရန် တာဝန်ရှိပါသည်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်တွင် ကလေးများသည် သတင်းအချက်အလက်များကို စကားပြောဆိုခြင်း၊ စာရေးသားခြင်း နှင့် ပုံဆွဲခြင်းအစရှိသဖြင့် သူတို့ရွေးချယ်ထားသော နည်းလမ်းတစ်ခုခုဖြင့် (သတင်းအချက်အလက်များကို) ဖြန့်ဝေခွင့်ရှိခြင်းတို့ ပါဝင်ပါသည်။

[၉] United Nations Children's Fund. (n.d.). *What is the Convention on the rights of the child? The world's most widely ratified human rights treaty in history.* Retrieved from https://www.unicef.org/

**ပုဒ်မ (၁၄)** (လွတ်လပ်စွာ တွေးခေါ်ခွင့်၊ ယုံကြည်ကိုးကွယ်ခွင့်)။ ကလေးများသည် အခြားသူများ သူတို့၏ ရပိုင်ခွင့်များကို အနှောင့်အယှက် အဟန့်အတား မပြုသရွေ့ သူတို့နှစ်သက်သည့် အရာကို လွတ်လပ်စွာ တွေးခေါ် ယုံကြည်ခွင့်နှင့် ကိုးကွယ်ခွင့်ရှိပါသည်။ မိဘများသည် ဤကိစ္စရပ်များအတွက် သူတို့၏ ကလေးများကို လမ်းညွှန်ကူညီမှုပြုသင့်ပါသည်။ ကလေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်သည် ဘာသာရေးဆိုင်ရာ နှင့် စာရိတ္တပိုင်းဆိုင်ရာ လမ်းညွှန်မှုပေးခြင်းကဏ္ဍတွင် မိဘများ၏ အခွင့်အရေးနှင့် တာဝန်ဝတ္တရားကို လေးစားအသိအမှတ်ပြုပါသည်။ ကမ္ဘာပေါ်ရှိ ဘာသာရေးအုပ်စုများကလည်း ကလေးအခွင့်အရေးဆိုင်ရာ သဘောစာချုပ်သည် မည်သည့်နည်းနှင့်မျှ မိဘများက ကလေးများကို ဘာသာရေး ဓလေ့ထုံးစံများအတွင်း ကြီးပြင်းစေမှုကို တားဆီးခြင်းမပြုထားသည့်အပေါ် ထောက်ခံမှုပြုကြပါသည်။ တစ်ချိန်တည်းမှာပင် ကလေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်အရ ကလေးများသည် ရင့်ကျက်လာပြီး သူတို့ကိုယ်ပိုင် ထင်မြင် ယူဆချက်များကို ဖွဲ့စည်းဖော်ပြလာနိုင်သည် နှင့်အမျှ အချို့ကလေးများက အချို့သော ယဉ်ကျေးမှု ဓလေ့ထုံးစံများ (သို့မဟုတ်) ဘာသာရေးဆိုင်ရာ အလေ့အထများကို မေးခွန်းထုတ် လာနိုင်သည်ကိုလည်း အသိအမှတ်ပြုထားပါသည်။ ကလေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်တွင် ကလေးများ၏ မိမိတို့၏ယုံကြည်မှုများကို စစ်ဆေးနိုင်ခွင့်ကို ထောက်ခံထားသော်လည်း ကလေးများ သူတို့ယုံကြည်မှုကို ထုတ်ဖော်ခွင့်ရှိခြင်းဆိုသည်မှာ အခြားသူများ၏ ရပိုင်ခွင့်များနှင့် လွတ်လပ်ခွင့်များကို လေးစားခြင်းဟု ဆိုလိုကြောင်းကိုလည်း ဖော်ပြထားပါသည်။

## ပြန်လည်ဆန်းစစ်ရန် မေးခွန်းများ

၁။ ဆရာတစ်ဦး၏ လွတ်လပ်စွာပြောဆိုခွင့်သည် အဘယ်ကြောင့် စာသင်ခန်းအတွင်းတွင် ကန့်သတ်ခံရပါသနည်း။

၂။ ကလေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်ဆိုသည်မှာ အဘယ်နည်း။

၃။ အောက်ဖော်ပြပါ ဝါကျကို သင်မည်ကဲ့သို့ အဆုံးသတ်မည်နည်း ။

"ဆရာများသည် သင်ယူမှုတွင် ကျောင်းသား အားလုံးပါဝင်လာစေရန် နှင့် ကျောင်းသားများ၏ အမျိုးမျိုးသော သင်ယူမှုလိုအပ်ချက်နှင့် နောက်ခံအခြေအနေတို့ကို ထည့်သွင်းစဉ်းစားကာ ကျောင်းသားအားလုံးပါဝင်ရေးကို တိုက်တွန်းပေးရန် တာဝန်ရှိသလို ကျောင်းသားများ တွင်လည်း ______________________________

__ရန် တာဝန်ရှိသည်" ။

# ၃.၂။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားကောင်းတစ်ဦး၏ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ

ကျွန်ုပ်တို့သည် အုပ်စုဖွဲ့ပြီး ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် သိသာထင်ရှားသော တိုးတက်မှုများရရှိနိုင်သည်ကို ယခင်အခန်းငယ်များတွင် လေ့လာပြီးဖြစ်ပါသည်။ ဤသို့ ကွဲပြားခြားနားသည့် လူတစ်ဦးချင်းစီပါဝင်သော အဖွဲ့များတွင် ပေါင်းစည်းညီညွတ်မှုနှင့် သဘောတူညီချက်များ ရရှိရန်အတွက် အဖွဲ့ဝင်များအနေဖြင့် ၎င်းတို့၏ တစ်ဦးချင်းလွတ်လပ်ခွင့် အစိတ်အပိုင်းအချို့ကို စွန့်လွှတ်ရမည်ဖြစ်သည်။ ဤသည်ကိုလည်း အချို့သော ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို အသိအမှတ်ပြုခြင်းအားဖြင့် သဘောတူညီမှု ရရှိနိုင်ပါသည်။ ဤအခန်းငယ်တွင် မြန်မာနိုင်ငံသားများတွင် ရှိသော ရပိုင်ခွင့်နှင့် တာဝန်များကို လေ့လာသွားမည်ဖြစ်ပါသည်။ ဤအခန်းငယ်တွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ကြွသောနိုင်ငံသားဖြစ်မှုမှတစ်ဆင့် မည်ကဲ့သို့ ပံ့ပိုးပေးနိုင်မည်ကိုလည်း စူးစမ်းလေ့လာကြမည်ဖြစ်ပါသည်။ တက်ကြွသောနိုင်ငံသားဖြစ်မှုသည် ကျွန်ုပ်တို့၏ ရပိုင်ခွင့်များကို လူမှုရေးနှင့် နိုင်ငံရေးတွင်ပါဝင်ရန် တွန်းအားပေးသည့်အပြင်နှင့် တိုင်းပြည်၏ နိုင်ငံတော်ဆိုင်ရာ အရေးကိစ္စများတွင် စုပေါင်းတာဝန်ရှိမှုဟူသော နားလည်ခံယူမှု (ဆင်ခြင်တုံတရား) ကိုလည်း ဖြစ်ပေါ်စေပါသည်။

# ၃.၂.၁။
# တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ကြွသော နိုင်ငံသားဖြစ်မှု

## မျှော်မှန်းထားသော သင်ယူမှုရလဒ်

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -**

- ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ၏ အဓိပ္ပာယ်ကို ပြန်လည်သုံးသပ်ပြီး နိုင်ငံသားကောင်းတစ်ဦး၏ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများအား ကာကွယ်ခြင်းဆိုသည်မှာ မည်သို့ အဓိပ္ပာယ် သက်ရောက်သည်ကို သုံးသပ်တတ်မည်။

## နိုင်ငံသားတစ်ဦး၏ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားဆိုသည်မှာ အဘယ်နည်း။

သင်၏ရပိုင်ခွင့် ဆိုသည်မှာ သင့်တွင် မည်သည့်အရာများ ရှိသင့်သည်၊ မည်သည်တို့ကို လုပ်ဆောင်ရမည် စသည်ကို ဆိုလိုခြင်း ဖြစ်သော်လည်း ကန့်သတ်ချက်မထားရှိပဲ လူတိုင်းကို ရပိုင်ခွင့်များအားလုံးပေးခြင်းသည် ပြဿနာဖြစ်နိုင်ပါသည်။ ထို့အတွက်ကြောင့် ရပိုင်ခွင့် အပ်နှင်းခြင်းခံရသူများသည် အခြားသူများ၏ ရပိုင်ခွင့်ကို လေးစားဖို့ လိုအပ်ပါသည်။ ဥပမာ - လူတိုင်းသည် ကောင်းကောင်းစားရန် အခွင့်အရေးရှိပါသည်။ သို့သော် အခြားလူများစားရန် လုံလောက်သော အစာမကျန်သည်ထိ အလွန်အကျွံ မစားသုံးရန်လည်း တာဝန်ဝတ္တရားရှိပါသည်။

ထို့ကြောင့် ရပိုင်ခွင့်တိုင်းသည် ယင်းနှင့် ဆက်စပ်နေသည့် တာဝန်ဝတ္တရားနှင့် အတူတွဲလျက်ရှိပါသည်။ ထိုနည်းတူစွာ လူပေါင်းများစွာ မှီတင်းနေထိုင်နေကြသော နိုင်ငံတစ်နိုင်ငံတွင် ငြိမ်းချမ်း၍ သာယာဝပြောရန်အတွက် ရပိုင်ခွင့်အခွင့်အရေးနှင့် တာဝန်ဝတ္တရားကို ထိုနိုင်ငံရှိ နိုင်ငံသားတိုင်းက နားလည်သဘောပေါက်ပြီး လက်ခံကျင့်သုံးရန် လိုအပ်ပါသည်။

ကျွန်ုပ်တို့သည် နိုင်ငံတစ်နိုင်ငံအတွင်း မွေးဖွားလာသည့်အခါ ထိုလူမှုအဖွဲ့အစည်း၏ အဖွဲ့ဝင် အလိုအလျောက် ဖြစ်လာပါသည်။ မြန်မာ့ လူ့အဖွဲ့အစည်းတွင် တောင်ဖက်တွင် အက်ဒမန်ပင်လယ်အထိမှ မြောက်ဖက်တွင် ဟိမဝန္တာ တောင်တန်းအထိ ပျံ့နှံ့ နေထိုင်ကြသော သန်း ၅၀ ကျော်သော နိုင်ငံသားများ ပါဝင်ပါသည်။ အဖွဲ့ဝင်များသည် ကွဲပြားခြားနားသော ယဉ်ကျေးမှုနှင့် ဘာသာရေးမှ ဆင်းသက်လာကြပြီး အဖွဲ့ဝင်များသည် ၁၀၀ ကျော်သော ဘာသာ စကားထဲမှ တစ်မျိုးမျိုးကို ပြောဆိုကြပါသည်။ ကျွန်ုပ်တို့ကို မြန်မာနိုင်ငံသားတစ်ဦးအနေဖြင့် ပေးအပ်ထားခြင်းခံရသော ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားတို့သည် မြန်မာနိုင်ငံတဝှမ်းတွင် မှီတင်းနေထိုင်ကြသော တစ်မြေတည်းနေ တစ်ရေတည်းသောက်ကာ အတူတကွ အလုပ်လုပ်ကိုင် နေထိုင်ကြရာတွင် မည်ကဲ့သို့ နေထိုင်လုပ်ကိုင်ရမည်ဟူသော လမ်းညွှန်ချက်များပင် ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံအတွင်းရှိ လူများ၏ ရပိုင်ခွင့်များသည် အစိုးရအဖွဲ့ကြောင့် တည်ရှိနေခြင်း မဟုတ်ဘဲ၊ အစိုးရအဖွဲ့က ကျွန်ုပ်တို့၏ (လူများ၏) ရပိုင်ခွင့်များကို ကာကွယ်မှုပေးရန်နှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေကဲ့သို့သော တရားဝင်စာရွက်စာတမ်းများနှင့် လက်တွေ့လုပ်ဆောင်မှုများ မှတစ်ဆင့် ကျွန်ုပ်တို့၏ တာဝန်ဝတ္တရားများကို ကျွန်ုပ်တို့ကိုယ်တိုင် တာဝန်ယူမှု/ တာဝန်ခံမှုရှိဖို့ ကြပ်မတ်ပေးရန် ကတိပြုခြင်း ဖြစ်ပါသည်။ ဒီမိုကရေစီစနစ်တွင် အစိုးရအဖွဲ့သည် ပြည်သူလူထုတစ်ရပ်လုံး၏ ကိုယ်စားလှယ်ဖြစ်သည့် အားလျော်စွာ အစိုးရအဖွဲ့ဆိုသည်မှာ ပြည်သူလူထုတစ်ရပ်လုံးကို ၎င်းတို့၏ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို လက်တွေ့လိုက်နာကျင့်သုံး အကောင်အထည် ဖော်နိုင်ရန် ကူညီပံ့ပိုးပေးသော အဖွဲ့အစည်းများမှ အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။

## ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ အတည်ပြုထားသော ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ။

မြန်မာနိုင်ငံ၏၂၀၀၈ ဖွဲ့စည်းပုံအခြေခံ[၅]ဥပဒေ အခန်း ၈ တွင် အသေးစိတ် ဖော်ပြထားသော နိုင်ငံသားတို့၏ ရပိုင်ခွင့်နှင့် တာဝန်များသည် စာရိတ္တပိုင်းဆိုင်ရာ အကျိုးဝင်မှုနှင့် တာဝန်များ သာမက သင့်ကို ကာကွယ်ပေးရန် (သို့) တရားစွဲဆိုရန် ဥပဒေပိုင်းဆိုင်ရာ စည်းနှောင်မှုများလည်း ပါဝင်ပါသည်။ အောက်ဖော်ပြပါ ဇယားသည် ရပိုင်ခွင့် နှင့် တာဝန် ဝတ္တရားများအားခြုံငုံသုံးသပ်ချက် ဖြစ်ပါသည်။

[၅] Government of the Republic of the Union of Myanmar. (2008). *Constitution of the Republic of the Union of Myanmar.* Retrieved from http://www.burmalibrary.org/

## ဇယား ၃.၁။ မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ။

| ရပိုင်ခွင့်များ |
| --- |
| • လူမျိုး၊ မွေးဖွားမှု၊ ဘာသာ၊ ရာထူး၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ လိင်၊ ချမ်းသာ ကြွယ်ဝမှု တို့ကို မှုတည်ပြီး ခွဲခြားဆက်ဆံခြင်းမခံရရေး ရပိုင်ခွင့်။<br>• အမျိုးသမီးများ တန်းတူညီမျှ အခွင့်အရေးရရှိရေးနှင့် အမျိုးသားများနည်းတူ လုပ်ခလစာရရှိရေး ။<br>• ပညာရေးနှင့် ဆေးကုသမှု ခံယူပိုင်ခွင့်။<br>• မြန်မာနိုင်ငံအတွင်း မည်သည့်ဒေသတွင်မဆို အခြေချနေထိုင်ခွင့်။<br>• လွတ်လပ်စွာ ရေးသားထုတ်ဖော်ခွင့်။<br>• လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်။<br>• စာပေနှင့် ယဉ်ကျေးမှုတို့ကို တိုးတက်အောင် လုပ်ဆောင်ခွင့်။<br>• ပစ္စည်းဥစ္စာများကို လွတ်လပ်စွာ သိုဝှက်ထိန်းသိမ်းခွင့်။<br>• အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်နှင့် လွတ်လပ်စွာ စီးပွားရေးလုပ်ခွင့်။ |
| **တာဝန်ဝတ္တရားများ** |
| • နိုင်ငံမပြိုကွဲရေးအတွက်ထိန်းသိမ်းရန် တာဝန်။<br>• တိုင်းရင်းသားများစည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲစေရန် နှင့် ငြိမ်းချမ်းတည်ငြိမ်မှု ခိုင်မာစေရန်။<br>• ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တစ်ရပ်ပေါ်ထွန်းရေး သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှု ထိန်းသိမ်းရေး၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပေးရန်။<br>• နိုင်ငံရေးအတွက် ဘာသာရေးကို အလွဲသုံးစား မလုပ်ရန်။<br>• ဥပဒေနှင့်အညီ အခွန်အခများ ပေးသွင်းရန်။<br>• ပြည်သူပိုင် ပစ္စည်းများကို ထိန်းသိမ်းကာကွယ်ရန်။ |

## ဖွံ့ဖြိုးတိုးတက်မှုဆိုသည်မှာ အဘယ်နည်း

ဖွံ့ဖြိုးတိုးတက်မှု ဆယ်စုနှစ် လုပ်ငန်းစဉ်များ အဆိုပြုချက် ဟု အမည်ပေးထားသော အစီရင်ခံစာ တစ်စောင်တွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ အတွင်းရေးမှူးချုပ်ဟောင်းဦးသန့်က "ဖွံ့ဖြိုးတိုးတက်မှုသည် စီးပွားရေးအရ ကြီးထွားလာမှုသာမဟုတ်။ အပြောင်းအလဲများ ထပ်ပေါင်းထည့်ထားသော ကြီးထွားမှုဖြစ်သည်။ အပြောင်းအလဲဟုဆိုရာတွင်လည်း လူမှုရေး၊ ယဉ်ကျေးမှုနှင့် စီးပွားရေး စသည်တို့အပြင် တိုးတက်မှုပမာဏနှင့် အရည်အသွေးတန်ဖိုးတို့ ပါဝင်ပါသည်။ အဓိက သဘောတရားမှာ ဘဝ၏ အရည်အသွေး မြင့်မားစေရမည်" ဟုဖော်ပြခဲ့ပါသည်။ (ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ ၁၉၆၂)

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် စီးပွားရေးအရ ရေ့တန်းရောက်မှုထက် ကျော်လွန်ပြီး ယင်းနိုင်ငံသားများ၏ လူမှုဘဝဖူလုံရေးအတွက် စဉ်ဆက်မပြတ် ထိန်းသိမ်းထားနိုင်သော တိုးတက်နေမှုတို့က ပြသနေပါသည်။ ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းပြည်၏ ပြည့်စုံလုံလောက်သော သယ်ယူပို့ဆောင်ရေးစနစ်၊ လက်လှမ်းမီနိုင်သော ကျန်းမာရေးစောင့်ရှောက်မှုစနစ်၊ အလုပ်လက်မဲ့ နှုန်းနည်းခြင်း၊ မှုခင်းဖြစ်ပွားမှု လျော့နည်းခြင်း၊ ပြတ်တောက်မှုမရှိသော ဓာတ်အားပေးစနစ် စသည်တို့နှင့် ဖော်ပြနိုင်ပါသည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံသားများသည် အပြောင်းအလဲ၏ အရေးကြီးသော အစိတ်အပိုင်းအဖြစ် ဆောင်ရွက်ကြရပါမည်။

## တက်ကြွသောနိုင်ငံသားဖြစ်မှု

နိုင်ငံသားဖြစ်မှုသည် လူမှုအဆင့်အတန်းတစ်ခု ဖြစ်ရုံသာမက လက်တွေ့လိုက်နာကျင့်သုံးမှုလည်း ပါဝင်ကြောင်း နားလည်ထားရန် လိုအပ်ပါသည်။ တက်ကြွသော နိုင်ငံသားသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်ပါသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်မှု ဆိုသည်မှာ အသက်မွေးဝမ်းကျောင်း ပညာရပ်၊ နိုင်ငံရေးနှင့် လူတစ်ဦးချင်းစီနှင့် ဆိုင်သော အခြေအနေတို့တွင် ဖြစ်ပေါ်နိုင်ပါသည်။ တက်ကြွသော နိုင်ငံသားကောင်းများသည် တိုင်းပြည်၏ အရေးအရာများကို သတင်းရရှိနေရမည့်အပြင် ၎င်းတို့၏ ရပ်ရွာလူမှုအဖွဲ့အစည်းတွင် ဒီမိုကရေစီ အလေ့အကျင့်များဖြင့် ပြောင်းလဲမှုများ ဖော်ဆောင်ရာတွင် ပါဝင်ပတ်သက်ကြပါသည်။ သူတို့သည် သူတို့၏ နေ့စဉ်ဘဝ ကိစ္စအရေးများကိုသာ အာရုံစိုက်ကြသူများ မဟုတ်ဘဲ လူ့အသိုင်းအဝိုင်း တစ်ခုလုံးအတွက် အရေးကြီးသော ကိစ္စရပ်များကိုပါ အလေးထား အာရုံစိုက်ကြပါသည်။ သမိုင်းဝင်အဆောက်အဦများ ထိန်းသိမ်းခြင်း၊ ရပ်ရွာအတွင်း ရေပေးဝေမှု တိုးတက် ကောင်းမွန်ရေးစသည့် အများကောင်းကျိုးများ ဆောင်ရွက်ရာတွင် တက်ကြွစွာပါဝင်ခြင်း၊ စေတနာ့ဝန်ထမ်းများလုပ်ခြင်းတို့ဖြင့် ပါဝင်ကြသည်။ သူတို့သည် သူတို့၏ လိုအပ်ချက်နှင့် ကိစ္စရပ်များကို သူတို့ခေါင်းဆောင်ထံ ထုတ်ဖော်တင်ပြပြီး ရွေးကောက်ပွဲတွင် ပါဝင်ကြပါသည်။ နိုင်ငံသားကောင်းများသည် အနာဂတ် မျိုးဆက်များက သူတို့ခေတ်တွင် သူတို့၏ တိုင်းပြည်ကို ဆက်လက် အားဖြည့်နိုင်ရန် ဒီမိုကရေစီ တန်ဖိုးများကို ငယ်ရွယ်သော မျိုးဆက်သစ်များထံ လက်ဆင့်ကမ်းကြပါသည်။

ဗြိတိသျှနိုင်ငံသား လူမှုပေါ်လစီ ပါမောက္ခ ရှသ်လစ်စတာ (၁၉၉၈) ပြောကြားချက်အရ "နိုင်ငံသား ဆိုသည်မှာ အဖွဲ့အစည်းအတွက် လိုအပ်သော ရပိုင်ခွင့်များကို ရယူလျက် လူမှုရေး၊ နိုင်ငံရေးတွင် ပါဝင်ခြင်းကို ဆိုလိုသည်။ နိုင်ငံသားတစ်ဦးအနေဖြင့် ပြုမူခြင်းသည် အဆင့်အတန်း အတွက် ဖြစ်တန်စွမ်းရှိသော အရာအားလုံးကို ဖြည့်တင်းခြင်း ဖြစ်ပါသည်။"

နိုင်ငံသားများက အစိုးရ၏ လုပ်ဆောင်ချက်များအပေါ် ဝေဖန်သုံးသပ်နိုင်သည့် မြန်မာနိုင်ငံ ကဲ့သို့သော ဒီမိုကရေစီ နိုင်ငံမျိုးတွင် နိုင်ငံသားများသည် တည်ဆဲ မူဝါဒ (ပေါ်လစီ) နှင့် ဥပဒေများကို အကြောင်း သိရှိရန် မိမိဘာသာမိမိ ပညာလေ့လာသင်ယူရန် အလွန်အရေးကြီးပါသည်။ စွမ်းဆောင်နိုင်သော အစိုးရတစ်ရပ် ဖြစ်စေရန် နိုင်ငံသားများအနေဖြင့် ပြည်သူ့နီတိဆိုင်ရာ တာဝန် ဝတ္တရားများကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး လူထုစည်းဝေးပွဲများ တက်ရောက်ခြင်းနှင့် မဲပေးခြင်း အစရှိသဖြင့် ဒီမိုကရေစီနိုင်ငံတွင် ချမှတ်ပြဋ္ဌာန်းထားသည့် နည်းလမ်းများ၊ လမ်းစဉ်များကို ဖော်ဆောင်ခြင်းဖြင့် နိုင်ငံကို တိုးတက်အောင် ဆောင်ရွက်နိုင်သော စွမ်းအားများ ကျွန်ုပ်တို့တွင် ရှိပါသည်။

ထိုသို့ဖြင့် ဖွံ့ဖြိုးတိုးတက်မှုကို ထောက်ကူပေးနိုင်သော နိုင်ငံသားကောင်းတစ်ဦး၏ အထွေထွေ တာဝန်များသည် နိုင်ငံတော်နှင့် ပတ်သက်သည့် အရေးကိစ္စများကို အမြဲသိရှိနေရန်၊ ကျွန်ုပ်တို့၏ ရပိုင်ခွင့် အခွင့်အရေးနှင့် တာဝန်များကို နားလည်ရန်နှင့် ကျင့်သုံးရန်၊ တိုင်းပြည်အတွင်း နေထိုင်သောလူများ အတွက် အပြုသဘောဆောင် အပြောင်းအလဲများကို ဖော်ဆောင်ရာတွင် အဖွဲ့အစည်းအတွင်း မည်သည့်အဆင့်တွင်မဆိုပါဝင်ရန်၊ ဒီမိုကရေစီတွင် တက်ကြွသော နိုင်ငံသားများ ဖြစ်စေရန်အတွက် မျိုးဆက်သစ်များကို လမ်းညွှန်ပေးရန်တို့ ဖြစ်ပါသည်။

## သင်ယူမှုလုပ်ငန်း (၁)

၁။ အောက်တွင် ဖော်ပြထားသောကားချပ်တွင် သင်ခန်းစာမှ အရေးကြီးသော အကြံဉာဏ်များ၊ ဝေါဟာရနှင့် အချက်အလက်များ၊ သင်ခန်းစာမှ ယူဆချက်များကို သင်ရေးချနိုင်သော အကွက် လေးကွက် ပါဝင်ပါသည်။ အကွက်ထဲတွင် ပုံရေးဆွဲရပါမည်။

၂။ ဤအကွက်များသည် သင်၏အတန်းဖော်များကို ဉာဏ်စမ်းမေးခွန်းမေးရန် (သို့) စစ်ဆေး အကဲဖြတ်ရန် အသုံးပြုနိုင်သော လေ့လာမှုရေး ကဒ်ပြားများ ဖြစ်လာပါသည်။

| | |
|---|---|
| | |
| | |

## ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ

၁။ နိုင်ငံသားတို့၏ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများသည် မည်သည့်အတွက်ကြောင့် အရေးကြီးသနည်း။

၂။ သင်၏ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားတို့အတွက် အစိုးရမှ မည်သည်ကို လုပ်ဆောင်နိုင်သနည်း။

၃။ တက်ကြွသော နိုင်ငံသားများသည် သူတို့၏ အဖွဲ့အစည်း (သို့) နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်သည်ကို လုပ်ဆောင်နိုင်သနည်း။

# ၃.၃။ ရပိုင်ခွင့် တာဝန်ဝတ္တရားနှင့် ပတ်သက်သော မူလတန်းသင်ခန်းစာကို လေ့လာခြင်း။

ယခင် အခန်းငယ်များတွင် စာသင်ခန်းအတွင်းရှိ ဆရာများအနေဖြင့်သော်လည်းကောင်း၊ ကျောင်းသားများအနေဖြင့်သော်လည်းကောင်း၊ ပိုင်ဆိုင်ထားသည့် ရပိုင်ခွင့်၊ တာဝန်များနှင့် နိုင်ငံသားတစ်ဦးအနေဖြင့် ဤ နိုင်ငံအတွင်းတွင် ရရှိသည့် ရပိုင်ခွင့်နှင့် တာဝန်များကို လေ့လာပြီး ဖြစ်ပါသည်။ နိုင်ငံသားကောင်းတစ်ဦး အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်ရွေ့မည်မျှ ပါဝင်ဆောင်ရွက်ကြောင်းကိုလည်း လေ့လာပြီး ဖြစ်ပါသည်။ ရပိုင်ခွင့်နှင့် တာဝန်တို့၏ ရည်ရွယ်ချက်များနှင့် လက်တွေ့ကျင့်သုံးမှုအပေါ် သင့်အားနားလည်စေပြီး မူလတန်းသင်ခန်းစာမှ ရပိုင်ခွင့်နှင့် တာဝန်တို့၏ ဆိုလိုရင်းကို သင်ကြားရာတွင် သင်၏ ဗဟုသုတကို အသုံးချနိုင်ဖို့ ဤ သင်ခန်းစာက ပံ့ပိုးမှုပြုမည် ဖြစ်ပါသည်။ သင်ရိုးရည်မှန်းချက်များကို စိစစ်သရုပ်ခွဲလေ့လာခြင်းနှင့် ဤ သင်ရိုးရည်မှန်းချက်များ ရရှိနိုင်ရန် သင်ကြားနည်းစနစ်များကို ထည့်သွင်းစဉ်းစားခြင်းဖြင့်လည်း သင်၏ ဗဟုသုတကို အသုံးချနိုင်မည် ဖြစ်ပါသည်။

# ၃.၃.၁။
# ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားတို့၏ အဓိကဆိုလိုချက်နှင့် ဆိုင်သော မူလတန်းသင်ခန်းစာ။

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -**

- မူလတန်းသင်ရိုးမှ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားတို့၏ ရည်ရွယ်ချက်ကို ဆွေးနွေးတတ်မည်။
- မူလတန်းကျောင်းသုံးစာအုပ်များကို ပြန်လည်သုံးသပ်ပြီး မူလတန်းသင်ရိုးညွှန်းတမ်းရှိ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ၏ ခေါင်းစဉ်များကို နားလည်သဘောပေါက်လာမည်။

## ဆရာများအတွက် အမှာစာ

စာရိတ္တနှင့် ပြည်သူ့နီတိ မူလတန်းသင်ရိုးမှ သင်ခန်းစာများကို လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်း၊ ဆက်သွယ်ပြောဆိုခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် တီထွင်ဖန်တီးခြင်းတို့ မှတစ်ဆင့် ၂၁ ရာစု စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်သော လူ့အဖွဲ့အစည်း ထူထောင်နိုင်ရန် အလေးပေးရေးဆွဲထားခြင်း ဖြစ်ပါသည်။ စာရိတ္တနှင့် ပြည်သူ့နီတိ သင်ခန်းစာကို လမ်းညွှန်ကူညီရာတွင် အဓိက အချက် (၂) ချက်ကို ထည့်သွင်း စဉ်းစားရပါမည်။

- တန်ဖိုးကို အခြေပြုသည့် တတ်မြောက်ဖြစ်စေရန် သင့်တော်သော သင်ကြားမှု သင်ယူမှု ချဉ်းကပ်နည်းနှင့် လုပ်ငန်းများသုံးရန် လိုအပ်ပါသည်။ ၎င်းတို့တွင် စာရိတ္တဆိုင်ရာ အသိပညာပေးခြင်း၊ ပြည်သူ့နီတိ စာတတ်မြောက်ခြင်းနှင့် ရသပညာတို့ကို နားလည်ခံစားခြင်းတို့ ဖြစ်ပါသည်။
- သင်ယူမှုအကြောင်းအရာ ရေးဆွဲရာတွင် ခေါင်းဆောင်မှုစွမ်းရည်၊ ပြဿနာဖြေရှင်းမှုစွမ်းရည်၊ တီထွင်ဖန်တီးမှုစွမ်းရည်၊ ဉာဏ်ရည်ဆိုင်ရာစွမ်းရည်နှင့် ထိရောက်စွာစဉ်းစားတွေးခေါ်နိုင်သော စွမ်းရည် စသည့် ဖွံ့ဖြိုးရေးတို့ကို ရည်မှန်းလျက်ရေးဆွဲရပါမည်။

စာရိတ္တတန်ဖိုးများကို ဘာသာရပ်တိုင်းတွင် အချိန်တိုင်းနေရာတိုင်းမှ သင်ယူရနိုင်သည်ကို လက်ခံရပါမည်။ ဥပမာ- ကျောင်းသားများသည် ကာယပညာဘာသာရပ်လုပ်ငန်းများတွင် ပါဝင်ရုံမျှဖြင့် ပေါင်းစပ်ညှိနှိုင်းခြင်း စွမ်းရည်၊ ပူးပေါင်းဆောင်ရွက်ခြင်းစွမ်းရည်နှင့် မတူကွဲပြားသော လူများပါဝင်သော အဖွဲ့အတွင်း တာဝန်ယူတတ်လာခြင်းစွမ်းရည်စသည့် စွမ်းရည်များ ဖွံ့ဖြိုးလာပါသည်။

ကျောင်းလုပ်ငန်းများတွင် ပါဝင်ခြင်း၊ အိမ်တွင် အိမ်မှုကိစ္စဝေယျာဝစ္စများကို လုပ်ဆောင်ခြင်းအားဖြင့် ကျောင်းသားများသည် ဆုံးဖြတ်ထားသည့်အတိုင်း ပြီးအောင် လုပ်ဆောင်တတ်သည့် စိတ်ဓာတ်နှင့် တာဝန်ယူမှု တာဝန်ခံမှုရှိခြင်းစသည့် စွမ်းရည်များ တိုးတက်လာမည် ဖြစ်သည်။ ထိုစွမ်းရည်များက ကျောင်းသားများ စာသင်ခန်းအတွင်းတွင် သင်ကြားရသည့် စာရိတ္တ သင်ခန်းစာများနှင့် ဆိုင်သော မာတိကာပါ အကြောင်းအရာများကို ဝေဖန်သုံးသပ်မှုများ ပြုလုပ်ရာတွင် ပံ့ပိုးပေးမည်ဖြစ်သည်။ ထိုနည်းတူစွာ ကျောင်းသားများသည် စာသင်ခန်းတွင် သင်ယူလိုက်ရသော စာရိတ္တပိုင်းဆိုင်ရာ တန်ဖိုးများကို သူတို့၏ စာသင်ခန်းပြင်ပ လက်တွေ့ဘဝတွင် အသုံးချနိုင်မည်ဖြစ်သည်။

မူလတန်း စာရိတ္တနှင့် ပြည်သူ့နီတိ သင်ရိုး၏ အခန်းတိုင်းကို ကျောင်းသားများ၏ အသက်အရွယ် အတွေ့အကြုံနှင့် ဆီလျော်သော အထောက်အကူပြုသော မေးခွန်းများ၊ သရုပ်ဖော်ပုံများ၊ ကဗျာ၊ ပုံပြင် နှင့် ဖြစ်ရပ် လေ့လာခြင်းများဖြင့် ဖွဲ့စည်းထားပါသည်။ ဆရာတစ်ဦးအနေဖြင့် သင်ခန်းစာများကို သင်ကြားရာတွင် ကျောင်းသားများနှင့် ဆွေးနွေးခြင်း၊ အတွဲလိုက်ဆွေးနွေးခြင်း၊ ပုံပြောခြင်း၊ ကဗျာရွတ်ဆိုခြင်း၊ ကဗျာအကြောင်း ဆွေးနွေးခြင်း၊ အပြုအမူကို သရုပ်ဖော်ခြင်း၊ (သို့မဟုတ်) စဉ်းစားခြင်းအတွက် လုပ်ဆောင်ချက်များနှင့် သင်ခန်းစာကို ပြန်လည်သုံးသပ်ခြင်း အစရှိသော ကျောင်းသားအားလုံးပါဝင်သည့် သင်ကြားရေးနည်းလမ်းနှင့် သင်ကြားရေးလုပ်ငန်းများကို အသုံးပြုရန် တိုက်တွန်းလိုပါသည်။

မူလတန်းကျောင်းသားများအတွက် စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ် သင်ယူရခြင်း၏ ရည်မှန်းချက်များ။

၁။ ကျင့်ဝတ်ဆိုင်ရာ တာဝန်သိမှုများကို မှန်ကန်သောနည်းလမ်းဖြင့် လိုက်နာကျင့်သုံးရန်နှင့် မှန်ကန်သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ဖို့ စွမ်းရည်များအားရရှိခြင်းဖြင့် ဝတ္တရားကျေပွန်၍ သိမြင်နှံ့စပ်သော တာဝန်သိနိုင်ငံသားများ ဖြစ်လာစေရန်။

၂။ လူ့အခွင့်အရေး၏ တန်ဖိုးကို လေးစားရန်နှင့် နိုင်ငံသားကောင်းတစ်ဦး၏ ရပိုင်ခွင့်နှင့် ဝတ္တရားကို နားလည်ကြောင်း ပြသရန်။

၃။ စည်းမျဉ်း စည်းကမ်းများနှင့် ဥပဒေများကို လေးစားလိုက်နာကျင့်သုံးရန်။

၄။ ဒေသဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာ အမြင် (ယူဆချက်) များကို ကောင်းစွာ နားလည်ပြီး မြတ်နိုး တန်ဖိုးထားတတ်သော သိမြင်နှံ့စပ်သည့် နိုင်ငံသားကောင်းတစ်ဦး ဖြစ်လာစေရန်။

## ဇယား ၃.၂။ အတန်းအလိုက် ရည်မှန်းချက်များ

| ပထမတန်း | ဒုတိယတန်း | တတိယတန်း | စတုတ္ထတန်း | ပဉ္စမတန်း |
|---|---|---|---|---|
| လူတစ်ဦးတစ်ယောက်၏ ရပိုင်ခွင့်နှင့် တာဝန်များကို သိလာရန် | ရပိုင်ခွင့်ကို သိပြီးမိမိ ဘာသာ တာဝန် ယူတတ်သူများ ဖြစ်လာစေရန် | ရပိုင်ခွင့်ကို နားလည်ပြီး မိမိဘာသာ တာဝန်ယူ တတ်သူများ ဖြစ်လာစေရန် | ကိုယ်ပိုင်ရပိုင်ခွင့် နှင့် တာဝန်များကို နားလည်ပြီး အခြားသူများ၏ ရပိုင်ခွင့်နှင့် တာဝန်များကို လေးစားရန် | တစ်ဦးချင်းစီ၏ ရပိုင်ခွင့် ကို လေးစားသူများ ဖြစ်စေရန်နှင့် အခြားသူများနှင့် ပူးပေါင်း ဆောင်ရွက် တတ်သူများ ဖြစ်လာရန် |

## ဇယား ၃.၃။ အတန်းအလိုက် အကြောင်းအရာများ

| | |
|---|---|
| ပထမတန်း | • မိဘကူရန်။<br>• တာဝန်ကျေပွန်ရန်။<br>• အမှိုက်များကို မှန်ကန်သောနေရာတွင် ပစ်ရန်။<br>• သဘာဝ၏ ကောင်းမြတ်မှုကို ကျေးဇူးတင်ရန်။ |
| ဒုတိယတန်း | • မဆုတ်မနစ်အလုပ်လုပ်ရန်။<br>• အဆင့် (အခန်းကဏ္ဍ)နှင့် တာဝန်ဝတ္တရားများကို နားလည်ရန်။<br>• အမှိုက်များကို မှန်ကန်သောနေရာတွင် ပစ်ရန်။<br>• သဘာဝ၏ ကောင်းမြတ်မှုကို ကျေးဇူးတင်ရန်။ |

| | |
|---|---|
| တတိယတန်း | • မိမိတို့ကိုယ်တိုင် ပိုမို ကောင်းမွန်ရေးအတွက် မြင့်မားသော ရည်မှန်းချက်များ ချမှတ်ထားရန်။<br>• အုပ်စုနှင့်လူ့အဖွဲ့အစည်းအတွင်း အဆင့်(အခန်းကဏ္ဍ)နှင့် တာဝန်ဝတ္တရားများကို နားလည်ရန်။<br>• မိမိကိုယ်ကို နားလည်ပြီး မိမိအားနည်းချက်ကို တိုးတက်စေရန်။<br>• သဘာဝ ပတ်ဝန်းကျင်ကို ကာကွယ်ပါ၊ ထိန်းသိမ်းပါ။<br>• သက်ရှိများနှင့် သဘာဝရင်းမြစ်များကို ဂရုစိုက်ပါ။<br>• လျှော့ချပါ ၊ ပြန်သုံးပါ ၊ ပြန်လည်အသစ်ဖန်တီးပါ။ |
| စတုတ္ထတန်း | • မိမိတို့ကိုယ်တိုင် ပိုမို ကောင်းမွန်ရေးအတွက် မြင့်မားသော ရည်မှန်းချက်များ ချမှတ်ထားရန်။<br>• မိမိကိုယ်ကို နားလည်ပြီး မိမိအားနည်းချက်ကို တိုးတက်စေရန်။<br>• လွတ်လပ်စွာ စဉ်းစားရန်။<br>• တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ရန်။<br>• အုပ်စုနှင့် လူ့အဖွဲ့အစည်းအတွင်း အဆင့်(အခန်းကဏ္ဍ)နှင့် တာဝန်ဝတ္တရားများကို နားလည်ရန်။<br>• အကန့်အသတ်ဖြင့်သာ ရရှိနိုင်သော ရင်းမြစ်များကို အလွန်အကျွံသုံးစွဲခြင်းမှရှောင်ကြဉ်ရန်နှင့် သဘာဝကို တန်ဖိုးထားတတ်ရန်။<br>• သဘာဝ ပတ်ဝန်းကျင်ကို ကာကွယ်ရန်နှင့် ထိန်းသိမ်းရန်။<br>• သက်ရှိများနှင့် သဘာဝရင်းမြစ်များကို ဂရုစိုက်ရန်။ |
| ပဉ္စမတန်း | • မိမိကိုယ်ကို နားလည်ပြီး မိမိအားနည်းချက်ကို တိုးတက်စေရန်။<br>• လွတ်လပ်စွာ စဉ်းစားရန်။<br>• တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ရန်။<br>• အကန့်အသတ်ဖြင့်သာ ရရှိနိုင်သော ရင်းမြစ်များကို အလွန်အကျွံသုံးစွဲခြင်းမှရှောင်ကြဉ်ရန်နှင့် သဘာဝကို တန်ဖိုးထားတတ်ရန်။<br>• သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ရန်နှင့် ထိန်းသိမ်းရန်။<br>• သက်ရှိများနှင့် သဘာဝရင်းမြစ်များကို ဂရုစိုက်ရန်။ |

## သင်ယူမှုလုပ်ငန်း (၁)

၁။ အတန်းတစ်ခုကို အလေးပေးရွေးချယ်၍ အောက်ပါမေးခွန်းကို တုံ့ပြန်သည့်အဖြေကို ပေးထားသော ဇယားကွက်တွင်ရေးပါ။

"ဤအကြောင်းအရာများကို သင်ကြားခြင်းသည် သင်ယူမှု ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်စေရန် မည်သို့ အထောက်အကူပြုသနည်း။"

## ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ

၁။ ပထမတန်း ကျောင်းသားများအတွက် ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို သင်ယူရခြင်း၏ ရည်ရွယ်ချက်ကိုရေးပါ ။

၂။ သဘာဝနှင့် စကြဝဠာကို ကျွန်ုပ်တို့ မည်ကဲ့သို့ သဘောထားယူဆသည်ဆိုသော အချက်သည် သင်ခန်းစာ၏ မည်သည့်အပိုင်းနှင့် ဆက်စပ်နေသနည်း။

# အခန်းဆုံးအနှစ်ချုပ်

## အဓိကအချက်များ

- ဆရာများသည် ကျောင်းသားများ၏ သင်ယူမှု အတွက် ကြီးမားစွာ တာဝန်ရှိပါသည်။ မည်သည့် သင်ခန်းစာများကို မည်သို့သင်မည်ဟု ပြောရေးဆိုခွင့်ရှိသည်နှင့်အညီ အရည်အသွေးပြည့်မီသော ပညာရေးကို ဆက်လက်ထိန်းသိမ်းဖြန့်ဝေရပါသည်။

- ဆရာနှင့် ကျောင်းသားတို့သည် အပြန်အလှန်လေးစားမှုရှိပြီး တစ်ဦး၏ ရပိုင်ခွင့်ကို ကာကွယ်ပေးရန် ကျန်တစ်ဦးတွင် တာဝန်ရှိပါသည်။

- ရပိုင်ခွင့်သည် တာဝန်ယူမှုနှင့် ဒွန်တွဲနေပါသည်။

- နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု သာမက လူမှုရေး၊ ယဉ်ကျေးမှု စသည်တို့ပါဝင်သော ဘဝ၏ အရည်အသွေးများ ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ပါသည်။

- နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုတွင် ပံ့ပိုးပါဝင်ကြသော နိုင်ငံသားကောင်းများဆိုသည်မှာ တိုင်းပြည်၏ အရေးအရာများကို စိတ်ပါဝင်စားကြပြီး နိုင်ငံသားတစ်ဦး၏ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို နားလည်ကျင့်သုံးသည်။ နိုင်ငံအတွင်း နေထိုင်ကြသော နိုင်ငံသားများအတွက် အပြုသဘောဆောင်သည့် အပြောင်းအလဲများကို ဖော်ဆောင်ဖန်တီးရာတွင် လူ့အဖွဲ့အစည်း၏ အလွှာအသီးသီးတွင် ပါဝင်နေလျက်ရှိပြီး ဒီမိုကရေစီ နိုင်ငံတစ်နိုင်ငံအတွင်း တက်ကြွသော နိုင်ငံသားကောင်းဖြစ်ရန် အနာဂတ်မျိုးဆက်သစ်များကို လမ်းညွှန်ပေးသည်။

- ရပိုင်ခွင့်၊ တာဝန်ဝတ္တရားများနှင့် ပတ်သက်သော သင်ခန်းစာကို သင်ယူခြင်း၏ ရည်ရွယ်ချက်များမှာ မိမိကိုယ်တိုင်၏ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို နားလည်ခြင်းမှအခြေခံ၍ အဆင့်အတန်း မြင့်မားလာသည်နှင့်အမျှ အခြားသူများ၏ ရပိုင်ခွင့်ကို လေးစားတတ်စေရန်ဖြစ်ပါသည်။

## အခန်းဆုံး ပြန်လည်သုံးသပ်စဉ်းစားခြင်း

ဆရာများသည် သင်ယူမှုတွင် ကျောင်းသား အားလုံးပါဝင်လာစေရန်၊ ကျောင်းသားများ၏ အမျိုးမျိုးသော သင်ယူမှုလိုအပ်ချက်နှင့် နောက်ခံအခြေအနေတို့ကို ထည့်သွင်းစဉ်းစားကာ ကျောင်းသားအားလုံး ပါဝင်ရေးကို တိုက်တွန်းပေးရန် တာဝန်ရှိပါသည်။ ဤအရာနှင့် စပ်လျဉ်း၍ သင်သည် တာဝန်သိသော ဆရာတစ်ဦးဖြစ်စေရန် မည်သည်ကို ပြုလုပ်မည်နည်း။

ဖော်ပြထားသော ဆရာတစ်ဦး၏ တာဝန်ဝတ္တရားများတွင် ဆရာများကို သူတို့၏ သင်ကြားမှုဆိုင်ရာ တတ်ကျွမ်းမှု နှင့် နည်းလမ်းများကို တက်ကြွစွာ ရယူကာ ဆရာအတတ်ပညာဆိုင်ရာ ဖွံ့ဖြိုးမှုအတွက် ဦးဆောင်လမ်းညွှန်ပေးသူ ဖြစ်လာစေရန် ဟုပါဝင်ပါသည်။ ဤအရာနှင့် စပ်လျဉ်း၍ သင်သည် တာဝန်သိသော ဆရာတစ်ဦး ဖြစ်စေရန် မည်သည်ကို လုပ်ဆောင်မည်နည်း။

သင်၏ ကျောင်းသားများအတွက် တက်ကြွသော နိုင်ငံသားတစ်ဦးအနေဖြင့် စံနမူနာပြ ပုဂ္ဂိုလ်ဖြစ်လာစေရန် သင်မည်သည်ကို လုပ်ဆောင်နိုင်မည်နည်း။

မဲပေးခွင့် မရသေးသော်လည်း တက်ကြွသော နိုင်ငံသားကောင်းများ ဖြစ်လာစေရန် မူလတန်း ကလေးများသည် သူတို့၏ အသက်အရွယ်တွင် မည်သည်တို့ကို လုပ်နိုင်သည်ကို စဉ်းစားပါ။ ကလေးတစ်ဦးအနေဖြင့် တက်ကြွသော နိုင်ငံသားကောင်းဖြစ်စေရန် မည်သည့် စာသင်ခန်းအတွင်း လုပ်ငန်းများ သို့မဟုတ် လက်တွေ့ဘဝလုပ်ငန်းများကို သင်နှင့် ၎င်းတို့အတူတကွ ဆောင်ရွက်နိုင်မည်ကို စဉ်းစားပါ။

ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ၏ ရည်မှန်းချက်များ အတန်းအလိုက် ပြောင်းလဲသွားသည်ကို သင် မည်ကဲ့သို့ နားလည်သနည်း။ ဤပြောင်းလဲမှုက ပဉ္စမတန်းကို သင်ကြားမည့် အကြောင်းအရာနှင့် ပထမတန်းကို သင်ကြားမည့် အကြောင်းအရာတို့ကို သင် နှိုင်းယှဉ်သောအခါ သင့်အား မည်သည့်အရာများကို ပြောပြနေသနည်း။

## ဆက်လက်ဖတ်မှတ်စရာများ


### ၃.၁။

Gyi, A. M., & Yaung, S. La. (n.d.). *Moral and civic, primary, basic human duty and responsibility.*

Tin, M. (n.d.). *Citizen: The modern politician and education. (Burmese).*

United Nations Children's Fund Myanmar, Point B design and training (2017)*: A guide to becoming a twenty-first century teacher.*

### ၃.၂။

Thin, M. (n.d.). *Kyaung Sayar and country protection.*

Wong, K., & McLaughlin, R. (n.d.). *Active citizenship: A civic education course for Myanmar.* Retrieved from https://www.moteoo.org/sites/moteoo.org/files/product_docs/active-citizenship-eng-sb-for-web-dl_1.pdf

### ၃.၃။

Japan International Cooperation Agency. (n.d.). *Morality and civics primary student textbooks (G1 – G5).* Unpublished manuscript.

# အခန်း ၄

# စည်းကမ်း

ကျွန်ုပ်တို့သည် မလုပ်ဆောင်သင့်သည့် အရာတစ်ခုခုကို လုပ်ဆောင်လိုသည့် အချိန်အခါ သို့မဟုတ် လုပ်ဆောင်သင့်သည့် အရာတစ်ခုခုကို မလုပ်ဆောင်လိုသည့် အချိန်အခါများကို ကြုံတွေ့ခဲ့ရဖူးပြီး ဖြစ်သည်။ ကျွန်ုပ်တို့စိတ်မဝင်စားသည့် ဥပဒေစည်းမျဉ်းများကို လိုက်နာရန် ကြီးစွာသော ဆန္ဒစွမ်းအားနှင့် စည်းကမ်းများ လိုအပ်သည်။ ဤအခန်းတွင် စည်းကမ်းနှင့် သက်ဆိုင်သော အကြောင်းအရာများ၊ နည်းဥပဒေစည်းမျဉ်းများနှင့် ကျွန်ုပ်တို့၏ အတွေ့အကြုံများကို ပြန်လည်ဆင်ခြင်ရန် အားပေးခြင်းနှင့် ကျောင်းသားများ၏ အတွေ့အကြုံများကို စဉ်းစားခြင်း အကြောင်းများကို အတွင်းကျကျ စိစစ်သုံးသပ်ထားသည်။ ဤအခန်းသည် နည်းဥပဒေစည်းမျဉ်းများ၏ ရည်ရွယ်ချက်နှင့် ယင်းတို့ကို ချိုးဖောက်ခြင်း၏ အကျိုးဆက်များကို ဖော်ထုတ်ရှာဖွေလျက် နည်းဥပဒေစည်းမျဉ်းများအကြောင်း လေ့လာနိုင်စေမည် ဖြစ်သည်။ ထို့အပြင် ဤအခန်းသည် စည်းကမ်းအကြောင်း ချဉ်းကပ်သော နည်းလမ်း(၂)ခုဖြင့် နည်းဥပဒေစည်းမျဉ်းများကို မည်သို့ လက်ခံသည်၊ စည်းကမ်းလိုက်နာရန်အတွက် လိုအပ်သော စိတ်သဘောထား၊ အရည်အသွေးနှင့် အပြုအမူများကို မူလတန်းကျောင်းသားများ၏ စိတ်အတွင်းသို့ သင်ရိုးညွှန်းတမ်းနှင့် သင်ကြားပို့ချမှုတို့ဖြင့် မည်သို့သွတ်သွင်းပေးမည် ဆိုသည်ကို ဆွေးနွေးမည်ဖြစ်သည်။

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

ဤအခန်းကို သင်ယူပြီးချိန်တွင် သင်သည် -

- ကိုယ့်စည်းကမ်းနှင့်ကိုယ် ပြုမူနေထိုင်ခြင်းနှင့် စည်းကမ်း၏ အဓိပ္ပာယ်ကို ဖော်ပြတတ်မည်။
- နိုင်ငံသားကောင်းနှင့် ဆရာကောင်းတစ်ဦးဖြစ်လာစေရန် ကိုယ့်စည်းကမ်းနှင့်ကိုယ် ပြုမူနေထိုင်ခြင်းသည် မည်ကဲ့သို့ အခြေခံအချက်ဖြစ်သည်ကို နားလည်သဘောပေါက်လာမည်။
- စည်းမျဉ်းနှင့် နည်းဥပဒေများ၏ အဓိပ္ပာယ်သတ်မှတ်ချက်နှင့် ယင်းတို့ စည်းကမ်းနှင့် ဆက်စပ်ပုံကို ဖော်ပြတတ်မည်။
- ဆရာကောင်းတစ်ဦးဖြစ်လာစေရန် စည်းမျဉ်းနှင့် နည်းဥပဒေများလိုအပ်ပုံကို ဆွေးနွေးတတ်မည်။
- ဥပဒေ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ၎င်းသည် စည်းမျဉ်း၊ နည်းဥပဒေများနှင့် မည်သို့ဆက်စပ်နေသည်ကို နားလည်သဘောပေါက်လာမည်။
- အမျိုးသားပညာရေးဥပဒေ၏ အရေးပါမှုနှင့် ထိုဥပဒေ၏ ပညာရေးဆိုင်ရာ အလေ့အကျင့်များတွင် အကျိုးသက်ရောက်မှုများကို ဆွေးနွေးတတ်မည်။

# ၄.၁။ နိုင်ငံသားကောင်းတစ်ဦးအနေဖြင့် ကိုယ့်စည်းကမ်းနှင့်ကိုယ် ပြုမူနေထိုင်ခြင်း

နည်းဥပဒေစည်းမျဉ်းများသည် ကျွန်ုပ်တို့အား လွတ်လပ်စွာနှင့် ပျော်ရွှင်စွာနေထိုင်ခြင်းကို တားမြစ်ကန့်သတ်သည့် မလိုလားအပ်သော အရာတစ်ခုအဖြစ် ကျွန်ုပ်တို့မှတ်ယူလေ့ရှိသည်။ အမှန်တွင် စည်းမျဉ်း စည်းကမ်းများသည် လူတိုင်း မိမိတို့ ကြိုက်သလို ပြုမူနေထိုင်ရာမှ ဖြစ်ပေါ်စေနိုင်သော အထိန်းအကွပ်မဲ့ ဖြစ်ပျက်မှုတို့ကြောင့် ရရှိမည့် စိုးရိမ်ပူပန်မှုများမှ ကျွန်ုပ်တို့ကို လွတ်မြောက်စေသောအရာဖြစ်သည်။ ဤအခန်းငယ်တွင် အစိုးရမှသည် လူတစ်ဦးချင်းစီအထိ ကျွန်ုပ်တို့၏ နေ့စဉ်ဘဝအပေါ် သက်ရောက်မှုရှိသော စည်းမျဉ်း စည်းကမ်းများနှင့် ၎င်းစည်းမျဉ်း စည်းကမ်းများ ပြဋ္ဌာန်းရခြင်း၊ ပေါ်ပေါက်လာပုံနှင့် လိုက်နာစေရေး လုပ်ဆောင်မှု၏ နောက်ကွယ်မှအကြောင်းအရင်းများကို သတိပြုမိစေရန် သင်ယူရမည်ဖြစ်သည်။

## ၄.၁.၁။
## ကိုယ့်စည်းကမ်းနှင့်ကိုယ် ပြုမူနေထိုင်ခြင်းနှင့် စည်းကမ်းတို့ကို နားလည်ခြင်း

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -

- ကိုယ့်စည်းကမ်းနှင့်ကိုယ် ပြုမူနေထိုင်ခြင်းနှင့် စည်းကမ်း၏ အဓိပ္ပာယ်ကို ဖော်ပြတတ်မည်။
- နိုင်ငံသားကောင်းနှင့် ဆရာကောင်းတစ်ဦး ဖြစ်လာစေရန် ကိုယ့်စည်းကမ်းနှင့်ကိုယ် ပြုမူနေထိုင်ခြင်းသည် မည်ကဲ့သို့ အခြေခံအချက်ဖြစ်သည်ကို နားလည်သဘောပေါက်လာမည်။

## စည်းကမ်း

စည်းကမ်း၏အဓိပ္ပာယ်ကို ဖွင့်ဆိုသည့် နည်းလမ်းများစွာရှိသည်။ ကိန်းဘရစ်ချ်အင်္ဂလိပ်အဘိဓာန်တွင် စည်းကမ်းကို "လူတို့၏အပြုအမူကို ဥပဒေစည်းမျဉ်းများနှင့် ပြစ်ဒဏ်တို့ဖြင့်ထိန်းချုပ်မှု" ဟု အဓိပ္ပာယ် ဖွင့်ဆိုထားသည်။[၆] စည်းကမ်းသည် လူတိုင်းလိုက်နာရမည်ဖြစ်သော ကိုယ်ကျင့်တရားတစ်ခုအဖြစ်လည်း မှတ်ယူနိုင်သည်။ ကိုယ့်စည်းကမ်းနှင့်ကိုယ် ပြုမူနေထိုင်ခြင်းဟု သိရှိထားကြသော အခြားမှုကွဲတစ်ခုမှာ တစ်ကိုယ်ရေ တိုးတက်ဖွံ့ဖြိုးလိုသော အတွင်းစိတ်ဆန္ဒအပေါ် အခြေခံလျက် မိမိကိုယ်ကို ထိန်းချုပ်နိုင်စွမ်းကို ရည်ညွှန်းသည်။

## စည်းကမ်းအပေါ် ချဉ်းကပ်သောနည်းလမ်း(၂)ခု

Bear (2010) ၏ အဆိုအရ ကျောင်းသားများအား စီမံခန့်ခွဲခြင်းနှင့် ကိုယ့်စည်းကမ်းနှင့်ကိုယ် ပြုမူနေထိုင်မှုကို အားပေးခြင်းတည်းဟူသော ရည်ရွယ်ချက်နှစ်ခုဖြင့် ကျောင်းသားများ နည်းဥပဒေစည်းမျဉ်းများ လိုက်နာရန် အားပေးတိုက်တွန်းရာတွင် စည်းကမ်းနှင့် စပ်လျဉ်းသော ချဉ်းကပ်သည့် နည်းလမ်းနှစ်ခုရှိသည်။ ပထမနည်းလမ်းသည် ကျောင်းသား၏ အပြုအမူကို စီမံထိန်းကျောင်းရန်နှင့် ပြောင်းလဲရန် အပြုသဘောဆောင်သည့် ဒဏ်ခတ်မှု၏ နောက်ဆက်တွဲများကဲ့သို့သော အပြင်ပိုင်းဆိုင်ရာ၊ ဆရာဗဟိုပြုနည်းစနစ်များကို အသုံးပြုသည်။ ပထမနည်းလမ်းသည် ဆုပေးဒဏ်ပေးစနစ်ဖြင့် ကျောင်းသားများ စည်းမျဉ်းဥပဒေများကို လိုက်နာစေခြင်းကို အလေးပေးပြီး၊ ဒုတိယနည်းလမ်းမှာ ကျောင်းသားများ ၎င်းတို့၏အပြုအမူကို စီမံထိန်းကျောင်းနိုင်ရန် ၎င်းတို့၏ အတွင်းစိတ်ထိန်းချုပ်မှု ဖွံ့ဖြိုးတိုးတက်ရန် အလေးပေးသည်။ ဒုတိယနည်းလမ်းသည် ကလေးသူငယ်၏ စိတ်အတွင်း "မိမိကိုယ်ကို ထိန်းချုပ်မှု၊ မိမိကိုယ်ကို စည်းကမ်းထားရှိမှု၊ အမူအကျင့်၊ လွတ်လပ်စွာဆုံးဖြတ်ခွင့်၊ လူမှုရေးနှင့် ကျင့်ဝတ်ဆိုင်ရာ တာဝန်ယူမှုတို့နှင့် ဆက်နွှယ်သော သိမှုဉာဏ်ရည်၊ စိတ်ခံစားမှုနှင့် အပြုအမူများ" ကိုတည်ဆောက်ပေးခြင်းဖြင့် ကိုယ့်စည်းကမ်းနှင့်ကိုယ် ပြုမူနေထိုင်ခြင်းကို ဖွံ့ဖြိုးတိုးတက်စေသည့် ကျောင်းသားဗဟိုပြု နည်းလမ်းများကို အသုံးပြုသည် (Bear 2010)။

[၆] Discipline. (2019). In Cambridge dictionary. Retrieved from https://dictionary.cambridge.org/dictionary/essential-british-english/discipline

## အပြင်ပိုင်းဆိုင်ရာ ဆရာဗဟိုပြုနှင့် အတွင်းပိုင်းဆိုင်ရာ ကျောင်းသားဗဟိုပြု

Bear က ဤနည်းလမ်းနှစ်ရပ်အကြား ဟန်ချက်ညီမှုကို အားပေးသည်။ လူကြီးသူမများ မရှိသည့် အခြေအနေနှင့် ကျောင်းသား၏ အပြုအမူကို ထိန်းကျောင်းလမ်းညွှန်ပေးသည့် ဥပဒေစည်းမျဉ်းများ အထင်အရှား မရှိသည့် အခြေအနေများတွင် ကိုယ့်စည်းကမ်းနှင့်ကိုယ် ပြုမူနေထိုင်ခြင်းအလေ့အထ ဖွံ့ဖြိုးရေးသည် အဓိက ကျပေသည်။ အပြုသဘောဆောင်သော သို့မဟုတ် အနုတ်လက္ခဏာ ဆောင်သော စည်းကမ်းလိုက်နာစေသည့် နည်းလမ်းကို အသုံးပြုခြင်းသည် ကျောင်းသား၏ အပြုအမူကို ပြင်ဆင်ရန် လိုအပ်သော အခြေအနေနှင့် အခြားသူများ၏ လုံခြုံမှုကို ခြိမ်းခြောက် နိုင်သည့် ကြီးလေးသော ပြစ်မှုကျူးလွန်မှုများအတွက် ထိရောက်မှု ရှိပေသည်။

## ကျင့်သုံးနေသော စည်းကမ်းထိန်းသိမ်းရေးနည်းလမ်းများ

စည်းကမ်းထိန်းသိမ်းရေး နည်းလမ်းသည် ဥပဒေစည်းမျဉ်းများ ချိုးဖောက်မှုမပြုရန် ပြစ်ဒဏ်ပေးသည့် နည်းလမ်းကို ပထမနည်းလမ်းအဖြစ် အသုံးပြုလေ့ရှိသည်။ အနုတ်လက္ခဏာဆောင်သော ပြစ်ဒဏ် ပေးမှုအနေဖြင့် စာသင်ခန်းအတွင်း အသုံးပြုသည့် နည်းလမ်းများတွင် သတိပေးခြင်း၊ ကျောင်းတက် ရပ်စဲခြင်းနှင့် အခွင့်အရေးဆုံးရှုံးခြင်းတို့ ပါဝင်သည်။ သို့သော်ငြား ယင်းနည်းလမ်းများသည် ကျောင်းသား၏ တာဝန်ယူမှုစိတ်ဓာတ်ကို တိုးတက်စေခြင်း မရှိသည့်အတွက် ယာယီမျှသာ ထိရောက်မှုရှိပြီး၊ ဒေါသစိတ်၊ စိတ်ပျက်မှုနှင့် မကျေမချမ်းမှုကို ဖြစ်စေပြီး အနုတ်လက္ခဏာ ဆောင်သော ကျောင်းပတ်ဝန်းကျင်ကိုသာ ဖန်တီးစေသည်။ ကျောင်းသား၏ လွဲမှားသော အပြုအမူကို အားပေးအားမြှောက်ပြုနိုင်သည့် အခြားအချက်များကို အသိအမှတ်မပြုဘဲ ကျောင်းသားကို ပြဿနာတစ်ခု အဖြစ်သာ ဗဟိုပြုချဉ်းကပ်သည်။ ဆရာ၏ နမူနာလုပ်ပြခြင်းဖြင့် အခြား သူများအပေါ် ပြစ်ဒဏ်ပေးခြင်းသည် ဆီလျော်ကောင်းမွန်ပြီး မိမိလိုချင်သော ရလဒ်များကို ရနိုင်သည်ဟု ကျောင်းသားများကို သင်ကြားပေးသကဲ့သို့ ဖြစ်နေသည် ။

ပြစ်ဒဏ်ပေးခြင်းမှ "ဥပဒေစည်းမျဉ်းများအား လိုက်နာစေပြီး"၊ အကျိုးဆက်များကို နားလည်စေရန် ကလေးသူငယ်များအား ကျောင်းသားဗဟိုပြုနည်းလမ်းဖြင့် သင်ကြားပေးခြင်းမှ "အတွင်းပိုင်းဆိုင်ရာ နားလည်မှု၊ မိမိကိုယ်ကိုထိန်းသိမ်းမှုနှင့် စည်းမျဉ်းများလိုက်နာလိုစိတ်" ကို ဖွံ့ဖြိုးစေသည်

(Responsive Classrooms၊ 2011)[၇] ။ ဆရာများသည် ကလေးငယ်များအား ၎င်းတို့၏ အပြုအမူများကို ပြန်ပြောင်းသုံးသပ်ရန်နှင့် ၎င်းတို့ရွေးချယ်မှု၏ရလဒ်များကို စဉ်းစားဆင်ခြင်ရန် ပံ့ပိုးကူညီပေးသည်။ ကျောင်းသားကို ချက်ချင်းအပြစ်ဒဏ်ပေးခြင်းဖြင့် အရှက်ရစေမည့်အစား စည်းကမ်းထိန်းသိမ်းရေးနည်းအရ ဖြစ်သင့်သည်မှာ ဆရာက အခြေအနေကို ဆန်းစစ်သုံးသပ်၍ အချိန်ယူတုံ့ပြန်သင့်သည်။ ကျောင်းသားများ အလားတူ အမှားများကို ထပ်မံလုပ်ဆောင်ခြင်းမျိုး မဖြစ်စေရန်အတွက် ၎င်းတို့၏ အတွင်းစိတ်ထိန်းချုပ်မှု ဖွံ့ဖြိုးစေရန် ဆရာများက မည်ကဲ့သို့ ကူညီထောက်ပံ့နိုင်သည်ကို အလေးထားသင့်သည်။

## ကလေးငယ်အား မည်သို့ထိန်းသိမ်းကြပ်မတ်မည်နည်း။

နည်းလမ်းအမျိုးမျိုးကို ရောနှောအသုံးပြုသည့် ကလေးသူငယ် စည်းကမ်းထိန်းသိမ်း ကြပ်မတ်ခြင်းဆိုင်ရာ အောက်ပါ အကြံပြုချက်များကို လေ့လာပါ။

၁။ **စည်းမျဉ်းဥပဒေများ ချမှတ်သည့်အခါ ကျိုးကြောင်းဆီလျော်မှုရှိပါစေ** - စည်းမျဉ်းဥပဒေနှင့် ပြစ်ဒဏ်များဆီလျော်မှုရှိပါစေ။ ပြစ်ဒဏ်သည် မျှတမှုနှင့် ဟန်ချက်ညီမှုရှိရမည်။

၂။ **စည်းမျဉ်းဥပဒေများကို ရှင်းလင်းပြောပြရာတွင် စိတ်ရှည်ပါ** - စည်းမျဉ်းဥပဒေများကို ကလေးငယ်များအား ရှင်းရှင်းလင်းလင်းနားလည်သည်အထိ ရှင်းပြပါ။

၃။ **စည်းမျဉ်းဥပဒေများကို ကျင့်သုံးရာတွင် တစ်သမတ်တည်းရှိပါစေ** - မည်သည့်အခြေအနေတွင်မဆို ကလေးငယ်များ စည်းမျဉ်းဥပဒေချိုးဖောက်သည့်အခါ အလျှော့မပေးပါနှင့်။ သင်သည် ၎င်း၏အပြုအမူကို နှစ်သက်သဘောကျခြင်းမရှိကြောင်း ကလေးငယ်အား အသေအချာသိစေပါ။

၄။ **ကလေးငယ်အား ၎င်း၏အမှားအပေါ် ပြန်လည်ဆင်ခြင် စဉ်းစားရန်အားပေးပါ** - ခဏတစ်ဖြုတ်အနားပေးခြင်း - ကလေးငယ်အား တစ်နေရာရာတွင်ထိုင်စေပြီး ၎င်း၏လုပ်ဆောင်ချက်များအပေါ် ငြိမ်သက်စွာ ဆင်ခြင်သုံးသပ်စေပါ။ **အနားပေးမှုကိုရပ်စဲခြင်း** - ကလေးငယ်အား တစ်နေရာရာတွင် သင်နှင့်အတူထိုင်စေပြီး ၎င်း၏အပြုအမူများနှင့် ယင်းအပြုအမူများကို အဘယ်ကြောင့် ထပ်မံမပြုလုပ်သင့်ကြောင်း ရှင်းပြစေပါ။

---

[၇] Responsive Classroom. (2011, September 2). *Punishment vs. logical consequences.* Retrieved from https://www.responsiveclassroom.org/

၅။ **အပြုအမူကောင်းများအတွက် ဆုချပါ** - ကလေးငယ်၏ အသက်အရွယ်နှင့် မဆိုင်ဘဲ အပြုအမူကောင်းများ အတွက် ဆုချခြင်းသည် လုပ်ဆောင်ရမည့် အရာတစ်ခုဖြစ်သည်။ ဆုလာဘ်သည် ပြသသော အပြုသဘောဆောင်သည့် အပြုအမူနှင့် အချိုးကျကိုက်ညီမှု ရှိရမည်။

၆။ **ကျောင်းသားများအား သဘာဝအကျိုးဆက်များကို နားလည်ရန်ကူညီပါ** - ကလေးငယ်သည် တစ်စုံတစ်ခုကို ဆောင်ရွက်သည့်အခါ ရလဒ်တစ်ခုခုကို မျှော်မှန်းနိုင်ကြောင်း ဆိုလိုရင်း ဖြစ်သည်။ သဘာဝအကျိုးဆက်များက ကလေးငယ်များအား ၎င်းတို့၏ လုပ်ဆောင်ချက်များ အပေါ် တာဝန်ယူမှုရှိရမည်ဖြစ်ကြောင်း နားလည်သိရှိစေသည်။

၇။ **စံပြပုဂ္ဂိုလ်ဖြစ်ပါစေ** - ကလေးများသည် ၎င်းတို့၏ဆရာကို လေးစားအထင်ကြီးသည်။ သို့ဖြစ်၍ ဆရာသည် အပြုအမူကောင်းများနှင့် စည်းကမ်းလိုက်နာမှုကို ပြသရမည်။


## ဒီမိုကရေစီနိုင်ငံများရှိ နိုင်ငံသားများအတွက် ကိုယ့်စည်းကမ်းနှင့်ကိုယ် ပြုမူနေထိုင်ခြင်း

ငယ်ရွယ်စဉ်အချိန်မှစ၍ ကလေးငယ်များအား ကိုယ့်စည်းကမ်းနှင့်ကိုယ် ပြုမူနေထိုင်ရန် အားပေး အားမြှောက်ပြုခြင်းသည် ရေရှည်တည်တံ့သော အကျိုးသက်ရောက်မှုကို ဖြစ်ပေးစေသည်။ အထူး သဖြင့် တစ်ဦးချင်းလွတ်လပ်ခွင့်နှင့် ကိုယ်တိုင်ဆုံးဖြတ်စီမံခွင့်ကို အားပေးသော ဒီမိုကရေစီ နိုင်ငံ များတွင် အရေးပါသော အချက်ဖြစ်သည်။ လူတစ်ဦးတစ်ယောက်အနေဖြင့် မည်သို့ပြုမူနေထိုင် ရမည်ကို လမ်းညွှန်ပေးသော ဥပဒေများ သို့မဟုတ် ပြစ်ဒဏ်များမရှိသော အခြေအနေများတွင် ကိုယ့်စည်းကမ်းနှင့်ကိုယ် ပြုမူနေထိုင်ခြင်းသည် လိုအပ်သည်။ ဒီမိုကရေစီနိုင်ငံများတွင် နိုင်ငံသား တစ်ဦးချင်းသည် မြင့်မားသော လွတ်လပ်စွာပြုမူနေထိုင်ခွင့်နှင့် လုပ်ပိုင်ခွင့်များ ရရှိသည် ဖြစ်ရာ ယင်းနိုင်ငံ၏အောင်မြင်မှုသည် နိုင်ငံသားများ၏ စည်းကမ်း အပေါ် တည်မှီနေသည်။ ကိုယ့်စည်းကမ်း နှင့်ကိုယ် ပြုမူနေထိုင်ခြင်းသည် "တရားမျှတပြီး အမြော်အမြင် ကြီးမားသော ဥပဒေများကို လိုက်နာ လိုစိတ်နှင့် လိုက်နာနိုင်မှု ရှိစေသည့်အပြင်၊ မည်သည့်ဥပဒေများသည် တရားမျှတမှုရှိသည်၊ အမြော်အမြင်ကြီးမားသည် ဆိုသည်ကိုလည်း နားလည်သဘောပေါက်စေသည်"။ အဘယ်ကြောင့် ဆိုသော် ကျွန်ုပ်တို့သည် နည်းဥပဒေ စည်းမျဉ်းများကို ပုံဖော်ပြဋ္ဌာန်းရန် အစွမ်းအစရှိသော ကြောင့်ဖြစ်သည် (Covaleskie 2006)။ ကိုယ့်စည်းကမ်းနှင့်ကိုယ် ပြုမူနေထိုင်ခြင်းဆိုသည်မှာ အများအကျိုး နှင့် ဆန့်ကျင်လျက် မိမိကိုယ်ကျိုး စီးပွားအတွက်၊ လုပ်ဆောင်ရယူရန် အခွင့်အရေး ရှိသည့်တိုင် လုပ်ဆောင်ခြင်း မပြုလိုသော ဆန္ဒစွမ်းအားရှိကြောင်းကို ဆိုလိုခြင်းဖြစ်သည်။

### သင်ယူမှုလုပ်ငန်း (၁)

၁။ အောက်ပါပုံကို အသုံးပြုလျက် ကိုယ်စည်းကမ်းနှင့်ကိုယ် ပြုမူနေထိုင်ခြင်းနှင့် စည်းကမ်း၏ သဘောတရားများကို နှိုင်းယှဉ်သုံးသပ်ပါ။ ယင်းတို့သည် မည်သို့မည်ပုံကွဲပြားသနည်း။ တူညီကြသနည်း။

၂။ အဖြေများကို နှိုင်းယှဉ်ပြရန် သင့်ပုံကို အတန်းသားများအား ပြသပါ။



## ၄.၁.၂။ နိုင်ငံသားကောင်းတစ်ဦး ဖြစ်လာစေရန်စည်းမျဉ်းနှင့် နည်းဥပဒေများကို လိုက်နာကျင့်သုံးခြင်း

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -

- စည်းမျဉ်းနှင့်နည်းဥပဒေများ၏ အဓိပ္ပာယ်သတ်မှတ်ချက်နှင့် ယင်းတို့စည်းကမ်းနှင့် ဆက်စပ်ပုံကို ဖော်ပြတတ်မည်။
- ဆရာကောင်းတစ်ဦးဖြစ်လာစေရန် စည်းမျဉ်းနှင့် နည်းဥပဒေများ လိုအပ်ပုံကို ဆွေးနွေး တတ်မည်။

## စည်းမျဉ်းနှင့် နည်းဥပဒေများမှာ အဘယ်နည်း။

စည်းမျဉ်းနှင့် နည်းဥပဒေများသည် ဘေးကင်းလုံခြုံမှု၊ တရားဥပဒေနှင့် တစ်သမတ်တည်းဖြစ်မှုတို့ကို ဖြည့်ဆည်းပေးရန်အပြင်၊ လူ့အဖွဲ့အစည်းအတွင်း အခြားသူများနှင့် ယှဉ်တွဲနေထိုင်သည့်အခါနေ့စဉ် ကြုံတွေ့ရနိုင်သော ကျွန်ုပ်တို့၏အခွင့်အရေးများအပေါ် စိန်ခေါ်မှုများအား ကာကွယ်ရန် တည်ရှိနေသည်။ ကျွန်ုပ်တို့၏ နေ့စဉ်ဘဝတွင် စည်းမျဉ်းနှင့် နည်းဥပဒေများ၏ အရေးပါမှုကို နားလည်သဘောပေါက်ရန် ကျွန်ုပ်တို့သည် စည်းမျဉ်းနှင့် နည်းဥပဒေကင်းမဲ့သော လောကတစ်ခုကို စိတ်ကူးပုံဖော်ကြည့်ရမည်ဖြစ်သည်။ လမ်းမများပေါ်တွင် မော်တော်ကားမောင်းလျှင်၊ ဈေးတွင် ဈေးဝယ်လျှင်၊ မိမိစိတ်တိုင်းကျ လွတ်လပ်စွာ လုပ်ပိုင်ခွင့် အပြည့်အဝရှိသော တက္ကသိုလ်တစ်ခုတွင် ပညာသင်လျှင် မည်သို့ဖြစ်မည်နည်း။ စည်းမျဉ်းနှင့် နည်းဥပဒေများ မရှိလျှင် မင်းမဲ့စရိုက်ပေါ်ပေါက်လာရုံမျှမက၊ ကျွန်ုပ်တို့ မည်သို့ပြုမူရမည် ဆိုသော လူ့အဖွဲ့အစည်း၏ မျှော်လင့်ချက်မရှိဘဲ လူမှုရေးဆိုင်ရာ တာဝန်ယူမှုရှိသောနည်းလမ်းဖြင့် ပြုမူလိုစိတ်ရှိနိုင်မည် မဟုတ်တော့သဖြင့် အစွန်းရောက် တစ်ကိုယ်တော်ဝါဒ ထွန်းကားလာမည်ဖြစ်သည်။

စည်းမျဉ်းနှင့် နည်းဥပဒေများသည် ကျွန်ုပ်တို့၏ တစ်သက်တာအပေါ် သက်ရောက်မှုရှိသည်။ ဥပမာ - မိသားစုဝင်များ အကြား ကောင်းမွန်သော ဆက်ဆံရေးတည်ရှိရန် မိသားစုဝင်တစ်ဦးချင်းစီက လိုက်နာရမည့် ဓလေ့ထုံးတမ်းစဉ်လာများ ရှိကြသည်။ အလားတူကျောင်းများတွင်လည်း ကျောင်းသားနှင့်ဆရာများ မည်သို့ ပြုမူရမည်ဆိုသော စည်းမျဉ်းများရှိသည်။ အလုပ်သမားနှင့် အလုပ်ရှင်များ လိုက်နာရမည့် စည်းမျဉ်းများ ရှိသည်။ အဆိုပါစည်းမျဉ်းနှင့် နည်းဥပဒေများကို လိုက်နာကြသူများသည် ၎င်းတို့၏မိသားစုနှင့် နိုင်ငံအပေါ် ဂုဏ်ဆောင်သူ နိုင်ငံသားကောင်းများ အဖြစ် မှတ်ယူခြင်းခံရသည်။ စည်းကမ်းသည် လူများအား လူ့အဖွဲ့အစည်း၏ စည်းမျဉ်းများနှင့် နိုင်ငံ၏ ဥပဒေများကို ချိုးဖောက်ကျူးလွန်ခြင်းမပြုရန် ထိန်းကျောင်းပေးသည်။

စည်းမျဉ်းနှင့် နည်းဥပဒေများသည် လူ့အဖွဲ့အစည်း၏ အဆင့်အသီးသီးတွင် ရှိနေကြပြီး ၎င်းတို့ကို ဥပဒေများနှင့် ခွဲခြားသိရှိနိုင်သည်။ ဥပဒေများသည် ပြည်သူလူထုအတည်ပြုသော အစိုးရ ကန့်သတ်ချက်များကို ရည်ညွှန်းပြီး လိုက်နာမှုမရှိလျှင် ကြီးလေးသောပြစ်ဒဏ်များ ကျခံရနိုင်သည်။ အခြားတစ်ဖက်တွင် စည်းမျဉ်းများကို အိမ်၊ ဆေးရုံ၊ ကျောင်း၊ အလုပ်ခွင် အစရှိသောနေရာများတွင် ရှိနေချိန် လူအများလိုက်နာရန်အတွက် ချမှတ်ပေးထားသော ညွှန်ကြားချက်များကို ရည်ညွှန်းရန်

ပြုလွယ်၊ ပြောင်းလွယ် အသုံးပြုနိုင်သည်။ ယင်းစည်းမျဉ်းများကို ဥပဒေများက လွှမ်းမိုးနိုင်ပြီး ဥပဒေချိုးဖောက်ခြင်းအတွက် အကျိုးဆက်များမှာ မပြင်းထန်ပေ။ နည်းဥပဒေများသည် ဥပဒေသို့မဟုတ် စည်းမျဉ်းများအား စောင့်ကြည့်ခြင်းနှင့် လိုက်နာစေခြင်းတို့ကို ရည်ညွှန်းသည်။

## စည်းမျဉ်းများကို နားလည်သဘောပေါက်ခြင်း

စည်းမျဉ်းများသည် သတ်မှတ်ထားသော အခြေအနေများတွင် ပြုမူမှု သို့မဟုတ် လုပ်ဆောင်မှု အတွက် လမ်းညွှန်အဖြစ် ဆောင်ရွက်ပေးသည်။ စည်းမျဉ်းများသည် မိသားစု၊ ကျောင်းနှင့် အလုပ်ခွင်ကဲ့သို့သော အဖွဲ့အစည်းတစ်ခုနှင့် တစ်ခုအကြား မတူကွဲပြားသည်။ အစိုးရဥပဒေနှင့် အလားတူ သဘောတရားအရ စည်းမျဉ်းနှင့် နည်းဥပဒေများကို အလိုရှိသော ရလဒ်များရရှိရန်နှင့် အနုတ်လက္ခဏာဆောင်သော အကျိုးဆက်များကို ရှောင်ရှားနိုင်ရန် ဖန်တီးပြဋ္ဌာန်းထားသည်။ စည်းမျဉ်းများ ပုံဖော်ဖွဲ့စည်းခြင်း၏ နောက်ကွယ်တွင် ဥပဒေများ၌ ရှိသကဲ့သို့ သုတေသနပြုမှုနှင့် အကျိုးတူပုဂ္ဂိုလ်များ ပူးပေါင်းလုပ်ဆောင်မှုများစွာ မရှိနိုင်ပေ။ သို့ရာတွင် ဆက်လက် အသုံးပြုရန်ဖြစ်သော စည်းမျဉ်းများမှာ အလုပ်ဖြစ်ကြောင်း စမ်းသပ်ပြီးဖြစ်နိုင်သည်။ အဆိုပါ စည်းမျဉ်းများသည် ကျန်းမာရေးနှင့် လုံခြုံမှု ပြဿနာ အခက်အခဲများကို တားဆီးရန်၊ ပဋိပက္ခများကို ရှောင်ရှားရန် တစ်ဦးနှင့်တစ်ဦး မည်သို့ဆက်ဆံရမည်ကို ကျွန်ုပ်တို့အား ညွှန်ကြားရန်နှင့် စနစ်တကျထိရောက်စွာ လုပ်ဆောင်နိုင်သည့် နည်းလမ်းဖြင့် လုပ်ငန်းများကို ဆောင်ရွက်ခွင့်ပြုနိုင်ရန် တည်ရှိနေလေ့ရှိသည်။

## စည်းမျဉ်းနှင့် နည်းဥပဒေများ ချိုးဖောက်ခြင်း၏ အကျိုးဆက်များ

စည်းမျဉ်းများသည် သတ်မှတ်ထားသောအခြေအနေများတွင် ပြုမူမှု သို့မဟုတ် လုပ်ဆောင်မှုအတွက် လမ်းညွှန်အဖြစ် ဆောင်ရွက်ပေးသည်။ အဆိုပါစည်းမျဉ်းများသည် ကျန်းမာရေးနှင့် လုံခြုံမှု ပြဿနာအခက်အခဲများကို တားဆီးရန်၊ ပဋိပက္ခများကို ရှောင်ရှားရန် တစ်ဦးနှင့်တစ်ဦး မည်သို့ဆက်ဆံရမည်ကို ကျွန်ုပ်တို့အား ညွှန်ကြားရန်နှင့် စနစ်တကျ ထိရောက်စွာ လုပ်ဆောင်နိုင်သည့် နည်းလမ်းဖြင့်လုပ်ငန်းများကို ဆောင်ရွက်ခွင့်ပြုနိုင်ရန် တည်ရှိနေလေ့ရှိသည်။


ရုပ်ပုံများကိုကြည့်ရှုပြီးအောက်ပါမေးခွန်းများကိုဖြေဆိုပါ -

၁။ ပုံတွင်ပြသထားသော အပြုအမူမှာအဘယ်နည်း။

၂။ ယင်းအပြုအမူ၏ ဖြစ်နိုင်ဖွယ် အကျိုးဆက်မှာ အဘယ်နည်း။

၃။ မည်သို့သော စည်းမျဉ်းနှင့် နည်းဥပဒေများကို ၎င်းတို့သည် ချိုးဖောက်နိုင်ခြေရှိသနည်း။

၄။ အဆိုပါ အခြေအနေများအနက် မည်သည့်အခြေအနေသည် ကိုယ့်စည်းကမ်းနှင့်ကိုယ် ပြုမူနေထိုင်ခြင်းနှင့် သက်ဆိုင်သနည်း။



## သင်ယူမှုလုပ်ငန်း (၁)

၁။ မေးခွန်းအပေါ် သင်၏ အဖြေများကို အောက်ပါသေတ္တာတွင် ရေးသားပါ။ အဖြေရေးသားရာတွင် "သင်ပြုလုပ်မှုများ မှားယွင်းကြောင်း မလုပ်ဆောင်ရန် တားမြစ်ပြောပြသော စည်းမျဉ်းနှင့် နည်းဥပဒေများမရှိသော်ငြား သင်လုပ်ဆောင်သောအရာများ မှားယွင်းကြောင်း သင်သိရှိသည့် အခြေအနေကို ဖော်ပြပါ"။

# ၄.၁.၃။
# ဥပဒေများ

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -**


- ဥပဒေ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ၎င်းသည် စည်းမျဉ်း၊ နည်းဥပဒေများနှင့် မည်သို့ ဆက်စပ်နေသည်ကို နားလည် သဘောပေါက်လာမည်။
- အမျိုးသားပညာရေးဥပဒေ၏ အရေးပါမှုနှင့် ထိုဥပဒေ၏ ပညာရေးဆိုင်ရာ အလေ့အကျင့်များတွင် အကျိုးသက်ရောက်မှုများကို ဆွေးနွေးတတ်မည်။

## စည်းမျဉ်း၊ နည်းဥပဒေများနှင့် ဥပဒေများအကြား ခြားနားချက်

စည်းမျဉ်းနှင့်နည်းဥပဒေများသည် လူ့အဖွဲ့အစည်း၏ အဆင့်အသီးသီးတွင် ရှိနေကြပြီး ၎င်းတို့ကို ဥပဒေများနှင့် ခွဲခြားသိရှိနိုင်သည်။ ဥပဒေများသည် ပြည်သူလူထုအတည်ပြုသော အစိုးရ ကန့်သတ်ချက်များကို ရည်ညွှန်းပြီး လိုက်နာမှုမရှိလျှင် ကြီးလေးသောပြစ်ဒဏ်များ ကျခံရနိုင်သည်။ အခြားတစ်ဖက်တွင် စည်းမျဉ်းများမှာ အိမ်၊ ဆေးရုံ၊ ကျောင်း၊ အလုပ်ခွင်ရှိသော နေရာများတွင် လူအများ လိုက်နာရန်အတွက် ချမှတ်ပေးထားသော ညွှန်ကြားချက်များကို ရည်ညွှန်းပြီး ပြုလွယ် ပြောင်းလွယ် အသုံးပြုနိုင်သည်။ ယင်းစည်းမျဉ်းများကို ဥပဒေများက လွှမ်းမိုးနိုင်ပြီး စည်းမျဉ်း ချိုးဖောက်ခြင်းအတွက် အကျိုးဆက်များမှာ ဥပဒေကဲ့သို့ မပြင်းထန်ပေ။ နည်းဥပဒေများသည် ဥပဒေသို့မဟုတ် စည်းမျဉ်းများအား စောင့်ကြည့်ခြင်းနှင့် လိုက်နာစေခြင်းတို့ကို ရည်ညွှန်းသည်။ စည်းမျဉ်းများ ပုံဖော်ဖွဲ့စည်းခြင်း၏ နောက်ကွယ်တွင် ဥပဒေများ၌ ရှိသကဲ့သို့ သုတေသနပြုမှုနှင့် အကျိုးတူပုဂ္ဂိုလ်များ ပူးပေါင်းလုပ်ဆောင်မှုများစွာ မရှိနိုင်ပေ။ သို့ရာတွင် ဆက်လက်အသုံးပြု ရန်ဖြစ်သော စည်းမျဉ်းများမှာ အလုပ်ဖြစ်ကြောင်း စမ်းသပ်ပြီးဖြစ်နိုင်သည်။

## ဥပဒေများကို နားလည်သဘောပေါက်ခြင်း

ဥပဒေများကို လူတစ်ဦးချင်း သို့မဟုတ် အဖွဲ့အစည်းများက ဆုံးဖြတ်ပြဋ္ဌာန်းနိုင်သော်လည်း အစိုးရက ချမှတ်သော ဥပဒေများမှာမူ အမိန့်ဆန်ပါသည်။ သို့ရာတွင် လူတစ်ဦးချင်းနှင့် အဖွဲ့အစည်း တစ်ခုချင်းစီ၏ အကျိုးစီးပွားနှင့် ကျင့်ဝတ်ပိုင်းဆိုင်ရာ စံနှုန်းများတွင် ကွဲပြားမှု ရှိနိုင်သည်။ လူတစ်ဦးချင်းစီ၏ အကျိုးစီးပွားများ ကွဲပြားသည့် လူ့အဖွဲ့အစည်းတစ်ခုလုံး၏ ကောင်းကျိုးကို ထိရောက်စွာ ကာကွယ်ရန် အစိုးရဥပဒေတစ်ရပ် လိုအပ်သည်။ ဥပမာ - စူပါမားကက်မှ ဓာတုဗေဒ ဘေးအန္တရာယ် ကင်းစင်သော သားရေထည်ပစ္စည်းများ ဝယ်ယူနိုင်ခြင်းမှာ သက်ဆိုင်ရာဥပဒေနှင့် နည်းဥပဒေများ ရှိခြင်းကြောင့်ဖြစ်သည်။ မိမိတို့၏ကိုယ်ကျိုးစီးပွားကို ရှာဖွေသော စီးပွားရေးလုပ်ငန်းများသည် အမြတ်အစွန်းများစွာ ရရှိနိုင်သည့် ကုန်ပစ္စည်းများ ထုတ်လုပ်ရန် ဈေးပေါသော ကုန်ကြမ်းပစ္စည်းများ အသုံးပြုခြင်းဖြင့် ဘေးအန္တရာယ်ကင်းရှင်းမှု အရေးကိစ္စများကို လျစ်လျူရှုလေ့ရှိသည်။ သို့ဖြစ်ရာ အစိုးရသည် ယုံကြည်စိတ်ချရသော ကုန်ပစ္စည်းများ ဟုတ်၊ မဟုတ် စစ်ဆေးအတည်ပြုရေးအတွက် ဥပဒေများ ပြဋ္ဌာန်းရန် လိုအပ်သည်။ ထို့အပြင် ဥပဒေများနှင့် နည်းဥပဒေများကို အမျိုးမျိုးသော စီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်ဆိုင်ရာ နှင့် နိုင်ငံရေး ရလဒ်များရရှိရန် အသုံးပြုနိုင်သည်။




| စဉ် | ဥပဒေအမည် |
|---|---|
| ၁။ | ၁၉၂၃ ခုနှစ်၊ အလုပ်သမားလျော်ကြေး အက်ဥပဒေ |
| ၂။ | ၁၉၃၄ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အက်ဥပဒေ |
| ၃။ | ၁၉၄၈ ခုနှစ်၊ အလုပ်အကိုင်ဆိုင်ရာ စာရင်း စစ်တမ်းယူခြင်း အက်ဥပဒေ |
| ၄။ | ၁၉၉၉ ခုနှစ်၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေ |
| ၅။ | ၂၀၁၁ ခုနှစ်၊ အလုပ်သမားအဖွဲ့အစည်း ဥပဒေ |
| ၆။ | အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ |
| ၇။ | ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေး ဥပဒေ |
| ၈။ | ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေ ဥပဒေ |
| ၉။ | ၂၀၁၃ ခုနှစ်၊ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ |
| ၁၀။ | ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ |
| ၁၁။ | ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ |
| ၁၂။ | ၁၉၅၉ ခုနှစ်၊ အလုပ်ခန့်ထားမှု ကန့်သတ်ရေး အက်ဥပဒေ |
| ၁၃။ | ၂၀၁၆ ခုနှစ်၊ အခကြေးငွေပေးချေရေး ဥပဒေ |
| ၁၄။ | ၂၀၁၆ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေ |
| ၁၅။ | နိုင်ငံခြားသား အလုပ်သမား ဥပဒေ |
| ၁၆။ | လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် ကျန်းမာရေး ဥပဒေ |

**ပုံ ၄.၁။ အမျိုးသားအလုပ်သမားဥပဒေ[၈]**

[၈]source: https://www.mol.gov.mm/en/laws-and-regulations/ and https://www.mol.gov.mm/mm/reg

## အမျိုးသားပညာရေးဥပဒေ

၂၀၁၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော အမျိုးသားပညာရေးဥပဒေသည် ပညာရေးလုပ်ငန်းများအပေါ် သက်ရောက်မှုကြီးမားစွာ ရှိနေဆဲဖြစ်သည်။ အမျိုးသားပညာရေးဥပဒေသည် ကျောင်းများနိုင်ငံအတွင်း မည်သည့်နေရာတွင်မဆို တည်ရှိနေသည်ဖြစ်စေ အရည်အသွေးမီသော ပညာရေးကို သင်ယူခွင့်ရရှိနိုင်ရန် အာမခံချက်ပေးနိုင်ရေးအတွက် တန်းတူမှုနှင့် စံနှုန်းတူညီမှုရှိစေရန် အထောက်အကူပြုပေးလျက်ရှိသည်။ ဥပဒေများသည် ဆရာများအား စာသင်ကျောင်းခေါင်းဆောင်မှုအတွက် ပံ့ပိုးနိုင်သကဲ့သို့ စည်းမျဉ်းနှင့် နည်းဥပဒေများကို အကျိုးပြုနေသည်။

**အမျိုးသားပညာရေးဥပဒေ**
**(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၁။)**
**၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်**
**(၂၀၁၄ ခုနှစ်၊ စက်တင်ဘာ ၃၀ ရက်)**
**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

**အခန်း(၁)**
**အမည်နှင့် အဓိပ္ပာယ်သတ်မှတ်ချက်**

၁။ ဤဥပဒေကို အမျိုးသားပညာရေးဥပဒေ ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ကော်မရှင်** ဆိုသည်မှာ ဤဥပဒေပုဒ်မ ၅ အရ ဖွဲ့စည်းထားသည့် အမျိုးသားပညာရေး ကော်မရှင်ကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပညာရေးဝန်ကြီးဌာနကို ဆိုသည်။

(င) သက်ဆိုင်ရာဝန်ကြီးဌာန ဆိုသည်မှာ ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အစိုးရအဖွဲ့က တာဝန်ပေးအပ်သော ပြည်ထောင်စုဝန်ကြီးဌာနကို ဆိုသည်။

(စ) **ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့** ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့၊ ပြည်ထောင်စု နယ်မြေ၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့ အသီးသီးကို ဆိုသည်။

(ဆ) **အမျိုးသားပညာရေး** ဆိုသည်မှာနိုင်ငံတော်ရှိ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်များ၏ အနှစ်သာရများကို တန်ဖိုးထား ထိန်းသိမ်း မြှင့်တင်ပြီး ဘက်စုံအတွေးအခေါ် မှန်ကန်၍ အကျင့်စာရိတ္တ ကောင်းမွန်သော လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ရေးနှင့် ခေတ်စနစ်၏ လိုအပ်ချက်များနှင့်အညီ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးသို့ လမ်းညွှန်ပို့ဆောင်နိုင်စွမ်းရှိသည့် ပညာရေးကို ဆိုသည်။

(ဇ) **သင်ယူသူ** ဆိုသည်မှာ မိမိ၏အရည်အချင်းတိုးတက်စေရန် ပညာရေးလမ်းကြောင်းအလိုက် ပညာရေး အဆင့်နှင့် အတန်းတွင် ရရှိနိုင်သည့် ပညာသင်ကြားမှုနည်းစနစ်များ နှင့်အညီ ရှာဖွေခံယူ လေ့လာသင်ယူသူ သို့မဟုတ် ကျောင်းသားကို ဆိုသည်။

(ဈ) **ဆရာ** ဆိုသည်မှာ ပညာရေးအဆင့်တစ်ခုခုတွင် သင်ကြားရေးတာဝန်ထမ်းဆောင်သော သတ်မှတ် အရည်အချင်းနှင့် ပြည့်စုံသည့် သင်ကြားပို့ချသူကို ဆိုသည်။

(ည) **ကျောင်းပညာရေး ဆိုသည်မှာ** သင်ယူသူ၏ အသက်အရွယ်၊ သင်ယူရမည့်အချိန်ကာလ၊ နေရာ၊ အတန်း၊ ပညာရည် စစ်ဆေးတိုင်းတာမှုစနစ်နှင့် တိကျသော သင်ရိုးညွှန်းတမ်းဖြင့် သင်ကြားပေးသော ကျောင်းအခြေပြုမူကြိုပညာရေး၊ မူလတန်းပညာရေး၊ အလယ်တန်းပညာရေး၊ အထက်တန်းပညာရေး၊ နည်းပညာနှင့် သက်မွေးပညာရေးနှင့် အဆင့်မြင့်ပညာရေးတို့ အကျုံးဝင်သည့် ပညာရေးကို ဆိုသည်။

(ဌ) **ကျောင်းပြင်ပ ပညာရေး** ဆိုသည်မှာ သင်ရိုးညွှန်းတမ်းများကို အခြေခံ၍ သင်ယူလိုသူများ ပညာရည် မြင့်မားလာစေရန် ကျောင်းပညာရေးစနစ်ပြင်ပတွင် ပြင်ဆင်ပြောင်းလဲနိုင်သော နည်းလမ်းများဖြင့် စည်းရုံးသင်ကြားပေးသည့် ပညာရေးကို ဆိုသည်။

(ဍ) **တန်းညှိပညာရေးအစီအစဉ်** ဆိုသည်မှာ ကျောင်းပြင်ပ ပညာရေးအစီအစဉ်အရ သင်ယူရရှိသည့် ပညာအဆင့်အတန်းကို ကျောင်းပညာရေး အဆင့်အတန်းများနှင့် အရည်အချင်း ညှိနှိုင်းသတ်မှတ်ပေးသော အစီအစဉ်ကို ဆိုသည်။

(ဎ) **ကိုယ်တိုင်သင်ယူပညာရေး** ဆိုသည်မှာ မိမိလိုအပ်ချက်နှင့် စိတ်ဝင်စားမှုအရ မိမိကိုယ်တိုင် သတ်မှတ်သင်ယူသော ပညာရေးကို ဆိုသည်။

(ဏ) **ရှေးဦးအရွယ်ကလေးသူငယ်ပညာရေး** ဆိုသည်မှာ မွေးစမှ အသက်ရှစ်နှစ်ပြည့်သည့် အရွယ်အထိ ကလေးသူငယ်များ ဘက်စုံဖွံ့ဖြိုးမှုရရှိစေရန်၊ ဖွံ့ဖြိုးမှုအဆင့် နှင့်ကိုက်ညီသော နည်းလမ်းများကို အသုံးပြုပြီး ပြုစုပျိုးထောင်ပေးသော ပညာရေးကို ဆိုသည်။

(ဏ) **မူကြိုပညာရေး** ဆိုသည်မှာ အသက်(၃)နှစ်မှ (၅)နှစ်အရွယ်ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြေခံပညာ ဆက်လက်သင်ယူနိုင်ရေးတို့အတွက် ပြုစု ပျိုးထောင်ပေးသော ပညာရေးကို ဆိုသည်။

(တ) **သူငယ်တန်းပညာရေး** ဆိုသည်မှာ ပထမတန်းသို့ ကူးပြောင်းမှုလွယ်ကူစေရန် အသက်(၅)နှစ် ပြည့်ပြီး ကလေးများအတွက် ဘက်စုံဖွံ့ဖြိုးမှုနှင့် သင့်လျော်သော နည်းလမ်းများကို အသုံးပြုပြီး ပြုစုပျိုးထောင်ပေးသည့် ပညာရေးကို ဆိုသည်။

(ထ) **အခြေခံပညာရေး** ဆိုသည်မှာ နိုင်ငံသားတိုင်းတတ်မြောက်ရန် သတ်မှတ်ထားသော ပညာ အခြေခံကို သင်ယူတတ်မြောက်စေရန်နှင့် နည်းပညာနှင့် သက်မွေးပညာရပ် တစ်ခုခုကို ဖြစ်စေ၊ အဆင့်မြင့်ပညာကိုဖြစ်စေ၊ ဆက်လက်သင်ယူနိုင်စေရန် သင်ကြားလေ့ကျင့်ပေးသည့် ပညာရေးကို ဆိုသည်။

(ဒ) **နည်းပညာနှင့်သက်မွေးပညာရေး** ဆိုသည်မှာ လက်တွေ့နည်းပညာကျွမ်းကျင်သူများ၊ စက်မှုလက်မှု အတတ်ပညာရှင်များ၊ ကျွမ်းကျင်သူများနှင့် သက်မွေးပညာရပ်ဆိုင်ရာ အသိပညာရှင်များ၊ အတတ်ပညာ ရှင်များ၊ ကျွမ်းကျင်သူများကို စနစ်တကျမွေးထုတ်ပေးသည့် ပညာရေးကို ဆိုသည်။

(ဓ) **အဆင့်မြင့်ပညာရေး** ဆိုသည်မှာ အခြေခံပညာရေး၏ အမြင့်ဆုံးအဆင့် သို့မဟုတ် ယင်းနှင့် တူညီသောအဆင့် အောင်မြင်ပြီးသူများကို အမျိုးသားပညာရေး ကော်မရှင်က အသိအမှတ်ပြုထားသည့် ကျောင်းတစ်ခုခုမှ လေ့ကျင့်သင်ကြားပေးသည့်ပညာရေးကို ဆိုသည်။

(န) **ဆရာအတတ်ပညာရေး** ဆိုသည်မှာ ဆရာအတတ်ပညာဖြင့် လုပ်ငန်းခွင်စတင်ဝင်ရောက် မည့်သူများနှင့် လုပ်ငန်းခွင်ရောက်ရှိနေသူများက သင်ယူသူများ၏ သင်ယူမှုတိုးတက်ရေးကို ဆောင်ရွက်နိုင်စေရန် လိုအပ်သောအသိပညာ၊ အတတ်ပညာကျွမ်းကျင်မှု၊ စိတ်နေသဘောထားနှင့် အတွေ့အကြုံများရရှိစေသည့် ပညာရေးကို ဆိုသည်။

(ပ) **အဝေးသင်ပညာရေး** ဆိုသည်မှာ ပညာရေးဆိုင်ရာအဖွဲ့အစည်းတစ်ခုခု၏ ကြီးကြပ်မှုအစီအစဉ်ဖြင့် ဆရာနှင့် သင်ယူသူတို့အကြား သင်ထောက်ကူနည်းလမ်းများဖြစ်သော သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာနှင့် အခြားလူထုဆက်သွယ်ရေး မီဒီယာနည်းလမ်းများကို အသုံးပြု၍ သင်ကြားမှု၊ သင်ယူမှုများပြုလုပ်ပေးသော ကိုယ်တိုင်လေ့လာသင်ယူမှုကို အခြေခံသည့်ပညာရေးကို ဆိုသည်။

(ဖ) **ရပ်ရွာအခြေပြုပညာရေး** ဆိုသည်မှာ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာရှိ ပြည်သူများကို ပညာရေးဖြင့် လူနေမှုအဆင့်အတန်းတိုးတက်စေရန်နှင့် အသိဉာဏ်ပညာမြင့်မားစေရန် ယင်းတို့၏ ဆန္ဒအပေါ်တွင် အခြေခံ၍ သင်ကြားပေးသည့် ပညာရေးကို ဆိုသည်။
(ဗ) **အခမဲ့ မသင်မနေရပညာရေး** ဆိုသည်မှာ နိုင်ငံတော်က အခမဲ့မသင်မနေရပညာရေး ဟု သတ်မှတ်သည့် ပညာရေးအဆင့်ကို ကျောင်းနေအရွယ်ကလေးတိုင်း သင်ယူပြီးမြောက်ရေးအတွက် အစိုးရအဖွဲ့နှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်တို့က သတ်မှတ်ချက်နှင့်အညီ အပြည့်အဝ ထောက်ပံ့ကူညီမှုပေးထားသည့် ပညာရေးကို ဆိုသည်။
(ဘ) **အထူးပညာရေးအစီအစဉ်** ဆိုသည်မှာ မသန်စွမ်းသူများအတွက် အထူးအစီအစဉ်ဖြင့် သင်ကြားပေးသောကျောင်းများ တည်ထောင်ဖွင့်လှစ်ခြင်းကို ဆိုသည်။
(မ) **ပညာရေးအထူးဝန်ဆောင်မှု** ဆိုသည်မှာ နယ်မြေအေးချမ်းမှုမရှိသော၊ တိုးတက်ဖွံ့ဖြိုးမှုနည်းပါးသော၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ဒေသများနှင့် သဘာဝဘေးအန္တရာယ် ကြုံတွေ့နေရသော ဒေသများ အတွက် အရေးပေါ်ယာယီကျောင်းများ ဖွင့်လှစ်သင်ကြားပေးခြင်းကို ဆိုသည်။
(ယ) **အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီ** ဆိုသည်မှာ နိုင်ငံတော်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ပညာရေးမူဝါဒများ၊ စီမံကိန်းများ၊ ပညာရေးအမျိုးအစားများနှင့် ပညာရေးအဆင့် အသီးသီး၏ အရည်အသွေးအာမခံမှုကို အကဲဖြတ် ဆောင်ရွက်ရန် ဖွဲ့စည်းထားသော အဖွဲ့အစည်းကို ဆိုသည်။
(ရ) **အရည်အသွေးအာမခံမှု** ဆိုသည်မှာ ကျောင်းနှင့် ထိုကျောင်းရှိ သင်ကြားသင်ယူမှုအစီအစဉ်များ သည် အမျိုးသားပညာရေးကော်မရှင်က ချမှတ်ထားသော စံချိန်စံညွှန်းများနှင့် ကိုက်ညီမှု အခြေအနေကို အမြဲမပြတ် စိစစ်အကဲဖြတ်ခြင်းနှင့် အရည်အသွေးအဆင့်သတ်မှတ်ခြင်းနှင့် အာမခံချက်ပေးခြင်းကို ဆိုသည်။
(လ) **သင်ရိုးညွှန်းတမ်း** ဆိုသည်မှာ ပညာရေးရည်မှန်းချက်များ အောင်မြင်စေရန် ရည်ရွယ်၍ သင်ယူမှု ရလဒ်များ၊ သင်ရိုးဝင်အကြောင်းအရာများ၊ သင်ကြားသင်ယူမှု နည်းလမ်းများနှင့် တတ်မြောက်မှု စစ်ဆေးခြင်းတို့အပါအဝင် ကျောင်းတွင်းနှင့် ကျောင်းပြင်တို့၌ လေ့လာသင်ယူရမည့် ပညာရပ်နယ်ပယ်အလိုက် စနစ်တကျ ရေးဆွဲသတ်မှတ်ထားသော အစီအစဉ်များကို ဆိုသည်။
(ဝ) **ကျောင်း** ဆိုသည်မှာ မူကြိုပညာရေး၊ အခြေခံပညာရေး၊ နည်းပညာနှင့် သက်မွေးပညာရေး၊ အဆင့်မြင့်ပညာရေးအတွက် သင်ကြားသင်ယူသည့်နေရာဌာနကို ဆိုသည်။
(သ) **မိဘဆရာအသင်း** ဆိုသည်မှာ အခြေခံပညာကျောင်းများတွင် သင်ယူသူများ၏ ပညာတတ်မြောက် ရေးနှင့် ကိုယ်၊ နှုတ်၊ နှလုံး ကောင်းမွန်လာရေးကို ပိုမိုထိရောက် အောင်မြင်စေရန် မိဘ သို့မဟုတ် အုပ်ထိန်းသူတို့ နှင့် ဆရာတို့အတူတကွ ပူးပေါင်းဖွဲ့စည်းထားသောအဖွဲ့ကို ဆိုသည်။
(ဟ) **ကျောင်းအကျိုးဆောင်အဖွဲ့** ဆိုသည်မှာ အခြေခံပညာကျောင်းများတွင် မိဘဆရာအသင်းကို ဖြည့်ဆည်းပြီး ပညာရေးနှင့် လူမှုရေးဆိုင်ရာကဏ္ဍတို့တွင် အများကြည်ညိုလေးစားမှုရှိသူများ ပါဝင်သည့် ကျောင်းပညာရေး ဖွံ့ဖြိုးမှုလုပ်ငန်းများဆောင်ရွက်ရန် ဖွဲ့စည်းထားသည့်အဖွဲ့အစည်းကို ဆိုသည်။
(ဠ) **ပညာရေးစီမံခန့်ခွဲသူ** ဆိုသည်မှာ ပညာရေးဆိုင်ရာဌာန သို့မဟုတ် ကျောင်း၏စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်သော ပုဂ္ဂိုလ်ကို ဆိုသည်။

**အခန်း(၂)**
**အမျိုးသားပညာရေးရည်မှန်းချက်များ**

၃။ အမျိုးသားပညာရေးရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တွေးခေါ်ကြံဆ ဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရှိ၍ ဗလငါးတန်ပြည့်စုံသည့် နိုင်ငံသားကောင်းများ ဖြစ်ထွန်းရေးကို ဦးတည်လေ့ကျင့်ပေးရန်၊

(ခ) ပြည်သူ့နီတိ၊ ဒီမိုကရေစီကျင့်စဉ်နှင့် လူ့အခွင့်အရေးဆိုင်ရာ စံနှုန်းများဖြင့် ဥပဒေကို လေးစား လိုက်နာသော နိုင်ငံသားများဖြစ်လာစေရေးအတွက် လေ့ကျင့်ပြုစုပျိုးထောင်ပေးရန်၊

(ဂ) ပြည်ထောင်စုစိတ်ဓာတ် ဖွံ့ဖြိုးပြီး တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့၊ သမိုင်းအမွေအနှစ်နှင့် သဘာဝပတ်ဝန်းကျင်တို့ကို တန်ဖိုးထား၍ ထိန်းသိမ်း မြှင့်တင်နိုင်ပြီး ယင်းတို့ကို လက်ဆင့်ကမ်းနိုင်သည့် နိုင်ငံသားများ ဖြစ်လာစေရန်၊

(ဃ) ပညာအခြေပြု လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်များကို လေ့ကျင့်ပြုစု ပျိုးထောင်ပေးရန်၊

(င) နိုင်ငံတကာအဆင့်မီ ပညာရပ်ဆိုင်ရာ ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန်နှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို ထိရောက်စွာအသုံးပြုခြင်းဖြင့် သင်ကြားရေး၊ သင်ယူရေး၊ သုတေသနနှင့်စီမံခန့်ခွဲရေးဆိုင်ရာလုပ်ငန်းများ၏ အရည်အသွေး မြင့်မားလာစေရန်၊

(စ) ပညာရပ်နယ်ပယ်အလိုက် ကျွမ်းကျင်စွာ တတ်မြောက်သော ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်၊ နည်းပညာနှင့်သက်မွေးပညာဆိုင်ရာ ကျွမ်းကျင်သူများကို လေ့ကျင့်ပြုစုပျိုးထောင်ပေးရန်၊

(ဆ)အားကစားကဏ္ဍကို အားပေးမြှင့်တင်ခြင်းနှင့် ကျောင်းကျန်းမာရေးလုပ်ငန်းများကို စနစ်တကျ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်။

## အခန်း(၃)
## အမျိုးသားပညာရေးဆိုင်ရာ အခြေခံမူများ

၄။ အမျိုးသားပညာရေးဆိုင်ရာ အခြေခံမူများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပညာရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပညာရေးမြှင့်တင်မှုတို့အတွက် နိုင်ငံသားတိုင်း ပူးပေါင်းပါဝင်ဆောင်ရွက်စေရေး၊

(ခ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများကို သက်ဆိုင်ရာဥပဒေနှင့်အညီ တည်ထောင်ခွင့်ပြုခြင်းနှင့် ပညာရေးလုပ်ငန်းများ၌ ပုဂ္ဂလိက ကဏ္ဍ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို အားပေးမြှင့်တင်ရေး၊

(ဂ) ကျောင်းနေအရွယ် ကလေးသူငယ်နှင့် လူငယ်အားလုံး ပညာသင်ယူခွင့်ရရှိရေးအတွက် မသန်စွမ်းသူ နိုင်ငံသားများ အပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့်မရရှိသူများကို လူတိုင်းအကျုံးဝင်ပညာရေးအရ ပညာသင်ယူနိုင်ခွင့်ရရှိစေရန် အထူးပညာရေးအစီအစဉ်နှင့် ပညာရေးအထူးဝန်ဆောင်မှု အစီအစဉ်ထားရှိရေး၊

(ဃ) နိုင်ငံသားတိုင်းပညာသင်ယူခွင့်ရရှိပြီး ဘဝတစ်လျှောက် စဉ်ဆက်မပြတ်လေ့လာသင်ယူနိုင်သော ပညာရေးအခွင့်အလမ်းများ ဖန်တီးပေးရေး၊

(င) နိုင်ငံတကာ ပညာရေးအဆင့်ရှိစေရေးအတွက် ခေတ်မီနည်းပညာများကို အသုံးပြုဆောင်ရွက်ရေး

(စ) လူမှုစီးပွားရေးဘဝတွင် လက်တွေ့အသုံးချနိုင်သည့် ပညာရေးဖြစ်စေရေး၊

(ဆ) တက္ကသိုလ်နှင့်ကောလိပ်များသည် လွတ်လပ်သော ကိုယ်ပိုင်စီမံခန့်ခွဲခွင့်ဖြင့် ရပ်တည်ရေး၊

(ဇ) သင်ယူလိုသူ၏ဆန္ဒကို အခြေခံပြီး သက်ဆိုင်ရာတက္ကသိုလ်ကောလိပ်များ၏ သတ်မှတ်ထားသော အရည်အချင်းပြည့်မီမှုအရ ရွေးချယ်နိုင်ခွင့်ရှိသော တက္ကသိုလ်ဝင်ခွင့်စနစ်ကို ကျင့်သုံးစေရေး၊

(ဈ) ကျောင်းများတွင် ဘာသာရေးနှင့် နိုင်ငံရေးဆိုင်ရာ စွက်ဖက်မှုများမှ ကင်းလွတ်စေရေး၊

(ည) အခမဲ့ မသင်မနေရ မူလတန်းပညာရေးကို ဦးတည်အကောင်အထည်ဖော်ပြီး အဆင့်ဆင့်တိုးချဲ့ဆောင်ရွက်ရေး၊

(ဋ) ပညာရပ်နယ်ပယ်အားလုံးကို တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံတော်၏လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုအတွက် အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်သော အသိပညာရှင်၊ အတတ်ပညာရှင်၊ နည်းပညာနှင့် သက်မွေးပညာကျွမ်းကျင်သူများကို အဆင့်အလိုက် မွေးထုတ်ရေး၊

(ဌ) ပညာရေးအဆင့်တိုင်းနှင့် ပညာရပ်နယ်ပယ်အသီးသီးတွင် ပညာရေးအဆင့်အတန်းသတ်မှတ်ပြီး အရည်အသွေးအာမခံမှုရှိသော စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရေး

(ဍ) ပညာရေးဝန်ထမ်းအားလုံး၏ အရည်အသွေးနှင့် လူမှုဘဝမြှင့်တင်ရေးကို အလေးထားဆောင်ရွက်စေခြင်းဖြင့် ကိုယ်ကျင့်တရားကောင်းမွန်ကာ ကိုယ်ပိုင်ဆုံးဖြတ်ဆောင်ရွက်နိုင်မှုနှင့် ကိုယ်တိုင်တာဝန်ယူတတ်မှုကို ဖွံ့ဖြိုးလာမှုအပေါ် မူတည်၍ ဗဟိုချုပ်ကိုင်မှုလျှော့ချသည့်စနစ်ကို ကျင့်သုံးရေး။

## အခန်း(၄)
## အမျိုးသားပညာရေးကော်မရှင်ဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ အစိုးရအဖွဲ့သည် -

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်တစ်ဦးဦးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းရင်းသား ပညာရှင်များနှင့် အခြားသင့်လျော်သော ပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ် ပါဝင်သည့် အမျိုးသားပညာရေးကော်မရှင်ကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က)အရ ဖွဲ့စည်းသော ကော်မရှင်ကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အမျိုးသားပညာရေးရည်မှန်းချက်များနှင့် ပညာရေးဆိုင်ရာအခြေခံမူများ အကောင်အထည်ဖော်ဆောင်ရွက်မှုကို လမ်းညွှန်ခြင်း၊

(ခ) အမျိုးသားပညာရေးရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဥပဒေနှင့်အညီ လိုအပ်သောကော်မတီ သို့မဟုတ် အဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဂ) ပညာရေးစနစ်နှင့် ပညာရေးဆိုင်ရာ မူဝါဒများ၊ ပညာရေးဆိုင်ရာ စီမံကိန်းများအကောင်အထည်ဖော်မှု အပေါ် အကဲဖြတ်ခြင်း၊ သုံးသပ်ခြင်းနှင့်အကြံပြုခြင်း၊

(ဃ) အရည်အသွေးအာမခံမှုစံချိန်စံညွှန်းများ သတ်မှတ်နိုင်ရန် မူဝါဒများချမှတ်ခြင်းနှင့် လမ်းညွှန်ခြင်း၊

(င) ပညာရေးကဏ္ဍအတွက် အစိုးရအဖွဲ့၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များထံမှ ငွေကြေးနှင့် အထောက်အပံ့များ ရရှိရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) ပညာရေးကဏ္ဍတွင် ပြည်တွင်းပြည်ပမှ ငွေကြေးနှင့် အထောက်အပံ့များ ရယူသုံးစွဲခြင်း အတွက် မူဝါဒများ ချမှတ်ခြင်း၊

(ဆ) ပြည်တွင်းပြည်ပကျောင်းများ ဖွင့်လှစ်ခြင်း၊ ဖွင့်လှစ်ခွင့်ရပ်ဆိုင်းခြင်းနှင့် ပိတ်သိမ်းခြင်းဆိုင်ရာ မူဝါဒများချမှတ်ခြင်း

(ဇ) ဝန်ကြီးဌာနနှင့်သက်ဆိုင်ရာဝန်ကြီးဌာနများက ပြုစုတင်ပြသော ပညာရေးဆိုင်ရာ ရေတို၊ ရေရှည် စီမံကိန်းများနှင့် စပ်လျဉ်း၍ လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးခြင်း

၇။ ကော်မရှင်သည် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့်သိပ္ပံများ၏ လွတ်လပ်သော ကိုယ်ပိုင်စီမံခန့်ခွဲမှုကို မထိခိုက်စေပဲ မူဝါဒပိုင်းဆိုင်ရာ ကိစ္စရပ်များတွင်သာ ပေါင်းစပ်ဖြည့်ဆည်းပေးခြင်းဖြင့် ယင်းတို့၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရမည်။

၈။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မရှင်အဖွဲ့ဝင်များသည် အစိုးရအဖွဲ့က သတ်မှတ်သည့် ချီးမြှင့်ငွေနှင့်စရိတ်ကို ခံစားခွင့်ရှိသည်။

၉။ ကော်မရှင်နှင့် စပ်လျဉ်းသည့် ရုံးလုပ်ငန်းတာဝန်များကို ဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ပေးရမည်။

၁၀။ကော်မရှင်နှင့် စပ်လျဉ်းသည့် ကုန်ကျစရိတ်များကို ဝန်ကြီးဌာန၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံစေရမည်။

**အခန်း(၅)**
**အမျိုးသားပညာရေးစနစ်**

၁၁။ နိုင်ငံတော်သည် အမျိုးသားပညာရေးစနစ် အကောင်အထည်ဖော်ရာတွင် အောက်ပါပညာရယူနည်းများ ကျင့်သုံး၍ ယင်းတို့ကို တစ်ခုနှင့်တစ်ခု ဆက်စပ်ဆောင်ရွက်ရမည် -

(က) ကျောင်းပညာရေး

(ခ) ကျောင်းပြင်ပပညာရေး

(ဂ) ကိုယ်တိုင်သင်ယူပညာရေး။

၁၂။ ရှေးဦးအရွယ် ကလေးသူငယ်ပညာရေးကို တည်ဆဲဥပဒေများ နှင့်အညီ မိဘ၊ ရပ်ရွာနှင့် သင့်လျော်သော ဌာန၊ အဖွဲ့အစည်းများက အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၁၃။ မူကြိုပညာရေးတွင် အသက်(၃)နှစ် မှ(၅) နှစ်အထိ မူကြိုပညာရေးကို အကောင်အထည်ဖော်ရမည်။

၁၄။ နိုင်ငံတော်သည် ကျောင်းပညာရေးကို အောက်ပါအတိုင်းခွဲခြားသတ်မှတ် အကောင်အထည် ဖော်ဆောင်ရွက်ရမည် -

(က) အခြေခံပညာရေး

(ခ) နည်းပညာနှင့် သက်မွေးပညာရေး

(ဂ) အဆင့်မြင့်ပညာရေး။

၁၅။ ရပ်ကွက် သို့မဟုတ် ကျေးရွာများတွင် အခြေခံပညာအဆင့်ကျောင်းပညာရေးနှင့် ကျောင်းပြင်ပ ပညာရေးတို့ ပူးတွဲသင်ကြားနိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို အစိုးရအဖွဲ့နှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ အဆင့်ဆင့်တို့က ကူညီပံ့ပိုးရမည်။

၁၆။ (က) အခြေခံပညာရေးကို အောက်ပါအတိုင်း အဆင့် (၃) ဆင့်ခွဲခြားထားပြီး သူငယ်တန်း ပညာရေး ပြီးသည့်နောက် ပညာသင်နှစ် စုစုပေါင်းကာလမှာ (၁၂) နှစ်ကို ဦးတည်၍ ဆောင်ရွက်ရန် ဖြစ်သည် -

(၁) မူလတန်းအဆင့် ပညာရေး

(၂) အလယ်တန်းအဆင့် ပညာရေး

(၃) အထက်တန်းအဆင့် ပညာရေး

(ခ) သူငယ်တန်းပညာရေးကို မူလတန်းအဆင့်ပညာရေး၏ အခြေခံအတန်းအဖြစ် သတ်မှတ်သည်။

(ဂ) ပုဒ်မခွဲ (က) ပါ ပညာရေးအဆင့်တစ်ခုပြီးမြောက်မှုအတွက် သင်ယူတတ်မြောက်မှုအဆင့်ကို စစ်ဆေးအကဲဖြတ်ရမည်။

၁၇။ အခမဲ့ မသင်မနေရ မူလတန်းပညာရေးကို ဦးတည်ဖော်ဆောင်ပြီး အဆင့်ဆင့်တိုးချဲ့ဆောင်ရွက် ရမည်။

၁၈။ (က) အသက် (၅) နှစ် ပြည့်ပြီးသည့် ကလေးများသည် သူငယ်တန်းပညာရေးကို စတင်သင်ယူရမည်။

(ခ) အသက် (၆) နှစ် ပြည့်ပြီးသည့်ကလေးများသည် မူလတန်းအဆင့်ပညာရေးကို စတင်သင်ယူရမည်။

၁၉။ အင်္ဂလိပ်စာကို မူလတန်းမှစ၍ သင်ကြားရမည်။

၂၀။ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် -
(က) ကျောင်းပညာရေးနှင့် ကျောင်းပြင်ပ ပညာရေးတို့အတွက် ဆရာအတတ်ပညာ ဖွံ့ဖြိုးစေရန် အကောင်အထည်ဖော်ဆောင်ရွက်ရမည်။
(ခ) ဆရာအတတ်ပညာနှင့် သက်ဆိုင်သော ကျောင်းဝင်ခွင့်၊ သင်ရိုးညွှန်းတမ်းနှင့် သင်တန်းကာလများကို သက်ဆိုင်ရာနည်းဥပဒေများတွင် သတ်မှတ်ပြဋ္ဌာန်းရမည်။
(ဂ) နိုင်ငံတော်ရှိ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်တို့၏ အနှစ်သာရများကို တန်ဖိုးထား၍ တိုင်းရင်းသားအားလုံး ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လမ်းညွှန်ပို့ဆောင်နိုင်စွမ်းရှိသည့် ဆရာများကို မွေးထုတ်ရမည်။
၂၁။ နည်းပညာနှင့် သက်မွေးပညာရေးကို အောက်ပါအတိုင်း ခွဲခြားသတ်မှတ်သည် -
(က) မူလတန်းအဆင့် အောင်မြင်ပြီးမြောက်သူများ တက်ရောက်နိုင်သော အခြေခံအဆင့် နည်းပညာနှင့် သက်မွေးပညာရေး၊
(ခ) အလယ်တန်းအဆင့် အောင်မြင်ပြီးမြောက်သူများ တက်ရောက်နိုင်သောအလယ်တန်း အဆင့်နည်းပညာနှင့် သက်မွေးပညာရေး၊
(ဂ) အခြေခံပညာအထက်တန်းအဆင့် အောင်မြင်ပြီးမြောက်သူများ တက်ရောက်နိုင်သော ဘွဲ့ကြို ဒီပလိုမာ အဆင့်နည်းပညာနှင့် သက်မွေးပညာရေး၊
(ဃ) ပညာအရည်အချင်း ကျား/မ အသက်အရွယ်တို့ကို မကန့်သတ်ပဲ ကျွမ်းကျင်မှုကို မြှင့်တင်နိုင်ရန် သတ်မှတ်ချက်များ နှင့်အညီ အစိုးရ သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းများက ဖွင့်လှစ်သော ကျောင်းပြင်ပ နည်းပညာနှင့် သက်မွေးပညာရေး။
၂၂။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ပုဒ်မ(၂၁) ပါပညာရေးအဆင့်များ၏သင်ရိုးညွှန်းတမ်း သင်တန်းကာလ၊ အပ်နှင်းမည့် ဒီပလိုမာနှင့် အောင်လက်မှတ် အမျိုးအစားတို့ကို သက်ဆိုင်ရာသင်တန်းပေါ် မူတည်၍ သတ်မှတ်ရမည်။
၂၃။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် နိုင်ငံသားများအတွက် နည်းပညာနှင့် သက်မွေးပညာရပ်များ သင်ယူနိုင်မှုအခွင့်အလမ်းများ ကျယ်ပြန့်စွာရရှိစေရန် တိုးမြှင့်ဆောင်ရွက်ရမည်။
၂၄။ နည်းပညာနှင့် သက်မွေးပညာရေးဆိုင်ရာ ကျောင်းများနှင့် သင်တန်းများကို သက်ဆိုင်ရာဥပဒေ နှင့်အညီ စီမံခန့်ခွဲခွင့်ရှိသော ကျောင်းများနှင့် သင်တန်းများအဖြစ် ထူထောင်ရမည်။
၂၅။ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံများနှင့် ယင်းတို့နှင့်အဆင့်တူညီသည့် ကျောင်းများသည် အဆင့်မြင့်ပညာရေးကို အကောင်အထည်ဖော်ရမည်။
၂၆။ အဆင့်မြင့်ပညာရေးကို အကောင်အထည်ဖော်သည့်ကျောင်းများတွင် လွတ်လပ်သည့် သင်ကြား သင်ယူမှု နှင့် လွတ်လပ်စွာ စီမံခန့်ခွဲရေးစနစ်ကို ကျင့်သုံးရမည်။
၂၇။ ကော်မရှင်သည် အဆင့်မြင့်ပညာရေးနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များကို လိုအပ်သလို ညှိနှိုင်းဆောင်ရွက်နိုင်ရန် သင့်လျော်သောပုဂ္ဂိုလ်များဖြင့် လွတ်လပ်စွာရပ်တည်သော အဆင့်မြင့်ပညာ ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီကို ဖွဲ့စည်းပေးရမည်။

၂၈။ အဆင့်မြင့်ပညာသင်ကြားရေးကို အကောင်အထည်ဖော်သည့်ကျောင်းများသည် -

(က) သုတေသနနှင့် ပညာရပ်ဖွံ့ဖြိုးမှုကို ဦးစားပေးဆောင်ရွက်ရမည်။

(ခ) သင်ယူသူများအား ယင်းတို့၏ဆန္ဒကို အခြေခံပြီး သက်ဆိုင်ရာကျောင်းက သတ်မှတ်ထားသော အရည်အချင်း ပြည့်မီမှုအရ သင်ယူလိုသော ပညာရပ်နှင့် ကျောင်းတို့ကို လွတ်လပ်စွာ ရွေးချယ်ခွင့်ရှိစေရန် စီစဉ်ဆောင်ရွက်ရမည်။

၂၉။ အဆင့်မြင့်ပညာရေးကို အကောင်အထည်ဖော်ရာတွင် အဝေးသင်ပညာရေးစနစ်ကိုလည်း ကျင့်သုံးမည်။

၃၀။ အခြေခံပညာ အထက်တန်းအဆင့် ပညာရေး၊ နည်းပညာနှင့် သက်မွေးပညာရေး၊ ဆရာအတတ် ပညာရေး နှင့် အဆင့်မြင့်ပညာရေးတို့သည် တစ်ခုနှင့်တစ်ခု ဆက်သွယ်ကူးပြောင်းသင်ယူနိုင်သည့် အစီအစဉ် ရှိရမည်။

၃၁။ ဝန်ကြီးဌာနသည် ရပ်ရွာအခြေပြု အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများဖြင့် ကျောင်းပြင်ပပညာရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အားပေးရမည်။

၃၂။ ဝန်ကြီးဌာနသည် ကျောင်းပြင်ပပညာရေးနှင့် စပ်လျဉ်း၍ -

(က) အခြေခံစာတတ်မြောက်ရေးနှင့် ယင်း၏နောက်ဆက်တွဲလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(ခ) အကြောင်းအမျိုးမျိုးကြောင့် အခြေခံပညာရေးအဆင့်အသီးသီးကို ဆုံးခန်းတိုင် မသင်ကြားခဲ့ရသူများအား ထိုပညာရေးအဆင့် ပြီးမြောက်စေရန်နှင့် ကျောင်းပြင်ပမှ ပညာသင်ကြားလိုသူများ ဆက်လက် သင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

(ဂ) ကျောင်းပြင်ပ ပညာရေးမှ ကျောင်းပညာရေး သို့မဟုတ် နည်းပညာနှင့် သက်မွေးပညာရေးသို့ ကူးပြောင်းနိုင်သည့် တန်းညှိပညာရေး အစီအစဉ်ကို ဆောင်ရွက်ရမည်။

၃၃။ ဝန်ကြီးဌာနသည် နိုင်ငံသားတိုင်း အရည်အသွေးမြင့်မားစေရန်အတွက် ကိုယ်တိုင်သင်ယူ ပညာရေး အပါအဝင် ဆက်လက်သင်ယူနိုင်သော အခွင့်အလမ်းရရှိစေရန် -

(က) သင်ကြားလေ့လာနိုင်မည့် အခြေအနေများနှင့် အစီအစဉ်များကို ဆောင်ရွက်ပေးရမည်။

(ခ) ပုဂ္ဂလိက သို့မဟုတ် အဖွဲ့အစည်းများက ပုဒ်မခွဲ (က) ပါ အစီအစဉ်များကို ဆောင်ရွက်နိုင်ရန် စည်းရုံး တိုက်တွန်းရမည့်အပြင် ယင်းတို့ကိုယ်တိုင် ဆောင်ရွက်ခြင်းကိုလည်း ခွင့်ပြုရမည်။

(ဂ) စာအုပ်စာတမ်းများ ထုတ်ဝေခြင်းနှင့် မီဒီယာအမျိုးမျိုးကို အသုံးပြုထုတ်လွှင့် ဖြန့်ချိမှုပညာရေး အစီအစဉ်များ ဆောင်ရွက်ရမည်။

(ဃ) လေ့လာသင်ယူနိုင်မည့် စာကြည့်တိုက်များနှင့် ပြတိုက်များဖွံ့ဖြိုးနေစေရန် ပုဂ္ဂလိကနှင့် ဒေသန္တရ အဖွဲ့အစည်းများအနေဖြင့် ဆောင်ရွက်လိုပါက အားပေးကူညီရမည်။

**အခန်း(၆)**
**ကျောင်းအမျိုးအစား**

၃၄။ ကျောင်းအမျိုးအစားကို အောက်ပါအတိုင်း သတ်မှတ်သည်။
(က) အစိုးရကျောင်းများ
(ခ) အစိုးရ အထောက်အပံ့ခံ ကျောင်းများ
(ဂ) ဒေသန္တရ အဖွဲ့အစည်းပိုင် ကျောင်းများ
(ဃ) ကိုယ်ပိုင် သို့မဟုတ် အဖွဲ့အစည်းပိုင်ကျောင်းများ
(င) ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ
(စ) ပရဟိတကျောင်းများ
(ဆ) အထူးပညာရေး အစီအစဉ်ကျောင်းများ
(ဇ) ရွှေ့လျားနှင့် အရေးပေါ်ကျောင်းများ
(ဈ) ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့် ကျောင်းများ

၃၅။ အခြေခံပညာရေးကျောင်း၊ သင်တန်းကျောင်း၊ နည်းပညာနှင့် သက်မွေးပညာရေးကျောင်း၊ အဆင့်မြင့်ပညာရေး အဆင့်အတန်းရှိသော ကျောင်း၊ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံများနှင့် နိုင်ငံခြား တက္ကသိုလ်တစ်ခုခု၏ ကျောင်းခွဲများ ဖွင့်လှစ်ခြင်းသည် ဤဥပဒေ သို့မဟုတ် တည်ဆဲပညာရေး ဥပဒေ တစ်ရပ်ရပ်နှင့် ကိုက်ညီမှု ရှိစေရမည်။

၃၆။ ဤဥပဒေနှင့် သက်ဆိုင်ရာ ပညာရေးဥပဒေတို့အရ တရားဝင်ကျောင်းတည်ထောင်ခွင့်ရရှိသော ကျောင်းမှ တာဝန်ရှိသူကသာ သင်တန်းဆင်းလက်မှတ်၊ အောင်လက်မှတ်၊ ဘွဲ့၊ ဒီဂရီ၊ ဒီပလိုမာ သို့မဟုတ် အောင်လက်မှတ်ကို ထုတ်ပေးပိုင်ခွင့်ရှိသည်။

၃၇။ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့သည် မသန်စွမ်းသူများအတွက် အထူးပညာရေး အစီအစဉ်ဖြင့် သင်ကြားပေးသော ကျောင်းများထူထောင်နိုင်ရန် စီစဉ်ပေးရမည်။ ပုဂ္ဂလိက သို့မဟုတ် လူမှုရေး အဖွဲ့အစည်းများက ဖွင့်လှစ်လိုပါက စိစစ်ခွင့်ပြုနိုင်သည်။

၃၈။ ဝန်ကြီးဌာနနှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များသည် -
(က) ရွှေ့ပြောင်းလုပ်သားများ၏ သားသမီးများနှင့် မိသားစုဝင်များအတွက် အခမဲ့ မသင်မနေရ မူလတန်း ပညာရေး ပြီးမြောက်စေရေးအတွက် ရွှေ့လျားကျောင်းများ တည်ထောင်နိုင်ရန် စီစဉ်ပေးရမည်။
(ခ) ဖွံ့ဖြိုးတိုးတက်မှု နည်းပါးသော၊ နယ်မြေအေးချမ်းမှု မရှိသော၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော ဒေသများနှင့် သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရသော ဒေသများအတွက် အရေးပေါ်ယာယီကျောင်းများ ဖွင့်လှစ်သင်ကြားပေးသည့် ပညာရေး အထူးဝန်ဆောင်မှုကို စီစဉ်ပေးရမည်။

**အခန်း(၇)**

**သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးညွှန်းတမ်းစံသတ်မှတ်ခြင်း**

၃၉။ ကော်မရှင်သည် သင်ရိုးညွှန်းတမ်းများ နှင့်စပ်လျဉ်း၍ အောက်ပါအချက်များ ပါရှိစေရန် ကြပ်မတ်ဆောင်ရွက်ရမည် -

(က) တွေးခေါ်ကြံဆ ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသော အသိဉာဏ်ရှိ၍ ဘက်စုံပညာပြည့်ဝသည့် နိုင်ငံသားကောင်းများ ဖြစ်ပေါ်စေရေး၊

(ခ) လူတစ်ဦးချင်းမှသည် မြန်မာလူမှုအဖွဲ့အစည်းတစ်ခုလုံးအတွက် အသုံးဝင်မည့် အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုများကို လေ့ကျင့်ဖော်ဆောင်နိုင်စွမ်းရှိရေး၊

(ဂ) ကိုယ်ကျင့်တရားကောင်းမွန်မှု၊ မတူကွဲပြားခြားနားခြင်းကို နားလည်လက်ခံမှုနှင့် တန်းတူညီမျှမှုကို အလေးထားမှု၊ တာဝန်သိမှု၊ တာဝန်ရှိမှု၊ တာဝန်ယူမှု၊ ဒီမိုကရေစီ အလေ့အကျင့် နှင့် လူ့အခွင့်အရေးဆိုင်ရာ စံနှုန်းများကို တန်ဖိုးထားသည့် နိုင်ငံသားကောင်းများ ဖြစ်ထွန်းရေး၊

(ဃ) နိုင်ငံသားအားလုံးတွင် ရှိသင့်ရှိအပ်သော တန်ဖိုးများနှင့် တိုင်းရင်းသားမျိုးနွယ်စုအသီးသီး ၏ ကြွယ်ဝသော စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ထုံးစံနှင့်သမိုင်းအမွေအနှစ်တို့ကို မြှင့်တင်နိုင်စွမ်းရှိရေး၊

(င) သင်ရိုးညွှန်းတမ်းများသည် ခေတ်ကာလအခြေအနေ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ပြီး နိုင်ငံတကာ ပညာရေး သင်ရိုးညွှန်းတမ်းနှင့်လည်း လိုက်လျောညီထွေမှုရှိရေး၊

(စ) နိုင်ငံတစ်ဝန်းတွင် ကျင့်သုံးရမည့် အခြေခံပညာရေးအဆင့် အသီးသီးအတွက် သင်ရိုးညွှန်းတမ်း အညွှန်းဘောင်များနှင့် သင်ရိုးညွှန်းတမ်းစံများရှိရေး၊

(ဆ) ပုဒ်မခွဲ (စ) ပါ သင်ရိုးညွှန်းတမ်းစံကို အခြေခံ၍ သင်ရိုးညွှန်းတမ်းဖွံ့ဖြိုးမှုကို ဒေသအလိုက် လွတ်လပ်စွာ ဆောင်ရွက်နိုင်ခွင့်ရှိရေး၊

(ဇ) သင်ရိုးညွှန်းတမ်းများသည် လက်တွေ့ဘဝနှင့် ဆက်စပ်မှုရှိရေး။

၄၀။ ကျောင်းများသည် ပညာရေးစီမံကိန်းပြုပြင်ပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေရန်နှင့် နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု၏ လိုအပ်ချက်ကို အခြေခံ၍ သင်ရိုးညွှန်းတမ်းများကို တည်ဆဲဥပဒေနှင့်အညီ ပြောင်းလဲမြှင့်တင်နိုင်ခွင့်ရှိသည်။

၄၁။ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် -

(က) အခြေခံပညာရေးစနစ်၏ အဆင့်တိုင်းအတွက် အမျိုးသားပညာရေး သင်ရိုးညွှန်းတမ်းစံများကို ကော်မရှင်၏ အတည်ပြုချက်ဖြင့် ပြဋ္ဌာန်းပေးရမည်။

(ခ) မသန်စွမ်းသူများ၊ အမြင်အာရုံချို့တဲ့သူများ၊အကြားအာရုံချို့တဲ့သူများ၊ ဉာဏ်ရည်ချို့တဲ့သူများနှင့် မတူကွဲပြား သင်ယူသူများအတွက် သင်ကြားရမည့် အထူးပညာရေးအစီအစဉ်၏ သင်ရိုးညွှန်းတမ်းကို သက်ဆိုင်ရာပညာရေး နယ်ပယ်အသီးသီးမှ ပညာရှင်များနှင့် ညှိနှိုင်း အတည်ပြု ပြဋ္ဌာန်းပေးရမည်။

၄၂။ ဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တို့သည် -

(က) အစိုးရကျောင်းများနှင့် အခြားကျောင်းများ အပြန်အလှန် ဆက်သွယ်ကူးပြောင်းသင်ကြားနိုင်ရေး အတွက် စီစဉ်ဆောင်ရွက်ရမည်။

(ခ) တိုင်းရင်းသားများ၏ စာပေ၊ စကား၊ ယဉ်ကျေးမှု၊ အနုပညာနှင့်ဓလေ့ထုံးစံများ ဖွံ့ဖြိုးရေးအတွက် သင်တန်းများ ဖွင့်လှစ်သင်ကြားရေးနှင့် တက္ကသိုလ်များတွင် တိုင်းရင်းသားများ၏ ယဉ်ကျေးမှု၊ စာပေနှင့် သမိုင်း၊ အထူးပြုဘာသာရပ်များ ဖွင့်လှစ်သင်ကြားရေးတို့အတွက် ကူညီဆောင်ရွက်ရမည်။

၄၃။(က) သင်ကြားရေးတွင် မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာ နှင့် အင်္ဂလိပ်ဘာသာ နှစ်ဘာသာတွဲ၍ ဖြစ်စေ သင်ကြားနိုင်သည်။

(ခ) အခြေခံပညာအဆင့်တွင် လိုအပ်ချက်ရှိလျှင် တိုင်းရင်းသားဘာသာစကားကို မြန်မာဘာသာစကား နှင့်အတူ သင်ကြားမှုဘာသာစကားအဖြစ် တွဲဖက်အသုံးပြုနိုင်သည်။

၄၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် တိုင်းရင်းသားစာပေနှင့် ဘာသာစကား သင်ကြား၊ သင်ယူမှုကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် အခြေခံပညာ မူလတန်းအဆင့်မှစတင်၍ အကောင်အထည်ဖော်ပြီး အဆင့်ဆင့်တိုးချဲ့ ဆောင်ရွက်နိုင်သည်။

## အခန်း(၈)
## ပညာရေးဆိုင်ရာတာဝန်နှင့် ရပိုင်ခွင့်များ

၄၅။ မိဘ သို့မဟုတ် အုပ်ထိန်းသူသည် မိမိတို့၏ ကလေးများကို ကျောင်းနေအရွယ်တွင် နိုင်ငံတော်က သတ်မှတ်ထားသော အခမဲ့ မသင်မနေရပညာရေးကို သင်ကြားပေးရေးအတွက် သက်ဆိုင်ရာကျောင်းသို့ မဖြစ်မနေ ကျောင်းအပ်ရန်နှင့် ယင်းပညာရေးအဆင့်ပြီးမြောက်သည်အထိ သင်ယူစေရန် တာဝန်ရှိသည်။
၄၆။ မိဘ သို့မဟုတ် အုပ်ထိန်းသူသည် ဤဥပဒေနှင့် သက်ဆိုင်ရာပညာရေးဥပဒေတို့အရ ဖွင့်လှစ် တည်ထောင်ထားသော မည်သည့်ကျောင်းတွင်မဆို သတ်မှတ်ချက်နှင့်ညီညွတ်ပါက မိမိ၏ကလေးကို ကျောင်းအပ်ပိုင်ခွင့်ရှိသည်။
၄၇။ မိဘ သို့မဟုတ် အုပ်ထိန်းသူသည် မိမိတို့ကလေး၏ ပညာရည်မြင့်မားစေရန်နှင့် စဉ်ဆက်မပြတ် သင်ယူမှုအခွင့်အလမ်းရှိစေရန် ဆရာ၊ မိဘဆရာအသင်း၊ ကျောင်းအကျိုးဆောင်အဖွဲ့တို့နှင့် ပူးပေါင်း ဆောင်ရွက်ခွင့် ရှိသည်။
၄၈။ ရပ်ကွက် သို့မဟုတ် ကျေးရွာလူထုသည် မိမိရပ်ရွာဒေသရှိ ကလေးများကို မသင်မနေရ၊ အခမဲ့ ပညာရေး ပြီးမြောက်သည်အထိ ဝိုင်းဝန်းကူညီပေးရမည်။
၄၉။ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့သည် -

(က) ပညာရေးနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေများနှင့်အညီ လမ်းညွှန်၊ ကူညီပံ့ပိုးရမည်။
(ခ) ကလေးတိုင်းသတ်မှတ်ထားသော အခမဲ့ မသင်မနေရပညာရေးအဆင့် ပြီးမြောက်စေရန် ဦးတည် ဖော်ဆောင်ပေးရမည်။
(ဂ) ထူးချွန်သူများကို ထူးချွန်မှုအလိုက် ချီးမြှင့်သည့် အစီအမံများ ထားရှိရမည်။
(ဃ) ပညာထူးချွန်၍ ပညာသင်ယူရန်အခက်အခဲရှိသူများအတွက် ဆက်လက်သင်ယူနိုင်ရန် အစီအစဉ်ကို ဖော်ဆောင်ပေးရမည်။ ပြင်ပမှ ကူညီဆောင်ရွက်ခြင်းကို စိစစ်ခွင့်ပြုနိုင်သည်။
(င) ဒေသခံမဟုတ်သောဆရာများနှင့် ပညာရေးစီမံခန့်ခွဲသူများအတွက် နေထိုင်သွားလာမှု လွယ်ကူစေရန် စီမံဆောင်ရွက်ရမည်။
(စ) ပညာရေးဆိုင်ရာ စီမံခန့်ခွဲရေးကိစ္စများကို တည်ဆဲဥပဒေနှင့်အညီ လွတ်လပ်စွာစီမံခန့်ခွဲခွင့် ရှိစေရမည်။
(ဆ) ပညာရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ နှင့် ထိရောက်စွာပူးပေါင်းဆောင်ရွက်ရမည်။
(ဇ) ပညာရေးလုပ်ငန်းများအတွက် ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ပူးပေါင်း ဆောင်ရွက်နိုင်သည်။

**အခန်း(၉)**
**ဆရာများ**

၅၀။ ဆရာများသည် -
(က) နိုင်ငံတော်နှင့် လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျယ်ပြန့်သော အမြင်ရှိရမည်။ ဒီမိုကရေစီ အလေ့အကျင့်ကို ချစ်မြတ်နိုး၍ ကာကွယ်စောင့်ရှောက်မှုပေးရမည့်အပြင် ဖွံ့ဖြိုးစေရန် ဆောင်ရွက်ရမည်။
(ခ) မိမိလုပ်ငန်းအပေါ်တွင် တာဝန်သိစိတ်နှင့် သက်မွေးဝမ်းကျောင်းမှုကို ချစ်မြတ်နိုးစိတ်ရှိရမည်။ ကျောင်းသားများအတွက် စံနမူနာကောင်းဖြစ်ရမည်။
(ဂ) အခြေခံပညာရေးအတွက် ဆရာအတတ်ပညာဆိုင်ရာ ဘွဲ့၊ ဒီပလိုမာ၊ လက်မှတ် သို့မဟုတ် ယင်းတို့နှင့် အဆင့်တူသတ်မှတ်ထားသော အသိအမှတ်ပြုလက်မှတ်များရှိရမည်။
၅၁။ မူကြိုပညာရေး၊ အခြေခံပညာရေး၊ နည်းပညာနှင့် သက်မွေးပညာရေး၊ ဆရာအတတ်ပညာရေး၊ အဆင့်မြင့်ပညာရေးနှင့် သင်တန်းကျောင်း အသီးသီးမှ ဆရာများ၏ အဆင့်နှင့် လျော်ညီသော အရည်အချင်းများကို ပညာရေးဆိုင်ရာ ဥပဒေများတွင် သီးခြားသတ်မှတ်၍ ပြဋ္ဌာန်းရမည်။
၅၂။ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် ဆရာများ၏ အရည်အသွေးမြင့်မားစေရေးနှင့် နိုင်ငံတကာ အတွေ့အကြုံ ရရှိစေရေးတို့အတွက် စီမံဆောင်ရွက်ပေးရမည်။
၅၃။ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် ဆရာများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

**အခန်း(၁၀)**
**အရည်အသွေးအကဲဖြတ်မှုနှင့် အရည်အသွေးအာမခံမှု**

၅၄။ (က) ပညာရေးအဆင့်တိုင်းတွင် ပညာအရည်အသွေးအာမခံမှု အစီအစဉ်တစ်ရပ်ရှိရမည်။
(ခ) ပညာအရည်အသွေးနှင့် အဆင့်အတန်းတိုးတက်မှုကို စစ်ဆေးအကဲဖြတ်မည့်အတွင်း အရည်အသွေးစစ်ဆေးအကဲဖြတ်မှု လုပ်ငန်းစဉ်နှင့် ပြင်ပမှအရည်အသွေး စစ်ဆေးအကဲဖြတ်မှုလုပ်ငန်းစဉ်တို့ ပါဝင်ရမည်။
(ဂ) ကော်မရှင်သည် အရည်အသွေးခိုင်မာမှုအတွက် စစ်ဆေးအကဲဖြတ်ရမည့် စံချိန်စံညွှန်းနှင့် နည်းလမ်းများကို သတ်မှတ်ပေးရမည်။
၅၅။ ကော်မရှင်သည် ပုဒ်မ (၅၄) ပါ လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရန် အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ကော်မတီကို လွတ်လပ်သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပေးရမည်။

**အခန်း(၁၁)**
**ပညာရေးစီမံခန့်ခွဲမှုနှင့် ကြီးကြပ်မှု**

၅၆။ (က) ဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဆင့်မြင့်ပညာပေါင်းစပ်ညှိနှိုင်းရေး ကော်မတီတို့သည် သက်ဆိုင်ရာ အဆင့်မြင့်ပညာကျောင်းများကို ဤဥပဒေ၊ တည်ဆဲဥပဒေတို့နှင့်အညီ စီမံခန့်ခွဲရမည်။

(ခ) ပုဒ်မခွဲ(က) ပါ ကျောင်းများမှအပ နိုင်ငံတစ်ဝန်းရှိ ပညာရေးစနစ်တစ်ခုလုံး၏ ပညာရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်မှုတို့ကို ဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များက တာဝန်ခွဲဝေဆောင်ရွက်ရမည်။

၅၇။(က) အခြေခံပညာအဆင့်ကျောင်းများ၏ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်မှုတို့ကို ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနတို့က ဆောင်ရွက်ရမည်။

(ခ) ထူးခြားသော လုပ်ငန်းသဘာဝအရ အစိုးရအဖွဲ့၏ သီးခြားခွင့်ပြုချက်ဖြင့် သာသနာရေး ဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့က ထူထောင် ဖွင့်လှစ်ထားသည့် အဆင့်မြင့်ပညာကျောင်းများ မှအပ ကျန်တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံများအားလုံးသည် အဆင့်မြင့်ပညာပေါင်းစပ် ညှိနှိုင်းရေးကော်မတီနှင့် ချိတ်ဆက် ညှိနှိုင်းဆောင်ရွက်ရမည်။

(ဂ) အဆင့်မြင့်ပညာပေါင်းစပ် ညှိနှိုင်းရေးကော်မတီသည် တက္ကသိုလ်နှင့် ကောလိပ်နှင့်သိပ္ပံများ၏ လွတ်လပ်သော ကိုယ်ပိုင်စီမံခန့်ခွဲမှုကို မထိခိုက်စေပဲ ပေါင်းစပ်ဖြည့်ဆည်း ညှိနှိုင်းဆောင်ရွက်ပေးခြင်းဖြင့် ကျောင်းများ၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရမည်။

(ဃ) အဆင့်မြင့်ပညာကျောင်းများတွင် မိမိတို့၏ သင်ကြားရေးနှင့်စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် ကျောင်းအုပ်ချုပ်ရေးအဖွဲ့များကို သက်ဆိုင်ရာပညာရေးဥပဒေတို့ နှင့်အညီ ဖွဲ့စည်းခွင့်ပြုရမည်။

၅၈။ ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ပညာရေးအရည်အသွေးမြင့်မားရေးနှင့် ဖွံ့ဖြိုးရေးအတွက် မူဝါဒများ၊ မဟာဗျူဟာများနှင့် ယင်းတို့ကို အကောင်အထည်ဖော်မည့်စီမံချက်၊ ပညာရေးဖွံ့ဖြိုးမှုစီမံကိန်းချမှတ်ခြင်းကို အစိုးရအဖွဲ့၏ အတည်ပြုချက်ရယူခြင်းနှင့် အကောင်အထည်ဖော်မှုကို ပံ့ပိုးခြင်း၊

(ခ) မဟာဗျူဟာများ၊ မူဝါဒများနှင့် ယင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်မှုစီမံချက်၊ ပညာရေးဖွံ့ဖြိုးမှု စီမံကိန်းများ၊ ပညာရေးနှင့်သက်ဆိုင်သည့်ဥပဒေနှင့် အခြားလုပ်ထုံးလုပ်နည်းများကို ပြည်သူလူထုထံ ကျယ်ပြန့်စွာသိရှိစေရန် ဆောင်ရွက်ခြင်း၊

(ဂ) ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များက ဆောင်ရွက်သော ပညာရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ကျွမ်းကျင်သူ၊ နည်းပညာ၊ ဘဏ္ဍာရေးနှင့် ကျောင်းတည်ထောင်ဖွင့်လှစ်မှုများကို အကူအညီပေးခြင်းနှင့် ပညာရေးဆိုင်ရာ အရည်အသွေးစံနှုန်းများ တစ်ပြေးညီဖြစ်စေရန်အတွက် ပံ့ပိုး ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဃ) ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သည့် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ထိရောက်စွာပူးပေါင်းဆောင်ရွက်ခြင်း

(င) ပညာရေးအတွက် လျာထားသည့် ရသုံးဘဏ္ဍာငွေများကို ထိရောက်စွာ အသုံးပြုနိုင်ရေးအတွက် လမ်းညွှန်ခြင်း၊ ကူညီပံ့ပိုးပေးခြင်း၊

(စ) ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ ပညာရှင်များနှင့် ပညာရေးဆိုင်ရာ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရန် စီမံခြင်း၊

(ဆ) အစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော တာဝန်များကို ထမ်းဆောင်ခြင်း။

၅၉။ ပညာရေးစီမံခန့်ခွဲသူများသည် ပညာရေးဆိုင်ရာလုပ်ငန်းများကို မြန်ဆန်ထိရောက်စွာ ဆောင်ရွက်နိုင်ရန် အတွက် စီမံခန့်ခွဲမှုအထောက်အကူပြု စာရင်းအင်းအချက်အလက်များကို စနစ်တကျ စုစည်း ဆောင်ရွက်သည့် ပညာရေးစီမံခန့်ခွဲမှုနှင့် သတင်းအချက်အလက်စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

၆၀။ ကော်မရှင်သည် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများအား ကြီးကြပ်ရန် သင့်တော်သော ပုဂ္ဂိုလ်များ ပါဝင်သော အဖွဲ့အစည်းတစ်ရပ်ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၆၁။ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် ဘုန်းတော်ကြီးသင်ကျောင်းများ၊ ပရဟိတ ကျောင်းများ၊ အထူးပညာရေးအစီအစဉ်ကျောင်းများနှင့် ရွှေ့လျားနှင့် အရေးပေါ်ကျောင်းများ၊ ရပ်ရွာပညာပဒေသာဌာနများ၊ ရပ်ရွာအခြေပြုပညာရေး အစီအစဉ်များနှင့် ကျောင်းပြင်ပအခြေခံပညာ အဆင့် သင်တန်းများကို စိစစ်ပြီး လိုအပ်လျှင် ပညာသင်ကာလအတွင်း ထောက်ပံ့ကြေးများနှင့် အခြားအကျိုးခံစားခွင့်များကို လိုအပ်ချက်နှင့် အညီ ကူညီထောက်ပံ့ပေးရမည့်အပြင် လိုအပ်သည့်ပညာရပ်နှင့် သတ်မှတ်ထားသော ကျောင်းအဆင့်အတန်းရောက်ရှိစေရန်နှင့် နည်းပညာ၊ ကျွမ်းကျင်သူနှင့် သင်ကြားရေးအထောက်အကူများ ပံ့ပိုးပေးရမည်။

## အခန်း(၁၂)
## ဘဏ္ဍာရေး

၆၂။ သက်ဆိုင်ရာကျောင်း သို့မဟုတ် ပညာရေးအဖွဲ့အစည်းသည် ပြည်တွင်းပြည်ပပုဂ္ဂိုလ် သို့မဟုတ် တရားဝင်အဖွဲ့အစည်းများ၏ ထောက်ပံ့လှူဒါန်းငွေ သို့မဟုတ် ပစ္စည်းများကို စိစစ်လက်ခံနိုင်သည်။

၆၃။ သက်ဆိုင်ရာကျောင်း သို့မဟုတ် ပညာရေးအဖွဲ့အစည်းသည် -

(က) ပုဒ်မ ၆၂ အရ လက်ခံရရှိသော ထောက်ပံ့လှူဒါန်းငွေ သို့မဟုတ် ပစ္စည်းများကို ပညာရေး ကဏ္ဍဖွံ့ဖြိုးမှုအတွက် ထိရောက်စွာသုံးစွဲရမည်။

(ခ) ဘဏ္ဍာငွေသုံးစွဲရာတွင် တည်ဆဲဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းနှင့်အညီ သုံးစွဲပြီး စာရင်းဇယား မှတ်တမ်းများကို စေတနာရှင်နှင့် အများပြည်သူတို့ ထင်သာမြင်သာရှိစေရန် ဆောင်ရွက်ရမည်။

(ဂ) ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးမှုကို ခံယူရမည်။

၆၄။(က) အစိုးရအဖွဲ့၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် နိုင်ငံတော်က တာဝန်ယူဆောင်ရွက်သော ပညာရေးကဏ္ဍအသီးသီးအတွက် လိုအပ်သော ဘဏ္ဍာငွေကို ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေနှင့်အညီ ထောက်ပံ့ပေးရမည်။

(ခ) အဆင့်မြင့်ပညာပေါင်းစပ် ညှိနှိုင်းရေးကော်မတီနှင့် သက်ဆိုင်သော အဆင့်မြင့်ပညာကျောင်းများသည် ကိုယ်ပိုင်ရန်ပုံငွေ ရှာဖွေထူထောင် ဆောင်ရွက်ခွင့်ရှိသည်။

၆၅။ ကော်မရှင်သည် -

(က) မိမိဖွဲ့စည်းထားသော ကော်မတီနှင့်အဖွဲ့များ၏ နှစ်စဉ်ဘဏ္ဍာရန်ပုံငွေလိုအပ်ချက်ကို ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနမှ တစ်ဆင့်အစိုးရအဖွဲ့သို့တင်ပြရမည်။

(ခ) မိမိဖွဲ့စည်းထားသော ကော်မတီနှင့် အဖွဲ့များတွင် ပါဝင်သည့်ပုဂ္ဂိုလ်များအတွက် ချီးမြှင့်ငွေနှင့် စရိတ်တို့ကို အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သတ်မှတ်နိုင်သည်။

## အခန်း(၁၃)
## ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များ

၆၆။ ဤဥပဒေမပြဋ္ဌာန်းမီက တည်ရှိခဲ့သောကျောင်းအားလုံးသည် ဤ ဥပဒေစတင်အာဏာတည်သည့်နေ့မှ (၅) နှစ်ကာလအတွင်း ဤဥပဒေနှင့်အညီ ဆောင်ရွက်ပြီးဖြစ်ရမည်။

**အခန်း(၁၄)**
**အထွေထွေ**

၆၇။ ဤဥပဒေ မပြဋ္ဌာန်းမီက တည်ရှိခဲ့သော ပညာရေးဆိုင်ရာ ဥပဒေများသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက် ကျင့်သုံးနိုင်သည်။

၆၈။(က) ဘာသာရေးကိုသာ သီးသန့်သင်ကြားပေးသောကျောင်းများသည် ဤဥပဒေနှင့် သက်ဆိုင်ခြင်း မရှိစေရ။

(ခ) ပြည်တွင်းရှိ လူမှုရေး၊ ဘာသာရေး အသင်းအဖွဲ့များက ပုဒ်မ ၃၄၊ ပုဒ်မခွဲ (ဈ) တွင် အကျုံးဝင်သော ကျောင်းများကို ဖွင့်လှစ်လိုလျှင် ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့က ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရမည်။

၆၉။ ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ကော်မရှင်နှင့် ကော်မရှင်ကဖွဲ့စည်းပေးသည့် ကော်မတီနှင့်အဖွဲ့များ၊ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ ဦးစီးဌာနများသည် အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## သင်ယူမှုလုပ်ငန်း (၁)

၁။ ဖတ်ရှုပြီးနောက် သင်ခန်းစာမှ သင်ယူလေ့လာခဲ့သော အရာ(၃)ခုကို မှတ်သားထားပါ။

၂။ ယင်းနောက် သင်စိတ်ဝင်စားပြီး ဆက်လက်လေ့လာသင်ယူလိုသော အရာ(၂)ခုကို မှတ်သားထားပါ။

၃။ ယင်းနောက် အကြောင်းအရာနှင့်ပတ်သက်၍ သင်မေးရန်ရှိနေသော မေးခွန်းတစ်ခုကို မှတ်သားထားပါ။ ဤမေးခွန်းကို စာသင်ခန်းထဲတွင် မေးနိုင်သည်။

## ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ

၁။ ကိုယ့်စည်းကမ်းနှင့်ကိုယ် ပြုမူနေထိုင်ခြင်းဆိုသည်မှာ အဘယ်နည်း။

၂။ စည်းမျဉ်းသည် နည်းဥပဒေနှင့် မည်သို့ကွာခြားသနည်း။

# အခန်းဆုံးအနှစ်ချုပ်

## အဓိကအချက်များ

- စည်းမျဉ်းနှင့် နည်းဥပဒေများသည် ဘေးကင်းလုံခြုံမှု၊ တရားဥပဒေနှင့် တစ်သမတ်တည်းဖြစ်မှုတို့ကို ဖြည့်ဆည်းပေးရန်အပြင် ကျွန်ုပ်တို့၏ အခွင့်အရေးများအပေါ် ကာကွယ်ရန်တည်ရှိနေသည်။
- စည်းမျဉ်းနှင့် နည်းဥပဒေများသည် အစိုးရအဆင့်၌ အာဏာတည်စေသော ဥပဒေများဖြစ်နိုင်သလို တစ်ဦးချင်း သို့မဟုတ် အဖွဲ့အစည်းအဆင့်၌ ပြဋ္ဌာန်းအကောင်အထည်ဖော်နိုင်သော စည်းမျဉ်းများ ဖြစ်နိုင်သည်။
- ကျောင်းသားများအား စီမံထိန်းကျောင်းရန်အတွက် စည်းကမ်းကို ဆရာဗဟိုပြုနည်းလမ်းဖြင့် အသုံးပြုခြင်းနှင့် ကိုယ်စည်းကမ်းနှင့်ကိုယ် ပြုမူနေထိုင်ခြင်းကို အားပေးရန်အတွက် ကျောင်းသားဗဟိုပြုနည်းလမ်းဖြင့် အသုံးပြုခြင်းကို မျှတစွာ အသုံးပြုခြင်းသည် အကောင်းဆုံးဖြစ်သည်။
- ပြစ်ဒဏ်ပေးခြင်းတို့သည် ကျောင်းသား၏ တာဝန်ယူမှုစိတ်ဓာတ်ကို တိုးတက်စေခြင်း မရှိသည့် အတွက် ယာယီမျှသာ ထိရောက်မှုရှိပြီး၊ အနုတ်လက္ခဏာဆောင်သော ကျောင်းပတ်ဝန်းကျင်ကိုသာ ဖန်တီးစေသည်။
- တစ်ဦးချင်းလွတ်လပ်ခွင့်နှင့် ကိုယ်တိုင်ဆုံးဖြတ်စီမံခွင့်ကို အားပေးသော ဒီမိုကရေစီနိုင်ငံများတွင် ကိုယ်စည်းကမ်းနှင့် ကိုယ် ပြုမူနေထိုင်ခြင်းသည် နိုင်ငံသားကောင်းတစ်ဦး၏ လိုလားနှစ်သက်ဖွယ် အရည်အသွေးတစ်ခုဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကိုယ့်စည်းကမ်းနှင့် ကိုယ်ပြုမူနေထိုင်ခြင်းသည် မိမိကိုယ်ကျိုးစီးပွားအတွက် လုပ်ဆောင်ရယူရန် အခွင့်အရေးရှိသည့်တိုင် လုပ်ဆောင်ခြင်း မပြုလိုသော ဆန္ဒစွမ်းအားရှိရန် လိုအပ်သောကြောင့်ဖြစ်သည်။
- စည်းကမ်း၏ ရည်မှန်းချက်များသည် ကျောင်းသားများ မှန်ကန်သော အပြုအမူဆိုသည်ကို နားလည် သိရှိခြင်းမှ ၎င်းတို့၏ ကိုယ်ပိုင် ဆုံးဖြတ်ချက်အပေါ် အခြေခံလျက် မှန်ကန်သော အပြုအမူကို ပြသနိုင်ခြင်းအထိ တိုးတက်ဖွံ့ဖြိုးရန် ဖြစ်သည်။

- စည်းကမ်းသည် သင်ကိုယ်တိုင်အတွက် စိတ်အတွင်း ရွေးချယ်မှုတစ်ခု ဖြစ်သည်။
- စည်းကမ်းသည် ဖွံ့ဖြိုးတိုးတက်မှုအဆင့်ဆင့်အတွက် ဆီလျော်မှုရှိရမည်။
- လူတိုင်းသည် စည်းကမ်းကို အလေ့အထတစ်ခု ဖြစ်လာသည်အထိ လေ့ကျင့်ယူရန်ဖြစ်သည်။
- နိုင်ငံသားအားလုံးသည် စည်းမျဉ်းနှင့် နည်းဥပဒေများအားလုံးကို လိုက်နာရမည်။
- လူတစ်ဦး၏ တန်ဖိုးသည် သူ၏ စည်းကမ်းတွင် တည်နေသည်။
- စည်းမျဉ်းနှင့် ဥပဒေများကို နေရာတိုင်းတွင် လေးစားလိုက်နာရန်လိုအပ်သည်။

## အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း

သင်သည် သင့်ကျောင်းသားများအား ကိုယ့်စည်းကမ်းနှင့်ကိုယ် ပြုမူနေထိုင်တတ်ရန် မည်သို့ သင်ကြားပေးရမည်ကို စဉ်းစားပါ။ ကျောင်းသားဗဟိုပြုသင်ကြားပို့ချနည်းအရ သင်သည် ကျောင်းသားများ၏ အပြုအမူများအပေါ် သုံးသပ်ဆင်ခြင်ပြီး ၎င်းတို့ရွေးချယ်မှု၏ အကျိုးဆက်များကို စဉ်းစား ဆင်ခြင်ပါ။ ဤနည်းအရ ကျောင်းသားများ၏ ဆိုးဝါးသော အပြုအမူများကို သိရှိပြီးနောက် ၎င်းတို့အား ကိုယ့်စည်းကမ်းနှင့်ကိုယ် ပြုမူနေထိုင်တတ်ရန် ကူညီရေးအတွက် သင့်ကျောင်းသား များအား မည်သည့် မေးခွန်းများ မေးမြန်းမည်နည်း။

သင်စည်းကမ်းထိန်းသိမ်းခြင်းခံရသည့် အတွေ့အကြုံများသည် ဆရာဗဟိုပြုသင်ကြားနည်းနှင့် ပို၍ တူပါသလား။ ကျောင်းသားဗဟိုပြုသင်ကြားနည်းနှင့် တူပါသလား။ သင်မည်သို့ စည်းကမ်း ကြပ်မတ်ခံရပုံ နှင့်စပ်လျဉ်းသည့် ကောင်းကျိုးများနှင့် အားနည်းချက်များမှာအဘယ်နည်း။

သင်၏စာသင်ခန်းကို စည်းမျဉ်းစည်းကမ်းလိုက်နာအောင် ပြုလုပ်ပုံဖြင့် ကျောင်းသားများက စည်းမျဉ်း နှင့် နည်းဥပဒေများသည် ချုပ်ချယ်ကန့်သတ်သော ကြောက်ရွံ့စရာအရာများမဟုတ်ဘဲ အကူအညီပေးသည့် အရာများအဖြစ် မြင်လာအောင် ၎င်းတို့ကို မည်သို့ သင်ကူညီမည်နည်း။

ဆရာများသည် ကျောင်းသားများ၏ ကျား၊ မ ရေးရာ အရ မကောင်းသော အပြုအမူများအဖြစ် မှတ်ယူနိုင်သည့် အရာများကို သတ်မှတ်လေ့ရှိသည်။ တစ်နည်းဆိုသော် (ကျား)အတွက် လက်ခံနိုင် ဖွယ်ရာဖြစ်သော အပြုအမူများသည် အခြားတစ်ဖက်မှ (မ) အားဖြင့် လုပ်ဆောင်သည့်အခါ လက်ခံနိုင်ဖွယ် မရှိဖြစ်နိုင်သည်။ ကျောင်းသား၊ ကျောင်းသူများကို ပုံသေကားကျ စာရင်းသွင်းထား

မှုကြောင့် မမျှတသော စည်းကမ်းချမှတ် ကျင့်သုံးမှုများကို သင်မည်သို့ရှောင်ကြဉ်နိုင်မည်နည်း။

အစိုးရများ၏ ဥပဒေများ သို့မဟုတ် ကျောင်း၏ စည်းမျဉ်းနည်းဥပဒေများက လောလောဆယ်တွင် ပြောဆို ဆွေးနွေးမှု မရှိသော ကျောင်းသားပြဿနာအချို့မှာ အဘယ်နည်း။ ယင်းပြဿနာများကို သင်မည်သို့ ကိုင်တွယ်ဖြေရှင်းမည်နည်း။

## ဆက်လက်ဖတ်မှတ်စရာများ

**၄.၁။**

Lampert, L. (n.d.). *Smart discipline for every age.* Retrieved from https://www.parents.com/toddlers-preschoolers/discipline/tips/smart-discipline-for-every-age

McLaughlin, R. (n.d.). *Democracy: A civic education course for Myanmar.* Retrieved from https://www.moteoo.org/sites/moteoo.org/files/product_docs/dem-eng-tb-for-web-dl_0.pdf

Min, U., & Ti, P. T. N. (n.d.). *Pyithutarwan.*

Office of Child Development, University of Pittsburgh. (n.d.). *Teaching discipline.* Retrieved from http://www.ocd.pitt.edu/sites/default/files/Parent_Guides/Foster-Parents/Discipline%20Foster%20Parent%20Guide.pdf

Raising Children Network. (n.d.). *Discipline and guiding behaviour: babies and children.* Retrieved from https://raisingchildren.net.au/

WebMD. (n.d.). *Parents, kids and discipline.* Retrieved from https://www.webmd.com/

# အခန်း ၅

# ငြိမ်းချမ်းစွာနေထိုင်ခြင်း

ကလေးငယ်များသည် သိရှိလိုစိတ်ပြင်းပြပြီး လူများ၏ မတူညီသော ရုပ်ရည်သွင်ပြင်နှင့် အပြုအမူများကို သတိထားမိတတ်ကြသည်။ မြန်မာနိုင်ငံရှိ ကလေးငယ်များသည်လည်း ၎င်းတို့၏ လူ့အသိုက်အဝန်းသည် မတူကွဲပြားမှုများရှိနေခြင်းကို တဖြည်းဖြည်းချင်း သိရှိလာပါလိမ့်မည်။ မတူညီသော နောက်ခံအကြောင်းရင်းမျိုးစုံမှ လူများနှင့် အပြုသဘောဆောင်သော ဆက်ဆံရေးများ တည်ဆောက်ရန်အတွက် စွမ်းရည်များနှင့် စိတ်နေစိတ်ထားများကို လေ့လာသင်ယူရန် လိုအပ်ပါလိမ့်မည်။ ဤအခန်းသည် မြန်မာနိုင်ငံရှိ တိုင်းရင်းသားမျိုးနွယ်စုများနှင့် ယဉ်ကျေးမှုများကို အဓိကထားရေးသားထားပြီး သရုပ်လက္ခဏာ၏ သဘောတရား၊ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခတွင် ၎င်း၏ အခန်းကဏ္ဍတို့ကို စူးစမ်းလေ့လာရန် ထည့်သွင်းထားပါသည်။ ထို့အတူ၊ ယဉ်ကျေးမှုအခြေပြု စိတ်နေစိတ်ထားများနှင့် အလေ့အထများကို သင်ကြားပေးခြင်း မှတစ်ဆင့် မတူညီသော ယဉ်ကျေးမှုများကို တန်ဖိုးထားခြင်း၊ ၎င်းတို့နှင့် ပတ်သက်ပြီး လေးလေးစားစား ပြုမူဆောင်ရွက်ခြင်းတို့ကို အသားပေး ဖော်ပြထားပါသည်။ ဤအခန်းတွင် ငြိမ်းချမ်းစွာ ရှင်သန်နေထိုင်ခြင်းနှင့် ပတ်သက်ပြီး ပထမတန်းမှ ပဉ္စမတန်း သင်ရိုးညွှန်းတမ်းအတွက် မူလတန်းသင်ခန်းစာများကို သင်ကြားပို့ချနည်းကိုပါ ထည့်သွင်းပေးထားပါသည်။

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤအခန်းကို သင်ယူပြီးချိန်တွင် သင်သည် -**

- ခြားနားသော မျိုးနွယ်စု၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို နားလည်ခြင်းအား သရုပ်ပြတတ်မည်။
- တိုင်းရင်းသားအမျိုးမျိုးတို့၏ မတူကွဲပြားသော ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို ဖော်ပြတတ်မည်။
- ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ၏ အခြေခံယူဆချက်နှင့် လက်တွေ့ဘဝတွင် တည်ရှိနေပုံကို ရှင်းပြတတ်မည်။
- ခြားနားသော မျိုးနွယ်စုများအတွင်း ငြိမ်းချမ်းစွာ အတူတကွနေထိုင်ရန် လိုအပ်ပုံကို ဆွေးနွေးတတ်မည်။
- အတန်းအလိုက် အကြောင်းအရာများ ချိတ်ဆက်ပုံကို ဆွေးနွေးတတ်မည်။
- မူလတန်းအဆင့်တွင် ငြိမ်းချမ်းစွာ နေထိုင်ခြင်းကို သင်ကြားရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းပြတတ်မည်။
- ငြိမ်းချမ်းစွာနေထိုင်ခြင်းကို သင်ကြားရန် သင်ယူမှုလုပ်ငန်းများနှင့် နည်းလမ်းများကို သတ်မှတ်တတ်မည်။

# ၅.၁။ ယဉ်ကျေးမှုနှင့် တိုင်းရင်းသားမျိုးနွယ်စုများ မတူကွဲပြားခြင်း

ယဉ်ကျေးမှု ကွဲပြားခြင်းသည် တန်ဖိုးရှိသည့်အရာတစ်ခုဖြစ်သကဲ့သို့ စိန်ခေါ်မှုတစ်ရပ်လည်း ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ယဉ်ကျေးမှုသည် ကျွန်ုပ်တို့၏ ပြုမူပုံ၊ စဉ်းစားပုံနှင့် အရာရာတိုင်းကို ကျွန်ုပ်တို့ ရှုမြင်ပုံစသည်တို့အပေါ်တွင် ကျွန်ုပ်တို့ထင်မြင်ထားသည်ထက် ပိုမိုကြီးမားကျယ်ပြန့်စွာ လွှမ်းမိုးမှုရှိပါသည်။ ဤအခန်းငယ်တွင် တိုင်းရင်းသားမျိုးနွယ်စု၊ ယဉ်ကျေးမှုတို့နှင့်အတူ မြန်မာ့လူ့အသိုက်အဝန်းရှိ ၎င်းတို့၏ အခန်းကဏ္ဍကို အဓိကထား ဖော်ပြထားပါသည်။

## ၅.၁.၁။ မြန်မာတိုင်းရင်းသားမျိုးနွယ်စုများအတွင်း ခြားနားမှုများ

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -

- ခြားနားသော မျိုးနွယ်စု၊ ယဉ်ကျေးမှု နှင့် ဓလေ့ထုံးစံများကို နားလည်ခြင်းအား သရုပ်ပြတတ်မည်။
- တိုင်းရင်းသားအမျိုးမျိုးတို့၏ မတူကွဲပြားသော ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကိုဖော်ပြတတ်မည်။


**သင်ယူမှုလုပ်ငန်း (၁)**

အောက်ပါမြန်မာနိုင်ငံ၏ မြေပုံကို ကြည့်ပါ။[၉]

၁။ မတူညီသည့်နေရာများကို မတူကွဲပြားသော အရောင်များဖြင့် မည်သည့်အတွက်ကြောင့် ရွေးချယ်ထားပါသနည်း။

[၉] https://www.themimu.info/sites/themimu.info/files/documents/Ethnologue_Map_Main_Spoken_Languages_of_Myanmar_MIMU1300v03_07Jan2019_A1_MMR.pdf

၂။ မတူညီသည့် အရောင်များသည် မည်သည့်အရာများကို ဖော်ပြနေပါသနည်း။




ပုံ ၅.၁။ မြန်မာနိုင်ငံတွင် ပြောဆိုသုံးနှုန်းသော ဘာသာစကားပြမြေပုံ

## တိုင်းရင်းသားမျိုးနွယ်စု

လက်ရှိတွင် မြန်မာဟု ခေါ်ဝေါ်သည့် တိုင်းရင်းသားမျိုးနွယ်စုများသည် ဤနေရာဒေသသို့ ရာစုနှစ်များစွာအတွင်း ရွှေ့ပြောင်းနေထိုင်ခဲ့ကြသည်ဟု သမိုင်းပညာရှင်အများစုတို့က ယုံကြည်လက်ခံထားကြသည်။ ဆိုလိုသည်မှာ မြန်မာနိုင်ငံရှိ ဌာနေ တိုင်းရင်းသားများ၏ ဘိုးဘေးဘီဘင် မျိုးဆက်များသည် အခြားနေရာမှ လူများဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ နေရာတစ်ခုသို့ မျိုးနွယ်စုအသစ်များ ရွှေ့ပြောင်းနေထိုင်သည့်အခါတွင်၊ အဆိုပါနေရာ၌ ရောက်နှင့်ပြီးသူများနှင့် ထိတွေ့ဆက်ဆံရသည်။ အချို့မျိုးနွယ်စုများ - အများအားဖြင့် မွန်၊ ရခိုင်၊ ရှမ်း၊ ဗမာ ကဲ့သို့သော မြေပြန့်လူမျိုးများသည် နိုင်ငံကြီးများအဖြစ် စုစည်းတည်ထောင်ပြီး နယ်မြေများအား တိုက်ခိုက်သိမ်းပိုက်ကာ အခြားလူများကို ထည့်သွင်းအုပ်ချုပ်ရန် ကြိုးစားခဲ့ကြသည်။ ချင်း၊ ကရင်၊ ကယား၊ ကချင်၊ ဝ နှင့် ပအိုဝ် ကဲ့သို့သော တောင်တန်း လူမျိုးများသည် တစ်ခါတစ်ရံတွင် ၎င်းနိုင်ငံများအတွင်း ပါဝင်ကြပြီး၊ အခြားအချိန်များတွင် သီးခြား တည်ရှိခဲ့ကြသည်။ ၎င်းအစုအဖွဲ့အားလုံးတွင် မတူညီသော ဘာသာစကား၊ ယဉ်ကျေးမှုများနှင့် နိုင်ငံရေးစနစ်များ ရှိခဲ့ကြပါသည်။

သို့သော် သမိုင်းပညာရှင်များစွာမှ ရှေးဟောင်းကာလခေတ်တွင် တိုင်းရင်းသားမျိုးနွယ်စုဝင်ဖြစ်မှုသည် လူတစ်ဦး တစ်ယောက်၏ သရုပ်လက္ခဏာအတွက် အရေးကြီးသည့် အစိတ်အပိုင်းမဟုတ်ခဲ့ဟု ယုံကြည်ထားကြသည်။ တစ်စုံတစ်ယောက်မှ ၎င်းတို့ကို " သင်ဟာ ဘယ်လိုလူမျိုးလဲ" ဟု မေးလာခဲ့မည် ဆိုပါက ၎င်းတို့၏ တိုင်းရင်းသားမျိုးနွယ်စုအား မပြောပြမီ ၎င်းတို့၏ နယ်မြေခံ ခေါင်းဆောင်၊ မိသားစု၊ ကျေးရွာ၊ အလုပ်အကိုင်တို့ကို အရင်ဖော်ပြကြသည်။

၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေ[၁၀] အရ မြန်မာနိုင်ငံ၏ အမျိုးသား တိုင်းရင်းသားအုပ်စုများကို ဤမြို့ပြနိုင်ငံ နယ်ပယ် အတွင်းသို့ အေဒီ ၁၈၂၃ ခုနှစ် မတိုင်ခင် လာရောက်အခြေချနေထိုင်သူများအဖြစ် အသိအမှတ်ပြုခဲ့ကြသည်။ ထို့အပြင်၊ မြန်မာနိုင်ငံတွင် နောက်ပိုင်းမှ လာရောက်အခြေချ နေထိုင်ခဲ့ကြသည့် တရုတ်နှင့် အိန္ဒိယလူမျိုးများ စသည့် လူမျိုးများလည်း ပါဝင်ပါသည်။

တိုင်းရင်းသားမျိုးနွယ်စု ဆိုသည်မှာ အစုအဖွဲ့တစ်ဖွဲ့သို့မဟုတ် တစ်ခုထက်ပိုသော အစုအဖွဲ့များတွင် ပါဝင်ပတ်သက်မှုရှိနေခြင်းဖြစ်သည်။ အစုအဖွဲ့တစ်ဖွဲ့တွင် ဘုံတူညီနေသော ဘိုးဘေးဘီဘင် မျိုးဆက်၊ သမိုင်းကြောင်း၊ ဘာသာစကား တစ်ရပ်ရပ် ရှိနိုင်ပါသည်။ ထို့အပြင်

[၁၀] Socialist Republic of the Union of Burma. (1982). *Burma Citizenship Law.* Retrieved from https://www.refworld.org/

ပထဝီမြေအနေအထားနှင့် စီးပွားရေးအရလည်း တိုင်းရင်သားမျိုးနွယ်စုအဖြစ် သတ်မှတ်တတ်ကြသည်။ ဥပမာ - မြန်မာနိုင်ငံ အရှေ့ပိုင်းရှိ တောင်တန်းဒေသများတွင် နေထိုင်သည့်အခါ လူမျိုးများသည် တောင်ယာစပါး၊ ပဲ နှင့် အသီးအရွက်များ စိုက်ပျိုးခြင်းဖြင့် လုပ်ကိုင်နေထိုင်ကြသည်။ မွန်ပြည်နယ်တောင်ပိုင်းရှိ ဆလုံလူမျိုးများသည် ငါးဖမ်းခြင်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်စားသောက်ကြသည်။

သို့သော် မိမိကိုယ်ကို တိုင်းရင်းသားမျိုးနွယ်စုတူညီသူများဟု သတ်မှတ်ထားသည့် လူများတွင်လည်း မတူကွဲပြားသော ဘဝနေထိုင်မှု ပုံစံများရှိနေနိုင်ပြီး ကိုးကွယ်သည့် ဘာသာမတူခြင်း၊ ပြောဆိုသည့် ဘာသာစကားမတူညီခြင်း ရှိနေနိုင်သည့်အပြင် မတူညီသည့် နေရာဒေသမှ လာရောက်သူများလည်း ရှိနိုင်ပါသည်။

- ကရင်လူမျိုးများသည် ခရစ်ယာန် သို့မဟုတ် ဗုဒ္ဓဘာသာ ဖြစ်နိုင်ပြီး ရိုးရာယုံကြည်မှုများကို ကျင့်သုံး ကိုးကွယ်နိုင်သည် သို့မဟုတ် အခြား ဘာသာရေးဆိုင်ရာ ယုံကြည်သက်ဝင်သူများလည်း ရှိနိုင်ပါသည်။
- မိမိကိုယ်ကို ချင်းလူမျိုးဟု သတ်မှတ်ထားသူများသည် ဘာသာစကား အမျိုးအစား ၃၀[၁၁] ထဲမှ တစ်ခု သို့မဟုတ် တစ်ခုထက်ပိုပြီး ပြောဆိုနိုင်ပါသည်။
- ပအိုဝ့်လူမျိုးအများစုသည်လည်း ရှမ်းပြည်နယ်မှ ဖြစ်ပြီး မွန် သို့မဟုတ် ကရင်ပြည်နယ်များတွင်လည်း နေထိုင်ကြပါသည်။
- သမိုင်းပညာရှင်အများစု ပြောပြချက်အရ၊ ဗမာလူမျိုးများ မူလဇာစ်မြစ်ကို တရုတ်နိုင်ငံရှိ ယူနန်ဒေသ အထိ[၁၂] ပြန်လှန် ဇာစ်မြစ်ကောက်ယူနိုင်ပါသည်။

လူများသည် အချို့နေရာများကို တိုင်းရင်းသားမျိုးနွယ်စုတစ်ရပ်ဖြင့် ပူးတွဲ ရှုမြင်တတ်ကြသည်။ သို့သော် လူများသည် တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်းတတ်ပြီး၊ နေရာဒေသ အတော်များများတွင် မတူကွဲပြားသည့် လူမျိုးများစွာ နေထိုင်နေကြောင်းကို မှတ်မိသတိထားမိရန် အရေးကြီးပါသည်။ ထို့အတူ လူများသည် မတူကွဲပြားသည့် အခြား အစုအဖွဲ့များမှ လူများနှင့်အတူ အလုပ်လုပ်ကိုင်ခြင်း၊ ယှဉ်တွဲနေထိုင်ခြင်းနှင့် လက်ထပ်ထိမ်းမြားကြပြီး ဤနည်းဖြင့် အပြင်လူများကို မိမိတို့၏ အစုအဖွဲ့ထဲသို့ ပါဝင်ပတ်သက်လာစေပါသည်။ ထို့အပြင် တိုင်းရင်းသားမျိုးနွယ်စုတစ်ရပ် အတွင်းရှိ ယဉ်ကျေးမှုသည်လည်း တစ်မျိုးတည်း/တစ်သမတ်တည်း မဖြစ်နိုင်ပါ။ တိုင်းရင်းသားမျိုးနွယ်စုဝင်

[၁၁] https://www.ethnologue.com/country/MM/languages
[၁၂] Thant Myint-U. (2006). *The river of lost footsteps: A personal history of Burma.* New York, NY: Farrar, Straus and Giroux; East Asian. (2017, June 9). *Ethnic origin of Burmese.* Retrieved from http://eastasiaorigin.blogspot.com/

များသည် မတူညီသော နေရာဒေသတွင် နေထိုင်နိုင်ပြီး၊ မတူညီသည့် ဒေသန္တရစကားများကို ပြောဆိုကာ ကွဲပြားသည့် ရိုးရာဝတ်စားဆင်ယင်မှုနှင့် ဘဝနေထိုင်မှုပုံစံများ ရှိနိုင်ပါသည်။

တိုင်းရင်းသားမျိုးနွယ်စုသည် ယဉ်ကျေးမှုတစ်ရပ်ကို ဖြစ်ပေါ်စေသော်လည်း ထိုသို့ဖြစ်ပေါ်စေသည့် တစ်ခုတည်းသော အကြောင်းရင်းခံတော့ မဟုတ်ပါ။ မတူညီသောလူများမှ ၎င်းတို့၏ အသက်အရွယ်၊ လူတန်းစား၊ နေထိုင်ရာနေရာဒေသ၊ အလုပ်အကိုင်နှင့် စိတ်ဝင်စားမှုများပေါ် အခြေခံပြီး ၎င်းတို့၏ ယဉ်ကျေးမှုကို ရှုမြင်ကြသည်။

**သင်ယူမှုလုပ်ငန်း (၂) - အောက်ပါစာကြောင်းများ မှန်ပါသလား သို့မဟုတ် မှားပါသလား။ မိမိ၏ အဖြေအား ရှင်းပြပါ။**

၁။ ယဉ်ကျေးမှုများသည် အမြဲတမ်း တစ်သမတ်တည်းဖြစ်နေပြီး အချိန်ကာလပေါ် မူတည်ပြီး မပြောင်းလဲပါ။

၂။ လူများသည် ၎င်းတို့၏ ယဉ်ကျေးမှု လွှမ်းမိုးမှုအောက်တွင် ရှိသည်။

၃။ လူများ ပူးပေါင်းဆောင်ရွက်သည့်အခါ၊ ကုန်သွယ်သည့်အခါ၊ လက်ထပ်ထိမ်းမြားသည့်အခါ၊ နှင့် ရင်းမြစ်များကို မျှဝေသုံးစွဲသည့်အခါတွင် ယဉ်ကျေးမှုများသည် တစ်ခုနှင့်တစ်ခု အပြန်အလှန် လွှမ်းမိုးသွားကြသည်။

၄။ လူတစ်ဦး၏ နိုင်ငံရေးနှင့် ဘာသာရေးယုံကြည်မှုများကို ၎င်း၏ယဉ်ကျေးမှုက ဆုံးဖြတ်ပေးသည်။

၅။ ယဉ်ကျေးမှုသည် လူတစ်ယောက်၏ သရုပ်လက္ခဏာ အစိတ်အပိုင်းတစ်ရပ်သာဖြစ်သည်။

၆။ အချို့လူများတွင် ယဉ်ကျေးမှုတစ်ခုရှိပြီး အချို့လူများတွင် မရှိပေ။

## ယဉ်ကျေးမှု

ယဉ်ကျေးမှုဆိုသည်မှာ လူတစ်စု၏ ဘုံတူညီနေသော ယုံကြည်မှုများနှင့် အပြုအမူများဖြစ်ကြပြီး ယဉ်ကျေးမှုကို သင်ကြားပေးနိုင်ပါသည်။ ၎င်းတို့ကို မျိုးဆက်တစ်ခုမှ တစ်ခုသို့ လက်ဆင့်ကမ်းပေးကြပြီး ၎င်းတို့ကို ကျောင်းများနှင့် မိမိပတ်ဝန်းကျင်မှလည်း သင်ယူနိုင်ပါသည်။

ယဉ်ကျေးမှုတွင် ဘုံတူညီနေသော ကြန်အင်လက္ခဏာရှိသည်ဟု မကြာခဏ ဖော်ပြကြသည်။ ၎င်းလက္ခဏာရပ်များတွင် အောက်ပါအချက်များ ပါဝင်သည်။

### ဇယား ၅.၁။ ဘုံတူညီနေသည့် ယဉ်ကျေးမှုဆိုင်ရာ လက္ခဏာရပ်များ

| ဘုံတူညီနေသော ယဉ်ကျေးမှုဆိုင်ရာ လက္ခဏာရပ် ၁၀ ချက်[၃၃] | |
|---|---|
| ပထဝီမြေအနေအထား | နယ်ပယ်ဒေသတစ်ခု၏ မြေနေရာနှင့် သဘာဝရင်းမြစ်များကို ထည့်သွင်းစဉ်းစားထားသည့် တိုင်းရင်းသားအစုအဖွဲ့ တည်ရှိရာနေရာဒေသ။ |
| ဘာသာစကား | အရေးအသား၊ စကားပြောဆိုဆက်သွယ်ရေးနှင့် နှုတ်ဖြင့်ပြောခြင်းမဟုတ်သည့် အခြားနည်းလမ်းဖြင့် ပြောဆို ဆက်သွယ်ရေး အပါအဝင် ပြောဆိုသုံးနှုန်းသည့် ဘာသာစကား။ |
| မိသားစု | အခန်းကဏ္ဍနှင့် လုပ်အားခွဲဝေမှုကဲ့သို့သော ယဉ်ကျေးမှုတစ်ရပ်အတွင်းရှိ မိသားစု စုဖွဲ့မှုအား။ |
| အစားအစာ၊ အဝတ်အထည်၊ သယ်ယူပို့ဆောင်ရေးနှင့် အဆောက်အအုံ | ၎င်းအခြေခံအချက်များကို ယဉ်ကျေးမှုတိုင်းတွင် တွေ့နိုင်သော်လည်း၊ ဓိသုကာ လက်ရာ၊ ဝတ်စားဆင်ယင်မှုဖက်ရှင်၊ ချက်ပြုတ်နည်းများ နှင့် သယ်ယူပို့ဆောင်ရေး အမျိုးအစားများတွင် ကွဲပြားမှုရှိသည်။ |
| စံတန်ဖိုးများ၊ ယုံကြည်မှုများ၊ နှင့် ရိုးရာဓလေ့များ | ပုံပြင်များ၊ အခမ်းအနား ရိုးရာဓလေ့များ၊ အားလပ်ရက်များနှင့် ကမ္ဘာ့အမြင်များသည် ထုံးတမ်းစဉ်လာဓလေ့များ သို့မဟုတ် ဘာသာရေးယုံကြည်မှုများမှ ဖြစ်ပေါ်လာသည်။ |
| စီးပွားရေး | အသက်ရှင်နေထိုင်ရန်အတွက် လိုအပ်သော အလုပ်အကိုင်များ၊ ဈေးကွက်၊ ကုန်ပစ္စည်းများထုတ်လုပ်ခြင်းနှင့် ဝန်ဆောင်မှုများ။ |
| ပညာရေး | တိုင်းရင်းသားမျိုးနွယ်တစ်စု၏ ဗဟုသုတများနှင့် စွမ်းရည်များကို လူငယ်များထံသို့ လက်ဆင့်ကမ်းပေးခြင်း။ |
| နိုင်ငံရေး | ဥပဒေများ၊ စည်းမျဉ်းများ နှင့် ဖွဲ့စည်းပုံများကို အသက်ဝင်စေသည့် လူ့အသိုက်အဝန်း တစ်ခု၏ အစိုးရ သို့မဟုတ် အဖွဲ့အစည်း အမျိုးအစား။ |
| နည်းပညာ | အိမ်နှင့် အလုပ်တွင် အသုံးပြုသည့် ပစ္စည်းကိရိယာများ၊ လက်နက်များ၊ ဒီဂျစ်တယ် နည်းပညာ၊ အစရှိသည့်အရာများ။ |
| ယဉ်ကျေးမှုဆိုင်ရာ ဖော်ထုတ်ပြသချက်များ | အနုပညာ၊ တေးဂီတ၊ စာပေ၊ အားကစားနှင့် အခြားနည်းလမ်းများ မှတစ်ဆင့် ယဉ်ကျေးမှုအား ဖန်တီးဖော်ထုတ်မှုများ။ |

[၃၃] Wittwer, J. (2018). 10 Cultural Universals. Retrieved from https://successacrosscultures.com/2018/05/25/the-10-cultural-universals/

## သင်ယူမှုလုပ်ငန်း (၃)

၁။ အထက်ပါ လက္ခဏာရပ်များကို ကြည့်ခြင်းအားဖြင့် သင်၏ ယဉ်ကျေးမှုအား မည်သို့ ဖော်ထုတ်ပြနိုင်မည်နည်း။ ယဉ်ကျေးမှု ယခင်ကာလ နှင့် ယခုကာလ (လက်ကမ်းစာရွက် ၆) ရှိ ကော်လံ (က) တွင် ဖြည့်စွက်ပါ။

၂။ အဖော်တစ်ယောက်ရှာ၍ သင်တို့၏ဇယားများကို နှိုင်းယှဉ်ကြည့်ပါ။

၃။ သင်တို့ဘိုးဘွားများ၏ အချိန်ကာလများကို ပြန်လည်စဉ်းစားကြည့်ပြီး ကော်လံ (ခ) အား ဖြည့်စွက်ပါ။ မည်သည့်အရာများက တူညီနေပါသနည်း။ မည်သည့်အရာများက ကွဲပြား ခြားနားနေပါသနည်း။

## သင်ယူမှုလုပ်ငန်း (၄)

သင် သိပ်မသိသေးသည့် မြန်မာနိုင်ငံရှိ ပြည်နယ်တစ်ခု သို့မဟုတ် နေရာဒေသတစ်ခုအား ရွေးချယ်ပါ။ ၎င်း ပြည်နယ် သို့မဟုတ် နေရာဒေသနှင့် ပတ်သက်ပြီး အချက်အလက်များ ရှာဖွေကာ ၎င်းနေရာ၏ လက္ခဏာရပ်များပါဝင်သည့် ပိုစတာတစ်ချပ် ဖန်တီးပါ။ ၎င်းလက္ခဏာရပ်များတွင် အောက်ပါအချက်များ ပါဝင်နိုင်ပါသည်။

- အဆိုပါနေရာတွင် နေထိုင်နေသည့် တိုင်းရင်းသား မျိုးနွယ်စုတစ်စု သို့မဟုတ် တစ်စုထက် ပိုသည့် တိုင်းရင်းသားများနှင့် ပတ်သက်သည့် အချက်အလက်များ၊ ပြောဆိုသုံးနှုန်းသည့် ဘာသာစကား (များ)၊ ၎င်းတို့၏ ရိုးရာအဝတ်အစားများ၊ စီးပွားရေးလုပ်ငန်းများ အစရှိသဖြင့်။
- နေထိုင်နေသည့် တိုင်းရင်းသားများ၏ အရေးကြီးသည့် အခမ်းအနားများနှင့် ကျော်ကြားသည့် ခေါင်းဆောင်များ။
- အရေးကြီးသည့် အထင်ကရနေရာများ။
- လက်ရှိဖြစ်ပျက်နေသော အဖြစ်အပျက်များနှင့် အရေးကြီးသော ပြဿနာကိစ္စရပ်များ။

ဖြစ်နိုင်ပါက သရုပ်ဖော်ဖန်တီးရေးဆွဲမှုအချို့ ထည့်သွင်းပေးပါ။

## ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ

၁။ ယဉ်ကျေးမှု ဆိုသည်မှာ အဘယ်နည်း။

၂။ ယဉ်ကျေးမှုနှင့် တိုင်းရင်းသားမျိုးနွယ်စုအကြားရှိ ဆက်နွယ်မှုမှာ အဘယ်နည်း။

၃။ လူတစ်ဦး၏ တိုင်းရင်းသားမျိုးနွယ်စုဝင်ဖြစ်မှုသည် ၎င်း၏ဘဝပေါ်တွင် မည်သို့ သက်ရောက်မှုရှိသနည်း။

# ၅.၂။ မတူကွဲပြားသော လူ့အဖွဲ့အစည်းတွင် ငြိမ်းချမ်းစွာ နေထိုင်ခြင်း

ကျွန်ုပ်တို့၏ လူ့အသိုက်အဝန်းအတွင်း ငြိမ်းချမ်းစွာရှင်သန်နေထိုင်ရန် အလို့ငှာ ပဋိပက္ခနှင့် ငြိမ်းချမ်းရေးအပေါ် နားလည်သဘောပေါက်မှု၊ ၎င်းတို့နှင့် တိုင်းရင်းသားမျိုးနွယ်စု မတူကွဲပြား ခြားနားမှုရှိခြင်းအကြား ဆက်နွယ်မှုတို့အပေါ် နားလည် သဘောပေါက်မှုအား ကျယ်ကျယ်ပြန့်ပြန့် ပိုမိုသိရှိလာရန် လိုအပ်ပါသည်။ ပဋိပက္ခနှင့် ငြိမ်းချမ်းရေး၏ ဤသဘောတရားသည် တရားမျှတပြီး ငြိမ်းချမ်းသော လူ့အသိုက်အဝန်းတစ်ရပ် တည်ဆောက်ရန်အတွက် လူတိုင်းတွင် တာဝန်ရှိပြီး၊ တိုင်းရင်းသားမျိုးနွယ်စု ထွေပြားခြင်းသည် မြန်မာနိုင်ငံ၏ အားသာချက်များထဲမှ တစ်ချက်ဖြစ် ကြောင်း ဖော်ပြနေပါသည်။ ကျွန်ုပ်တို့၏ သရုပ်လက္ခဏာရပ်များနှင့် လိုအပ်ချက်များကို စဉ်းစား ကြည့်ပြီး တိုင်းရင်းသားမျိုးနွယ်စုထွေပြားခြင်း အပေါ်ထားရှိသည့် မတူညီသော ရှုထောင့်အမြင်များ ကို စူးစမ်းလေ့လာသွားပါမည်။ ကျွန်ုပ်တို့အားလုံး အတူတကွ ငြိမ်းချမ်းစွာ ရှင်သန်နေထိုင်နိုင်ရန် အထောက်အကူဖြစ်စေသည့် ကျွန်ုပ်တို့ကိုယ်တိုင်နှင့် အခြားလူများအကြား ချိတ်ဆက်နိုင်မည့် နည်းလမ်းများကို စူးစမ်းလေ့လာသွားမည်။

နောက်ဆုံး၌ မူလတန်း ကျောင်းသားများကို ငြိမ်းချမ်းစွာ ရှင်သန်နေထိုင်ခြင်း ခေါင်းစဉ်နှင့် ပတ်သက်ပြီး သင်ခန်းစာများကို သင်ကြားမည့်ပုံစံအား စဉ်းစားဆုံးဖြတ်နိုင်စေရန်အတွက် သင်ရိုးညွှန်းတမ်းများကို လေ့လာခြင်းဖြင့် အဆုံးသတ်ပါမည်။

## ၅.၂.၁။
## ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ၏ အခြေခံယူဆချက်

### မျှော်မှန်းထားသော သင်ယူမှုရလဒ်

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -**

- ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ၏ အခြေခံယူဆချက်နှင့် လက်တွေ့ဘဝတွင် တည်ရှိနေပုံကို ရှင်းပြတတ်မည်။

ငြိမ်းချမ်းရေးဆိုသည်မှာ ကျွန်ုပ်တို့အားလုံး ကြိုးစားရှာဖွေနေသည့် အရာဖြစ်ပါသည်။ လူတိုင်းအတွက် တူညီသော အခွင့်အလမ်းများရှိသည့် လူ့အသိုက်အဝန်းတစ်ရပ်တွင် လုံခြုံစွာနှင့် သဟဇာတမျှတစွာ နေထိုင်ရခြင်းကို လူတိုင်း လိုချင်ကြသည်။ ငြိမ်းချမ်းရေးအား အတူတကွ တည်ဆောက်ခြင်းကို သင်ယူရန်အတွက် ပထမဦးဆုံးအနေဖြင့် ပဋိပက္ခ အကြောင်းကို ပိုမို လေးနက်စွာ နားလည်သဘောပေါက်ရန် လိုအပ်ပါသည်။ ထို့နောက်တွင် ငြိမ်းချမ်းရေးနှင့် ပတ်သက်ပြီး ပြန်လည်တွေးကြည့်ကာ ငြိမ်းချမ်းသော လူ့အသိုက်အဝန်းတစ်ရပ်၏ ပုံစံကို စဉ်းစားသွားပါမည်။

### ပဋိပက္ခဆိုသည်မှာ အဘယ်နည်း။

ပဋိပက္ခသည် ပုံမှန်အားဖြင့် ဇာတ်ကောင်များ (ပဋိပက္ခတွင် ပါဝင်သူများ) မှ မတူညီသည့်အရာများကို လိုချင်ကြသည့်အခါတွင် ဖြစ်ပေါ်လာပါသည်။ ထို့အပြင် ဇာတ်ကောင်နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသော ဇာတ်ကောင်များက အရာဝတ္ထု တစ်မျိုးတည်းကို အလိုရှိကြပြီး ထိုအရာဝတ္ထုမှာလည်း တစ်ခုတည်းသာရနိုင်သည့် အခြေအနေမျိုးတွင်လည်း ပဋိပက္ခ ပေါ်ပေါက်တတ်ပါသည်။ သက်ဆိုင်ရာဇာတ်ကောင်တို့ကြား ထိုကဲ့သို့ ရည်မှန်းချက်များ သဟဇာတမဖြစ်မှုသည် ပဋိပက္ခတစ်ရပ်၏ အခြေခံအကြောင်းအရင်းပင် ဖြစ်သည်။

လူအများစုသည် ပဋိပက္ခက ၎င်းတို့ဘဝကို နာကျင်ထိခိုက်စေသောကြောင့် ပဋိပက္ခကို မလိုလားကြပေ။ သို့သော် အချို့ပဋိပက္ခတွင် ကောင်းကျိုးများလည်းရှိသည်။ ပဋိပက္ခဟူသည် အကြောင်းရှိ၍သာ ပေါ်ပေါက်လာရခြင်း ဖြစ်သည်။ ၎င်းသည် ကျွန်ုပ်တို့ လူပုဂ္ဂိုလ်အချင်းချင်းကြား၊ အစုအဖွဲ့များကြား၊ လူ့အဖွဲ့အစည်းအတွင်း ဆက်ဆံရေးတို့တွင် ရှိနေသော ပြဿနာများကို ဖော်ပြနေသည်။ အဆိုပါ ပြဿနာများကို ဖြေရှင်းနိုင်ရေးအတွက်လည်း ကျွန်ုပ်တို့ကို တိုက်တွန်းအားပေးနေသည်။ ၎င်းသည် အခြေအနေတစ်ရပ်ကို တိုးတက်စေမည့် အခွင့်အရေး တစ်ရပ်လည်း ဖြစ်သည်။ အဆိုပါ အခွင့်အလမ်းကို ကျွန်ုပ်တို့ အသုံးပြုနိုင်ခြင်း၊ မပြုနိုင်ခြင်းသည် ပြဿနာကို ကျွန်ုပ်တို့ မည်သို့ ကိုင်တွယ်ဖြေရှင်းမည်ဆိုသည့် အချက်ပေါ် မူတည်နေသည်။ ပဋိပက္ခသည် ကောင်းသည်ဟု မဆိုနိုင်သလို မကောင်းပါဟူ၍လည်း မဆိုနိုင်ပေ။ ပဋိပက္ခ၏ ကောင်းခြင်း ဆိုးခြင်းသည် အဆိုပါ ပဋိပက္ခကို ကျွန်ုပ်တို့ မည်သို့ကိုင်တွယ်ဖြေရှင်းမည်နည်းဆိုသည့် အချက်ပေါ်တွင်သာ မူတည်နေပါသည်။

ပဋိပက္ခများကို ငြိမ်းချမ်းစွာ ဖြေရှင်းမှု ရှိ/မရှိ ဆိုသည်မှာ ပဋိပက္ခအတွင်းရှိ မတူညီသော ဇာတ်ကောင်များပေါ်တွင် အထူးသဖြင့် မူတည်နေပါသည်။ ကောင်းမွန်သော ဆက်ဆံရေးတစ်ခုတွင် သဟဇာတမဖြစ်သော ရည်မှန်းချက်များသည် ထိပ်တိုက်ရင်ဆိုင်ခြင်း သို့မဟုတ် တိုက်ခိုက်ခြင်း များသို့ ဦးတည်ခြင်း မရှိနိုင်ပါ။ ထိုအခြေအနေတွင် ဇာတ်ကောင်များသည် တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုရှိကြပြီး တစ်ဦးလိုအပ်ချက်ကို တစ်ဦးက ထည့်သွင်းစဉ်းစားပေးလေ့ရှိပါသည်။ အခြေအနေကို ပဋိပက္ခတစ်ရပ်အဖြစ် မရှုမြင်ဘဲ ပြဿနာတစ်ရပ်အဖြစ်သာ ရှုမြင်ကြသည်။ ပူးပေါင်းလက်တွဲဖြေရှင်း၍ ရနိုင်သော ပြဿနာအဖြစ် ရှုမြင်ခြင်းမျိုး ဖြစ်သည်။ အကယ်၍ သက်ဆိုင်ရာ ဇာတ်ကောင်တို့၏ ဆက်ဆံရေးမှာ တင်းမာပြီး အဆင့် သို့မဟုတ် အခက်အခဲ ရှိနေသည့် အဆင့်သို့ ရောက်ရှိနေလျှင် ကွဲလွဲမှု အသေးအမွှားလေးများအပေါ် အကြောင်းခံ၍ပင် ပဋိပက္ခများ အလွယ်တကူ ပေါ်ပေါက်လာနိုင်သည်။ နောက်ဆုံး မည်သည့် ကွဲလွဲမှုမျိုးမှ မရှိဘဲနှင့်လည်း ပဋိပက္ခများ အလွယ်တကူပေါ်ပေါက်လာနိုင်သော အခြေအနေမျိုး ဖြစ်သည်။ ကောင်းမွန်သော ဆက်ဆံရေး တည်ဆောက်ရန်ဆိုသည်မှာ အမြဲတမ်း သဘောတူညီရမည် သို့မဟုတ် ပဋိပက္ခအားလုံးကို ရှောင်ရှားရမည်ဟု မဆိုလိုပါ။ ၎င်းမှာ ပဋိပက္ခတစ်ခုအား အတူတကွ ကိုင်တွယ်ရန်၊ ငြိမ်းချမ်းစွာဖြေရှင်းရန်နှင့် ၎င်းပဋိပက္ခမှ သင်ယူရန် ဆိုလိုခြင်းဖြစ်သည်။

## မပြည့်စုံသော ငြိမ်းချမ်းရေး

ငြိမ်းချမ်းရေးဆိုသည်မှာ အဘယ်နည်း။ ထိုမေးခွန်းကို ဖြေဆိုရန် မလွယ်ကူပေ။ တချို့သူများက ငြိမ်းချမ်းရေးကို ဖော်ပြခြင်းထက် စစ်ပွဲကို ဖော်ပြခြင်းသည် ပိုမိုလွယ်ကူသည်ဟု ဆိုကြသည်။ ငြိမ်းချမ်းရေးနှင့် ကျန်းမာရေးကို နှိုင်းယှဉ်ကြည့်ပါ။ ကျန်းမာရေးအကြောင်း ပြောသောအခါ ရောဂါများ၏ အမည်အမျိုးမျိုးကို ဖော်ပြရန် လွယ်ကူပြီး ကျန်းမာရေး ကောင်းမွန်ခြင်းကို ဖော်ပြရန်နှင့် ရှင်းပြရန်မှာ ခက်ခဲနေပေမည်။ တစ်စုံတစ်ယောက် "ကျန်းမာရေး ကောင်းခြင်း ဆိုသည်မှာ နေမကောင်းမဖြစ်ခြင်း၊ နေသာခြင်းကို ဆိုလိုခြင်းဖြစ်သည်" ဟု ပြောလိမ့်မည်။

ကျန်းမာရေးကဲ့သို့ပင် ငြိမ်းချမ်းရေးသည်လည်း မပိုင်ဆိုင်ရသည့်အခါ၊ မရရှိသည့်အခါတွင် အဓိပ္ပာယ်ကို ပို၍ နားလည်ရလွယ်ကူသည်။ ဥပမာ - ငြိမ်းချမ်းရေးသည် "စစ်ပွဲမရှိခြင်း"၊ "တိုက်ခိုက်မှုမရှိခြင်း" ဖြစ်သည်။ ထို့ကြောင့် ငြိမ်းချမ်းရေးကို စစ်ပွဲများ မရှိခြင်း၊ တိုက်ရိုက် အကြမ်းဖက်မှုများ မရှိခြင်းဟု တစ်နည်းအားဖြင့် နားလည်နိုင်သည်။ အဆိုပါ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ ငြိမ်းချမ်းရေးဟူသည် စစ်မဖြစ်မီကာလ သို့မဟုတ် စစ်ဖြစ်ပြီး ကာလကို ဆိုလိုသည်။ မြန်မာ့သမိုင်းတွင် ၁၈၂၆ ခုနှစ်သည် မြန်မာ နှင့် ဗြိတိသျှအင်ပါယာတို့ကြား ငြိမ်းချမ်းရေးရှိခဲ့သော တိုတောင်းသည့် ကာလတစ်ခု ဟုလည်း ဆိုနိုင်သည်။ ထိုနှစ် ဖေဖော်ဝါရီတွင် မြန်မာဘက်မှ ခေါင်းဆောင်များနှင့် ဗြိတိသျှတို့ဘက်မှ ခေါင်းဆောင်များက နှစ်ဖက်ငြိမ်းချမ်းရေးစာချုပ်ကို ချုပ်ဆိုခဲ့ကြသည်။ အဆိုပါစာချုပ်သည် ပိုင်နက် နယ်နိမိတ်ကို အကြောင်းပြု၍ အင်ပါယာနိုင်ငံကြီး နှစ်ခုကြား စစ်မက် ဖြစ်ပွားပြီးနောက်မှ (၁၈၂၄ -၁၈၂၆) ပေါ်ပေါက်လာသည့် စာချုပ်ဖြစ်သည်။

အဆိုပါ သဘောတရားအရ ဆိုပါက ငြိမ်းချမ်းရေးဟူသည် စစ်၏ ဆန့်ကျင်ဘက်ဖြစ်သည်။ စစ်ဟူသည် သေကြေပျက်စီးခြင်းတို့ကို ဖြစ်ပေါ် စေသော တိုက်ခိုက်မှုဟု အဓိပ္ပာယ်ဖွင့်ဆိုမည်ဆိုလျှင် ငြိမ်းချမ်းရေး ဟူသည် ၎င်းတိုက်ခိုက်မှုနှင့် သေကျေပျက်စီးမှုများ မရှိခြင်းဟု ဆိုရပေမည်။ ထိုကဲ့သို့ ငြိမ်းချမ်းရေး အဓိပ္ပာယ်ဖွင့်ဆိုချက်မျိုးကို မပြည့်စုံသော ငြိမ်းချမ်းရေး သို့မဟုတ် အကန့်အသတ် ရှိသော ငြိမ်းချမ်းရေးဟု ခေါ်ကြသည်။

## သင်ယူမှုလုပ်ငန်း (၁)

နှစ်ယောက်တစ်တွဲစီဖြင့် အောက်ပါမေးခွန်းများကို ဆွေးနွေးပါ။

၁။ "မပြည့်စုံသော ငြိမ်းချမ်းရေး" ဟုခေါ် ရခြင်းမှာ အဘယ်ကြောင့် ထင်ပါသနည်း။

၂။ မပြည့်စုံသော ငြိမ်းချမ်းရေးတွင် မည်သည့်အရာများ ပျောက်ဆုံးနေပါသနည်း။

### ပြီးပြည့်စုံသော ငြိမ်းချမ်းရေးနှင့် လူမှုတရားမျှတရေး

ပြီးပြည့်စုံသော ငြိမ်းချမ်းရေးဆိုသည်ကို မလိုလားဖွယ်သောအရာများ (စစ်နှင့် တိုက်ပွဲများ) ကင်းမဲ့သည့် အခြေအနေဟူ၍သာ အဓိပ္ပာယ်ဖွင့်ဆို၍ မရပေ။ လိုလားဖွယ်သောအရာများ ပြည့်စုံနေသော အခြေအနေဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုရမည် ဖြစ်သည်။ ပြီးပြည့်စုံသော ငြိမ်းချမ်းရေးတွင် အကြမ်းဖက်မှုများ ကင်းမဲ့သလို တရားမျှတမှုလည်း ရှိနေသည်။ ဥပမာ - စစ်ပွဲများ အဆုံးသတ်သွားပြီး စစ်ပွဲ၏နေရာတွင် လူထုလိုအပ်ချက်များကို ပံ့ပိုး ဖြည့်ဆည်းနိုင်မည့် လူမှုစနစ်များနှင့် ကောင်းမွန်သော ဆက်ဆံရေးများ အစားထိုး ဝင်ရောက်လာသော အခြေအနေဖြစ်သည်။ ပြီးပြည့်စုံသော ငြိမ်းချမ်းရေးဆိုသည်မှာ ပဋိပက္ခများ မရှိတော့ခြင်းကို ဆိုလိုခြင်း မဟုတ်ပေ။ ပဋိပက္ခများသည် လက်တွေ့ဘဝ၏ အခြေခံအစိတ်အပိုင်း ဖြစ်နေသည့်အတွက် အပြီးသတ် ချုပ်ငြိမ်းသွားရန် ဆိုသည်မှာ မဖြစ်နိုင်သော အရာသာဖြစ်သည်။ ပြီးပြည့်စုံသော ငြိမ်းချမ်းရေး၏ ဆိုလိုရင်းမှာ လူ့အဖွဲ့အစည်းအတွင်းရှိ ပဋိပက္ခများကို အကြမ်းဖက်မှုများ မပါဘဲ အပြုသဘော နည်းဖြင့် ဖြေရှင်းကြသည့် အခြေအနေဖြစ်သည်။

## သင်ယူမှုလုပ်ငန်း (၂)

အထက်ဖော်ပြပါ စာပိုဒ်၏ အဓိကဆိုလိုရင်း အယူအဆမှာ အဘယ်နည်း။ အသင့်တော်ဆုံး အဖြေကို ရွေးချယ်ပါ။

၁။ မပြည့်စုံသော ငြိမ်းချမ်းရေးသည် စစ်ပွဲများ အဆုံးသတ်သွားသော အခြေအနေဖြစ်သည်။

၂။ လူမှုစနစ်များသည် လူထုလိုအပ်ချက်တို့ကို ပံ့ပိုးဖြည့်ဆည်းပေးမှုရှိသင့်သည်။

၃။ ပြီးပြည့်စုံသော ငြိမ်းချမ်းရေးဆိုသည်မှာ အကြမ်းဖက်မှုများ ကင်းမဲ့ပြီး တရားမျှတမှုများ အားကောင်းနေသော အခြေအနေကို ဆိုလိုသည်။

၄။ ပြီးပြည့်စုံသော ငြိမ်းချမ်းရေးဆိုသည်မှာ ပဋိပက္ခများ မရှိတော့သည့် အခြေအနေကို ဆိုလိုခြင်း ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း (၃)

အောက်ဖော်ပြပါ ပြောဆိုသူနှစ်ဦးတွင် မည်သူက ပြီးပြည့်စုံသော ငြိမ်းချမ်းရေးအကြောင်း ပြော၍ မည်သူက မပြည့်စုံသော ငြိမ်းချမ်းရေးအကြောင်း ပြောနေခြင်းဖြစ်သနည်း။

**ပြောသူ ၁။** ။ တရားမျှတမှု၊ တန်းတူညီမျှမှုနဲ့ လွတ်လပ်မှုတို့ဟာ ဘဝမှာ အရေးအကြီးဆုံးပါပဲ။ ကျွန်တော်တို့ဆီမှာ အဲ့ဒါတွေ တစ်ခုမှမရသေးဘူး။

**ပြောသူ ၂။** ။ မဟုတ်ဘူး၊ ဘဝမှာ အရေးကြီးဆုံးက ငြိမ်းချမ်းရေးပါပဲ။ တိုက်ခိုက်မှုတွေ အကုန်ရပ်ပြီး စစ်ပွဲကို အဆုံးသတ်စေချင်တယ်။

ပြီးပြည့်စုံသော ငြိမ်းချမ်းရေးကို နားလည်ရန်အတွက်၊ ဖွဲ့စည်းတည်ဆောက်ပုံ စနစ်ဆိုင်ရာ အကြမ်းဖက်မှုနှင့် ကျွန်ုပ်တို့၏ ဘဝအပေါ် ၎င်း၏ သက်ရောက်မှုတို့ကို နားလည်ရန် လိုအပ်ပါသည်။ ငြိမ်းချမ်းရေးရရှိရန်အတွက် စစ်နှင့် အကြမ်းဖက်မှုများ မရှိရန် လိုအပ်သည်။ သို့သော် စစ်နှင့် အကြမ်းဖက်မှုများကသာ လူတို့ကို ဆင်းရဲဒုက္ခ ဖြစ်ပေါ်စေသည် မဟုတ်ပေ။ အလွန်အမင်း ဆင်းရဲမွဲတေခြင်း၊ တော်မွတ်ခေါင်းပါးခြင်း၊ ကုသ၍မရနိုင်သော ရောဂါဘယများ ထူပြောခြင်း၊ ခွဲခြားဆက်ဆံခြင်းနှင့် လူ့အခွင့်အရေး ချိုးဖောက်ခြင်းတို့ကလည်း လူတို့ကို ဆင်းရဲဒုက္ခ ဖြစ်စေပါသည်။ ဥပမာ - မိဘများက ကလေး၏ရောဂါ ကုသနိုင်ရန်အတွက် လိုအပ်နေသည့် ဆေးဝါးကို ဝယ်ယူရန် မတတ်နိုင်သောကြောင့် ၎င်းတို့ ကလေးငယ်မှာ အသက်ဆုံးရှုံးသွားရသည့် ဖြစ်စဉ်တွင် မည်သူမျှ အကြမ်းဖက်မှု မလုပ်သော်လည်း ကလေးငယ်မှာ ဒုက္ခဖြစ်ရသည်။ ငြိမ်းချမ်းရေးသုတေသီ ပညာရှင်များက ထိုကဲ့သို့သော အကြမ်းဖက်မှုမျိုးကို ဖွဲ့စည်းတည်ဆောက်ပုံစနစ်အရ အကြမ်းဖက်မှု ဟု ဆိုကြသည်။ အကြောင်းမှာ အဆိုပါ အကြမ်းဖက်မှုသည် လူမှုအဖွဲ့အစည်းအတွင်းရှိ လူမှုစနစ် တည်ဆောက်ပုံနှင့် လူမှုဖွဲ့စည်းပုံများကို အရင်းခံ၍ ပေါ်ပေါက်လာရသောကြောင့် ဖြစ်သည်။ ၎င်းကို သွယ်ဝိုက်အကြမ်းဖက်မှု ဟူ၍လည်း ခေါ်ကြသည်။ အကြောင်းမှာ အဆိုပါ အကြမ်းဖက်မှုကို လူတို့ကြားတွင် တိုက်ရိုက်လုပ်ဆောင်ခြင်း မဟုတ်သော်လည်း အကျိုးသက်ရောက်မှုမှာ တိုက်ရိုက် အကြမ်းဖက်မှုနှင့် အတူတူ ဖြစ်နေသောကြောင့်ပင် ဖြစ်သည်။

## ဇယား ၅.၂။ အကြမ်းဖက်မှု အမျိုးအစားများ

| အကြမ်းဖက်မှု | |
|---|---|
| တိုက်ရိုက်အကြမ်းဖက်မှု | သွယ်ဝိုက်အကြမ်းဖက်မှု/<br>ဖွဲ့စည်းတည်ဆောက်ပုံစနစ်အရ အကြမ်းဖက်မှု |
| ကျူးလွန်သူ > အကြမ်းဖက်မှု > ခံရသူ<br>ကျူးလွန်သူ၊ လုပ်ဆောင်ချက် နှင့် ခံရသူတို့မှာ ရှင်းရှင်းလင်းလင်း ရှိသည်။ | အကြမ်းဖက်မှု > ခံရသူ<br>လုပ်ဆောင်ချက်နှင့် ခံရသူသာ ရှင်းရှင်းလင်းလင်း ရှိသည်။ ကျူးလွန်သူနှင့် ပတ်သက်၍ ရှင်းရှင်းလင်းလင်း မရှိပေ။ |

ဖွဲ့စည်းတည်ဆောက်မှုစနစ်ဆိုင်ရာ အကြမ်းဖက်မှုဆိုသည်မှာ တရားမျှတမှု မရှိသော လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး နှင့် ယဉ်ကျေးမှုစနစ်များ၊ ဖွဲ့စည်းပုံများကြောင့် ပေါ်ထွက်လာသည့် နစ်နာမှုများ နှင့် ဆင်းရဲဒုက္ခရောက်မှုများပင် ဖြစ်သည်။ ပြဿနာတိုင်းက ဖွဲ့စည်းတည်ဆောက်မှုစနစ်ဆိုင်ရာ အကြမ်းဖက်မှုမဟုတ်ပေ။ ပြဿနာတစ်ရပ်က ရှောင်လွှဲနိုင်သည့် အခြေအနေရှိမှသာ ဖွဲ့စည်းတည်ဆောက်မှု စနစ်ဆိုင်ရာ အကြမ်းဖက်မှုကို ရည်ညွှန်း ပြောဆိုလေ့ရှိသည်။ အဆုတ်ရောင်ရောဂါ ခေါ် TB သည် ရောဂါတစ်မျိုး ဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်း ၂၀၀ ဝန်းကျင်က တီဘီရောဂါဖြင့် သေဆုံးကြခြင်းသည် ရှောင်လွှဲ၍ မရသော ပြဿနာဖြစ်ခဲ့သည်။ ထိုအချိန်က တီဘီရောဂါကို ကုနိုင်မည့် ဆေးဝါးမရှိသေးပေ။ ထို့ကြောင့် ထိုရောဂါဖြင့် သေဆုံးမှုများကို တားဆီး၍ မရနိုင်ပေ။ ယခုအခါ၊ တီဘီရောဂါကို တားဆီးတိုက်ဖျက်နိုင်သော ဆေးဝါးများ ရှိနေပြီဖြစ်သည်။ တီဘီရောဂါ သည် ကုသနိုင်သည့် အခြေအနေရှိနေပြီဖြစ်သည်။ ထို့ကြောင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ် များ တိုးတက်ကောင်းမွန်မှုရှိပါက နှစ်စဉ် တီဘီရောဂါကြောင့် လူပေါင်း တစ်သန်းကျော် သေဆုံးနေရမှု ပြဿနာကို ရှောင်လွှဲနိုင်ပါသည်။ ယခုခေတ်တွင် တီဘီရောဂါကြောင့် သေဆုံးမှုကို ဖွဲ့စည်းတည်ဆောက်မှုစနစ်ဆိုင်ရာ အကြမ်းဖက်မှုအဖြစ် သတ်မှတ်နိုင်ပြီဖြစ်သည်။

## သင်ယူမှုလုပ်ငန်း (၄)

အောက်ဖော်ပြပါ ဥပမာများကို ဖတ်ရှုပါ။ မည်သည့် ဥပမာသည် ဖွဲ့စည်းတည်ဆောက်မှုစနစ်ဆိုင်ရာ အကြမ်းဖက်မှု ဖြစ်၍ မည်သည့်ဥပမာသည် တိုက်ရိုက်အကြမ်းဖက်မှု ဖြစ်ပါသနည်း။ မည်သည့် ဥပမာတွင် အကြမ်းဖက်မှု လုံးဝမပါရှိသနည်း။ အဘယ်ကြောင့်နည်း။

၁။ မြေငလျင်

၂။ စစ်ပွဲ

၃။ မိန်းကလေးက ခွေးကို ရိုက်နေခြင်း

၄။ အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ရောဂါ

၅။ ယာဉ်မတော်တဆဖြစ်မှု

၆။ ငတ်မွတ်ခေါင်းပါးမှု

## သင်ယူမှုလုပ်ငန်း (၅)

အဖွဲ့ငယ်များဖွဲ့၍ အောက်ပါမေးခွန်းများကို ဆွေးနွေးပါ။

၁။ ဖွဲ့စည်းတည်ဆောက်မှုစနစ်ဆိုင်ရာ အကြမ်းဖက်မှုသည် တိုင်းရင်းသား လူနည်းစုများ နှင့် ဘာသာရေး လူနည်းစုများအပေါ် မည်သို့သက်ရောက်မှု ရှိပါသနည်း။

၂။ ဖွဲ့စည်းတည်ဆောက်မှုစနစ်ဆိုင်ရာ အကြမ်းဖက်မှုသည် လိင်စိတ်ခံယူမှုကွဲပြားသူ (LGBT) များအပေါ် မည်သို့ သက်ရောက်မှု ရှိပါသနည်း။

၃။ ဖွဲ့စည်းတည်ဆောက်မှုစနစ်ဆိုင်ရာ အကြမ်းဖက်မှုသည် မသန်စွမ်းသူများအပေါ် မည်သို့ သက်ရောက်မှု ရှိပါသနည်း။

မပြည့်စုံသော ငြိမ်းချမ်းရေးတွင် ဖွဲ့စည်းတည်ဆောက်မှုစနစ်ဆိုင်ရာ အကြမ်းဖက်မှု ရှိနေဆဲ ဖြစ်သည်။ မပြည့်စုံသောငြိမ်းချမ်းရေးတွင် ပျောက်ဆုံးနေသော အရာတစ်ခုမှာ လူမှုရေးဆိုင်ရာ တရားမျှတမှု (social justice) ဖြစ်သည်။ လူမှုရေးဆိုင်ရာ တရားမျှတမှုတွင် အခွင့်အရေးတန်းတူရရှိမှု နှင့် အခွင့်အရေးများ အကာအကွယ်ရရှိမှုတို့ ပါဝင်သည်။ လူမှုရေးဆိုင်ရာတရားမျှတမှုသည် လူတိုင်းကို တန်းတူဆက်ဆံခြင်း သက်သက်သာ မဟုတ်ပေ။ ကျား/မ ဖြစ်မှု၊ လူမျိုး၊ လိင်စိတ်ခံယူမှု၊ ကိုးကွယ်ယုံကြည်မှု၊ ကိုယ်အင်္ဂါမသန်စွမ်းမှု၊ လူမှုအဆင့်အတန်း စသည်တို့ကို အကြောင်းပြု၍

ခွဲခြားဆက်ဆံမှုမရှိစေဘဲ လူတိုင်းကို တန်းတူအခွင့်အလမ်းများ ရရှိခံစားနိုင်အောင် စီမံဆောင်ရွက်ပေးခြင်းမျိုး ဖြစ်သည်။ လူမှုရေးဆိုင်ရာ တရားမျှတမှုသည် လူ့အဖွဲ့အစည်းအတွင်းရှိ အရင်းအမြစ် နှင့် ဓနဥစ္စာတို့ကို လူအားလုံး မျှတစွာ ရရှိခံစားနိုင်အောင် စီမံပေးသည်။ လူတို့၏ အခြေခံလိုအပ်ချက်များဖြစ်သော စားဝတ်နေရေး၊ ပညာရေး နှင့် ကျန်းမာရေး စောင့်ရှောက်မှု တို့ကိုလည်း ပြည့်ဝအောင် ဖြည့်ဆည်းပေးသည်။ လူအားလုံးကို ၎င်းတို့အပေါ် သက်ရောက်မှုရှိစေသည့် ဆုံးဖြတ်ချက်များချမှတ်ရာတွင် ပါဝင်ပြောဆိုခွင့်ရှိအောင် စီမံထိန်းကျောင်းပေးထားခြင်းမျိုးသည်လည်း လူမှုရေးဆိုင်ရာ တရားမျှတမှုပင် ဖြစ်သည်။

## ၅.၂.၂။
## မတူကွဲပြားသော မျိုးနွယ်စုတွင် ငြိမ်းချမ်းစွာ နေထိုင်ခြင်း

### မျှော်မှန်းထားသော သင်ယူမှုရလဒ်

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -**

- ခြားနားသော မျိုးနွယ်စုများအတွင်း ငြိမ်းချမ်းစွာ အတူတကွနေထိုင်ရန် လိုအပ်ပုံကို ဆွေးနွေးတတ်မည်။

မြန်မာနိုင်ငံသည် မတူကွဲပြားမှုများ ရောနှောနေသည့် လူ့အသိုက်အဝန်းတစ်ရပ်ဖြစ်သည်။ များစွာသော တိုင်းရင်းသား အစုအဖွဲ့၊ ကျား/မ၊ လူမှုနောက်ခံအကြောင်းတရားပေါင်းစုံမှ လူများ ယှဉ်တွဲနေထိုင်နေကြသည်။ ကျွန်ုပ်တို့အားလုံးကြားတွင် မတူကွဲပြားမှုများ ဝါသနာ၊ ကြိုက်နှစ်သက်သည့် တေးဂီတ၊ ကျွန်ုပ်တို့၏ နိုင်ငံရေးအမြင်များ နှင့် အခြားသောအရာများစွာ ရှိနေပါသေးသည်။ တချို့လူများမှ မတူကွဲပြားမှု ရောနှောနေခြင်းသည် ပြဿနာများ ဖြစ်ပေါ်လာစေနိုင်သည်ဟု စိုးရိမ်ကြသည်။ သို့သော်၊ မတူကွဲပြားမှု ရောနှောနေခြင်းသည် လူ့အသိုက်အဝန်းတစ်ရပ်အတွင်းရှိ ကြီးမားသော အားသာချက်တစ်ရပ် ဖြစ်နိုင်ပါသည်။

ကျွန်ုပ်တို့အားလုံး အတူတကွဖြင့် ပြီးပြည့်စုံသော ငြိမ်းချမ်းရေးကို ဖန်တီးရမည်။ ထိုသို့ ဖန်တီးခြင်းသည် အိမ်တစ်လုံးတည်ဆောက်ခြင်းနှင့် ခပ်ဆင်ဆင်ပင်ဖြစ်သည်။ မတူညီသည့် အရာများကို ကောင်းစွာ လုပ်ကိုင်နိုင်သော လူများကို လိုအပ်သည်။ တချို့လူများသည် သစ်သားနှင့် ပက်သက်ပြီး ကျွမ်းကျင်မှုရှိသကဲ့သို့ အခြားလူများ အုတ်စီရာတွင် ကျွမ်းကျင်မှုရှိကြသည်။ အချို့မှာ လျှပ်စစ်ပိုင်း တတ်ကျွမ်းကြပြီး အခြားလူများမှာ အလုပ်သမားများအတွက် အစားအစာ ချက်ပြုတ်ကျွေးမွေးပေးနိုင်သည်။ ကျွန်ုပ်တို့အားလုံးပူးပေါင်းပြီး အတူတကွ လုပ်ဆောင်နိုင်မှသာလျှင် ငြိမ်းချမ်းသော လူ့အသိုက်အဝန်းတစ်ခုကို တည်ဆောက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဤသို့လုပ်ဆောင်ခြင်းကို ငြိမ်းချမ်းရေး တည်ဆောက်ခြင်းဟု ခေါ်ဆိုရခြင်းဖြစ်သည်။ ငြိမ်းချမ်းရေး တည်ဆောက်ရန်အတွက် ကျွန်ုပ်တို့ လူ့အသိုက်အဝန်းအတွင်းရှိ အခြားလူများနှင့် ကောင်းမွန်သော ဆက်ဆံရေး တည်ဆောက်ရန်မှာ မဖြစ်မနေ လုပ်ဆောင်ရမည့်အရာ ဖြစ်သည်။

ကျွန်ုပ်တို့အားလုံးသည် အခြားလူများ၊ ပတ်ဝန်းကျင်ရှိ အစုအဖွဲ့များ၊ အဖွဲ့အစည်းယန္တရားများနှင့် အစိုးရတို့နှင့် ဆက်ဆံရေးများ ရှိနေကြပါသည်။ လူများနှင့် အစုအဖွဲ့များကြား ကောင်းမွန်သော ဆက်ဆံရေးများရှိနေသည့်အခါတွင် တစ်ဦးနှင့်တစ်ဦး အတူတွဲလုပ်ဆောင်ကာ ပြဿနာများကို ဖြေရှင်းလာကြမည် ဖြစ်သည်။ အပြုသဘောဆောင်သော ဆက်ဆံရေးများသည် မိမိကိုယ်တိုင်၏ စွမ်းအားကိုသာမက မိမိနှင့် ဆက်ဆံနေသည့် တခြားသူများ၏စွမ်းအားတို့တိုးတက်လာစေပါသည်။

ငြိမ်းချမ်းရေးတည်ဆောက်မှုဆိုသည်မှာ ဆက်ဆံရေးများကို ဖန်တီးတည်ဆောက်ခြင်း၊ တိုးတက်အောင်လုပ်ဆောင်ခြင်း စသည်တို့နှင့် သက်ဆိုင်သော လုပ်ငန်းစဉ်ဖြစ်သည်။ ပဋိပက္ခ ဖြစ်ပွားခဲ့ပြီးနောက်ပိုင်းတွင် မိသားစုအချင်းချင်းကြား၊ လူမှုအသိုင်းအဝိုင်း အချင်းချင်းကြား၊ စီးပွားရေးလုပ်ငန်းများကြား၊ အစိုးရများကြားစသဖြင့် အလွှာအားလုံးရှိ ဆက်ဆံရေးများကို ပြန်လည်တည်ဆောက်ခြင်း၊ ဖန်တီးခြင်းများ လုပ်ဆောင်ရသည်။ အငြင်းအခုံဖြစ်နေကြသော ကလေးများသည် အနုပညာဆိုင်ရာ လက်တွေ့လုပ်ငန်း စီမံကိန်း တစ်ခုကို အပြုသဘောဆန်စွာ ပူးပေါင်းလက်တွဲ လုပ်ဆောင်ကြသည့်အခါ ၎င်းတို့ကြား ဆက်ဆံရေးတိုးတက်လာနိုင်သည်။ ကျွန်ုပ်တို့ မနှစ်သက် မလိုလားသော၊ ကျွန်ုပ်တို့ ကြောက်ရွံ့သော လူမှုအုပ်စုများအကြောင်း မှတ်တမ်းရုပ်ရှင်များ ကြည့်ရသည့်အခါ ထိုသူတို့အပေါ် ကျွန်ုပ်တို့ နားလည်ပေးနိုင်မှုများ တိုးတက်လာသည်။ လူတစ်ယောက်သည် လွတ်လပ်မျှတသော ရွေးကောက်ပွဲ၌ ၎င်း၏ မဲပေးခွင့်ကို အသုံးချခွင့်ရသည်ဆိုလျှင် ၎င်း၏ အစိုးရ သို့မဟုတ် နိုင်ငံတော်နှင့် ဆက်ဆံရေး တိုးတက်လာနိုင်သည်။ ဆက်ဆံရေးတစ်ခုသည် တရားမျှတမှု နှင့် ရေရှည်တည်တံ့မှု ရှိသည်ဆိုလျှင် ငြိမ်းချမ်းမှုလည်း ရှိလာနိုင်ပါသည်။

## ငြိမ်းချမ်းသော ဆက်ဆံရေးများ တည်ဆောက်ခြင်း - သရုပ်လက္ခဏာနှင့် လိုအပ်ချက်များ၏ အရေးပါမှု

### သရုပ်လက္ခဏာ

ကောင်းမွန်သော ဆက်ဆံရေး တည်ဆောက်ရန် နှင့် ပဋိပက္ခအား ငြိမ်းချမ်းစွာ ပြန်လည်ဖြေရှင်းရန် အလို့ငှာ ကျွန်ုပ်တို့ဘဝရှိ သရုပ်လက္ခဏာများ၏ အခန်းကဏ္ဍကို သင်ယူရန် အရေးကြီးပါသည်။ ဤသို့သင်ယူခြင်းဖြင့် ကမ္ဘာကြီးပေါ် ရှုမြင်သည့် လူများ၏ မတူညီသော ရှုထောင့်များကို နားလည်ရန်

အထောက်အကူဖြစ်စေပါသည်။ ကျွန်ုပ်တို့နှင့် မတူသည့် ပုံစံမျိုးရှိသောအခြားသူများ၏ စဉ်းစားပုံနှင့် ပြုမူလုပ်ဆောင်ပုံများသည် ကျွန်ုပ်တို့အတွက် ခြိမ်းခြောက်မှုမဟုတ်ပဲ အလွန်တန်ဖိုးရှိသည့် အရာသာဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်အနေဖြင့် အကြောင်းအရာအသစ်များကို သင်ယူလေ့လာနိုင်ပြီး လူတိုင်းအတွက် ကောင်းကျိုးရှိသော လူ့အသိုက်အဝန်းတစ်ရပ် တည်ဆောက်ရန်အတွက် ကျွန်ုပ်တို့၏ ကွဲပြားခြားနားချက်များကို အသုံးချနိုင်ပါသည်။

သရုပ်လက္ခဏာများသည် ကျွန်ုပ်တို့ အနီးဝန်းကျင် လောကကြီးနှင့် ထိုဝန်းကျင်လောကအတွင်း ကျွန်ုပ်တို့ မည်ကဲ့သို့ လိုက်လျောညီထွေဖြစ်စွာပါဝင်ပုံကို နားလည်စေနိုင်မည့် နည်းလမ်းအား ပေးစွမ်းနိုင်ပါသည်။ လူတိုင်း၏ သရုပ်လက္ခဏာက ၎င်းတို့၏ အတိတ်သမိုင်း၊ ၎င်းတို့ဝန်းကျင်ရှိ အဖြစ်အပျက်များနှင့် ၎င်းတို့၏ အနာဂတ်ကို နားလည်စေရန် အထောက်အပံ့ဖြစ်စေပါသည်။ အသားအရောင်နှင့် ဝတ်စားဆင်ယင်မှုကဲ့သို့သော အရာတို့သည် သရုပ်လက္ခဏာ၏ လက်တွေ့မြင်နိုင်သော အစိတ်အပိုင်းများ ဖြစ်သည်။ လက်တွေ့မမြင်နိုင်သော အခြားအစိတ်အပိုင်းများလည်း ရှိသေးသည်။ ဥပမာ - ဘာသာရေး ယုံကြည်မှုနှင့် နိုင်ငံရေး ယုံကြည်မှုများ ဖြစ်သည်။

လူတို့သည် သရုပ်လက္ခဏာအချို့နှင့်အတူ မွေးဖွားလာကြသည်။ အခြားသရုပ်လက္ခဏာများကိုမူ ၎င်းတို့ကျင်လည်ရာ လူမှုဝန်းကျင်၏ ယဉ်ကျေးမှုဓလေ့များမှ လက်ခံရရှိကြခြင်းဖြစ်သည်။ လူတို့သည် ၎င်းတို့၏ သရုပ်လက္ခဏာများကို ကိုယ်တိုင်ရွေးချယ်ကြသည်လည်း ရှိသည်။ မတူကွဲပြားသော သရုပ်လက္ခဏာများစွာရှိကြခြင်းမှာ သဘာဝဖြစ်သည်။ အချို့လူများတွင် ၎င်းတို့အတွက် အလွန်အရေးပါသော သရုပ်လက္ခဏာများ ရှိကြသည်။ ၎င်းသရုပ်လက္ခဏာတို့သည် ဖြတ်သန်းရာ ဘဝတစ်လျှောက် ပြောင်းလဲသွားကြသည်လည်း ရှိသည်။ လူတို့သည် ၎င်းတို့အတွက် ယုံကြည်မှု နှင့် လုံခြုံမှု အကောင်းဆုံး ပေးနိုင်စေမည့် သရုပ်လက္ခဏာများကို ရွေးချယ်တတ်ကြသည်။ လူတစ်ယောက် သို့မဟုတ် လူမှုအစုအဖွဲ့တစ်ခု၏ သရုပ်လက္ခဏာကို ငြင်းပယ်ခြင်း (သို့မဟုတ် ပြောင်းလဲအောင် ကြိုးစားအားထုတ်ခြင်း) သည် ၎င်းတို့၏ လိုအပ်ချက်ကို မပြည့်ဝအောင် ပြုလုပ်ခြင်းဖြစ်သည်။ ဇာတ်ကောင်တစ်ဦးက အခြားဇာတ်ကောင်တစ်ဦး၏ သရုပ်လက္ခဏာကို အသိအမှတ်မပြုဘဲ ငြင်းပယ်ခြင်းသည် အခြားဇာတ်ကောင်အနေဖြင့် ထိုသို့ ငြင်းပယ်ခြင်းအပေါ် ၎င်းတို့၏ ဖြစ်တည်မှုကို ခြိမ်းခြောက်သည် ဟု မြင်လာနိုင်သည်။ ၎င်းသည် အကြမ်းဖက်မှုများဆီသို့ ဦးတည်သွားနိုင်သည်။

## သင်ယူမှုလုပ်ငန်း (၁)

ပုံတွင် ဖော်ပြထားသော အမျိုးသမီး၏ သရုပ်လက္ခဏာများကို ဖတ်ရှုပါ။

၁။ အဆိုပါ အမျိုးသမီးကို ဈေးထဲတွင် တွေ့မည်ဆိုပါက သင့်အနေဖြင့် သူမ၏ မည်သည့် သရုပ်လက္ခဏာများကို တွေ့မြင်နိုင်မည်နည်း။

၂။ သူမ၏ မည်သည့်သရုပ်လက္ခဏာများကို မမြင်တွေ့ရသနည်း။




ပုံ ၅.၂။ သရုပ်လက္ခဏာပန်းပွင့်

## သင်ယူမှုလုပ်ငန်း (၂)

၁။ **လက်ကမ်းစာစောင် ၇** သည် သရုပ်လက္ခဏာ ပန်းပွင့်တစ်ခုဖြစ်သည်။ သင်၏ အမည်အား အလယ်မှတ်တွင် ရေးချပါ။

၂။ သင့်အတွက် အရေးကြီးဆုံးဖြစ်သည့် သရုပ်လက္ခဏာများကို ရေးချပါ။ မြင်တွေ့နိုင်သော သရုပ်လက္ခဏာများ အတွက် အရောင်တစ်မျိုးသုံးပြီး မမြင်တွေ့နိုင်သော သရုပ်လက္ခဏာ များ အတွက် အခြား အရောင်တစ်ခု အသုံးပြုပါ။

၃။ အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

(က)သင်၏ ကိုယ်ပိုင် သရုပ်လက္ခဏာများ အပြောင်းအလဲ ရှိဖူးပါသလား။ မည်သည့် အချိန်က မည်သည့် အတွက်ကြောင့် ပြောင်းလဲခဲ့ခြင်း ဖြစ်ပါသနည်း။

(ခ) သင်၏ ကိုယ်ပိုင်သရုပ်လက္ခဏာများကို ထုတ်ဖော်ခြင်း မပြုရန် ဆုံးဖြတ်ခဲ့သော အခြေအနေမျိုး ရှိခဲ့ဖူးပါသလား။

### အစုအဖွဲ့ဆိုင်ရာ သရုပ်လက္ခဏာ

သရုပ်လက္ခဏာဟူသည် ကျွန်ုပ်တို့အနေဖြင့် အခြားသူများနှင့် ဘုံတူညီစွာ ရှိနေကြသော အရာတစ်ခု ဖြစ်သည်။ အဆိုပါ ဘုံဝိသေသ သရုပ်လက္ခဏာများကို အစုအဖွဲ့ဆိုင်ရာ သရုပ်လက္ခဏာဟု ခေါ်သည်။ အဆိုပါ အစုအဖွဲ့တွင် ပါဝင်သော အဖွဲ့ဝင်တို့သည် တူညီသော သမိုင်း၊ ယဉ်ကျေးမှုဓလေ့နှင့် စံတန်ဖိုးထားမှုများ ရှိကြသည်။ အစုအဖွဲ့ဆိုင်ရာ သရုပ်လက္ခဏာများ ဘုံတူညီမှုရှိထားသော လူတို့သည် ၎င်းတို့နှင့် ဖြစ်တည်မှုချင်း တူညီသော အခြားသူများကိုလည်း စိတ်ဝင်စားမှုချင်း၊ အကျိုးစီးပွားချင်း၊ ကံကြမ္မာချင်း တူညီမှုရှိသည် ဟူ၍ ခံယူထားကြသည်။

လူတစ်ယောက်သည် မိမိ၏သရုပ်လက္ခဏာကို ခြိမ်းခြောက်ခံလာရပြီဟု ခံစားရသည့်အခါ ၎င်းသရုပ်လက္ခဏာကို ကာကွယ်ရန် ကြိုးစားမည်ဖြစ်သည်။ ၎င်းက ပဋိပက္ခကို ဦးတည်စေနိုင်သည်။ သင်သည် အခြားလူတစ်ဦးဦး နှင့် သရုပ်လက္ခဏာချင်း တူညီနေပြီး အဆိုပါလူများ တစ်နည်းနည်းဖြင့် ထိခိုက်နစ်နာမှု ရှိလာပြီဆိုပါက သင်ကိုယ်တိုင်လည်း ထိခိုက်နစ်နာသည်ဟု ခံစားလာရတတ်ပါသည်။ ၎င်းက "ငါတို့ - သူတို့"ဟူ၍ စည်းခြားထားသည့် စိတ်ဓာတ်ကို ဖြစ်ပေါ်စေသည်။ အကြမ်းဖက် ပဋိပက္ခ အခြေအနေတစ်ခုတွင် မိမိအသိုင်းအဝိုင်း၏ သရုပ်လက္ခဏာနှင့် တူညီခြင်းမရှိသော

မည်သူ့ကိုမဆို အပြင်လူ၊ သူစိမ်းအဖြစ် မှတ်ယူ၍ ခြိမ်းခြောက်မှုတစ်ရပ်အဖြစ် ရှုမြင်လာတတ်သည်။ "ငါတို့ - သူတို့"ဟူ၍ စည်းခြားထားသည့် စိတ်ဓာတ်မျိုးကို အများအားဖြင့် သရုပ်လက္ခဏာအား အကြောင်းခံ၍ ဖြစ်ပွားသော ပဋိပက္ခအခြေအနေမျိုးတွင် တွေ့ရလေ့ရှိသည်။

"ငါတို့ - သူတို့" ဟူ၍ စည်းခြားထားသည့် စိတ်ဓာတ်သည် အန္တရာယ်ရှိပြီး အကြမ်းဖက် ပဋိပက္ခကို ဖြစ်ပွားလာစေပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ဘဝတွင် အခြားများစွာသော အစုအဖွဲ့ဆိုင်ရာ သရုပ်လက္ခဏာများ ရှိနေသေးကြောင်း မြင်တွေ့ရန် အရေးကြီးပြီး များစွာသောလူများဖြင့် မိတ်ဖက်ဖွဲ့နိုင်ပါသည်။ ဥပမာတစ်ခုမှာ - သင်သည် တိုင်းရင်းသားမျိုးနွယ်တစ်စုမှ ဖြစ်ပြီး ၎င်းအဖွဲ့ဝင်များနှင့် ဘုံ တူညီနေသော လက္ခဏာရပ်များ ရှိနေပါသည်။ သင်၏ အားလပ်ချိန်များတွင် သင်သည် ဘောလုံးပွဲ ပရိသတ်တစ်ယောက်ဖြစ်ပြီး သင်အနှစ်သက်ဆုံးအသင်း၏ ပြိုင်ပွဲများကို ကြည့်ရှုလိုသည်။ သင်၏ အသင်းကို အားပေးသော အခြားပရိသတ်များသည် သင်နှင့်မတူသော တိုင်းရင်းသားမျိုးနွယ်စု သို့မဟုတ် ဘာသာခြားအုပ်စုဝင်များ ဖြစ်နေနိုင်သော်လည်း ဘောလုံးပွဲ ကြည့်နေသည့် အချိန်တွင် တူညီသော အသင်းအတွက်သာ အတူတကွ အားပေးနေကြပြီး ဘောလုံးပွဲသည် သင်တို့၏ ဘဝအတွက် အရေးကြီးသော အစိတ်အပိုင်း ဖြစ်သည့်အတွက် သူငယ်ချင်းမိတ်ဆွေများ ဖြစ်လာကြသည်။

### သင်ယူမှုလုပ်ငန်း (၃)

သင်၏ သရုပ်လက္ခဏာ ပန်းပွင့်အား ပြန်လည် ကြည့်ရှုပါ။ မည်သည့် သရုပ်လက္ခဏာများသည် အစုအဖွဲ့ဆိုင်ရာ သရုပ်လက္ခဏာများ ဖြစ်ကြပါသနည်း။ အစုအဖွဲ့ဆိုင်ရာ သရုပ်လက္ခဏာများထဲမှ မည်သည့် အချက်များက အခြားသော တိုင်းရင်းသား မျိုးနွယ်စုဝင်များနှင့် ဘုံ တူညီနေပါသနည်း။ အတန်းဖော်တစ်ဦးနှင့် ဆွေးနွေးပါ။

### လိုအပ်ချက်များ

သရုပ်လက္ခဏာများကို ကြည့်ရှုခြင်းအားဖြင့် အခြားသူများနှင့် ဘုံဆင်တူချက်များနှင့် မတူကွဲပြားမှု၏ စံတန်ဖိုးများကိုလည်း ဖော်ပြပေးပါသည်။ အတူတကွ ငြိမ်းချမ်းစွာနေထိုင်ခြင်းကို သင်ယူရန် အတွက် သရုပ်လက္ခဏာများပေါ်တွင် သာမက လိုအပ်ချက်များကိုလည်း ထည့်သွင်းစဉ်းစား ပေးရပါမည်။

လူသားတို့၏ လိုအပ်ချက်များနှင့်ပတ်သက်၍ အဓိကအချက်ကြီး နှစ်ချက်ကို နားလည်ဖို့ လိုပါသည်။ ပထမတစ်ချက်မှာ မည်သည့်နေရာတွင်မဆို လူတိုင်းတွင် တူညီစွာ ရှိနေသော လိုအပ်ချက်မျိုး ဖြစ်သည်။ ဒုတိယတစ်ခုမှာ အဆိုပါ လိုအပ်ချက်တို့သည် အချိန်ကာလနှင့် လိုက်၍ ပြောင်းလဲမှုမရှိပါ။ ထို့အပြင် လူသားတို့၏ လိုအပ်ချက်များသည် လူတိုင်းတွင် ရှိနေကြသည့်အတွက် လူတိုင်း နားလည်နိုင်သောအရာလည်း ဖြစ်သည်။


လူသားအားလုံး အသက်ရှင်ရပ်တည်နိုင်ရေးအတွက် လိုအပ်သောအရာများ ရှိပါသည်။ စားနပ်ရိက္ခာ၊ သောက်သုံးရေနှင့် နေစရာအိမ်တို့သည် လူသားတို့ အသက်ရှင်ရပ်တည်ရေးအတွက် အခြေခံအကျဆုံးသော လိုအပ်ချက်များ ဖြစ်သည်။ ၎င်းကို အသက်ရှင်ရပ်တည်ရေး လိုအပ်ချက်များ (subsistence needs) ဟုခေါ်သည်။ သို့သော် လူတို့သည် အောင်မြင်ပြည့်စုံသောဘဝမျိုးကို ရရှိပိုင်ဆိုင်နိုင်ဖို့ဆိုလျှင် ၎င်းအရာများထက် ပို၍လိုအပ်ပါသည်။ ဥပမာ လုံခြုံမှု၊ ချစ်ခြင်းမေတ္တာ၊ လူ့အသိုင်းအဝိုင်းတွင် ပါဝင်ဆောင်ရွက်နိုင်မှုနှင့် အပန်းဖြေမှုတို့ကိုလည်း လူသား၏ အခြေခံလိုအပ်ချက်များအဖြစ် ယူဆထားကြသည်။

ကျွန်ုပ်တို့ လုပ်သမျှအရာအားလုံးတွင် ကျွန်ုပ်တို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းရန် ဟူသော ရည်ရွယ်ချက် ပါဝင်နေပါသည်။ လူတစ်ယောက်က မိမိလိုအပ်ချက်များကို ဖြည့်ဆည်းဖို့ ကြိုးစားရာတွင် ထိုကဲ့သို့ ကြိုးစားမှုက အခြားသူတစ်ယောက်၏ လိုအပ်ချက်ကို ဖြည့်ဆည်းရန် ကြိုးစားမှုကို အဟန့်အတား ဖြစ်စေသည့်အခါ ပဋိပက္ခများ ပေါ်ပေါက်လာတတ်သည်။ လိုအပ်ချက်များအကြောင်း ပြောဆိုဆွေးနွေးခြင်းသည် အလွန်ပင် အရေးကြီးပါသည်။

လူတစ်ယောက်သည် အခြားလူတစ်ယောက်၏ လိုအပ်ချက်များ အဘယ်ကြောင့် မပြည့်ဝရသည်ကို နားလည်နိုင်မည် မဟုတ်သော်လည်း ထိုသို့ မပြည့်ဝခြင်းကြောင့် မည်သို့ ခံစားရမည် ဆိုသည်ကို နားလည်နိုင်ပါသည်။ အခြားလူတစ်ဦး၏ ခံစားချက်များ နှင့် လိုအပ်ချက်များအား နားလည်နိုင်စွမ်းရှိမှုကို စာနာမှုဟု ခေါ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် အခြားလူတို့၏ ခံစားချက်များကို နားလည်သည့်အခါ ထိုသို့ နားလည်မှုကို ကျွန်ုပ်တို့က ထိုသူတို့အပေါ် စာနာမှု ရှိသည်ဟူ၍လည်း ပြောလေ့ရှိသည်။

## မတူကွဲပြားမှု ရောနှောနေခြင်းသည် အားသာချက်တစ်ရပ်ဖြစ်သည်။

ကျွန်ုပ်တို့လူ့အသိုက်အဝန်းရှိ အခြားလူများနှင့် ငြိမ်းချမ်းသော ဆက်ဆံရေးများ တည်ဆောက်ရန်နှင့် ကျွန်ုပ်တို့၏ မတူကွဲပြားမှု ရောနှောနေခြင်းကို အားသာချက်တစ်ရပ်အဖြစ် အသုံးချမည်ဆိုပါက ၎င်းသည် အခြားအစုအဖွဲ့များ နှင့် ကျွန်ုပ်တို့၏ မိမိကိုယ်ကို ရှုမြင်သည့် ရှုထောင့်များပေါ်တွင် မူတည်နေပါသည်။ အခြားလူများအပေါ် ဆက်ဆံသည့် ကျွန်ုပ်တို့၏ရွေးချယ်မှုသည် အားသာချက်သို့မဟုတ် အားနည်းချက် ဖြစ်လာစေမည့် လူမှုဖွဲ့စည်းပုံကို ဖန်တီးပေးပါသည်။




ပုံ ၅.၃။ ဖယ်ချန်ထားခြင်း၊ ခွဲခြားခြင်း၊ ပေါင်းစည်းခြင်း၊ အားလုံးအကျုံးဝင်ခြင်း

ဖယ်ချန်ထားခြင်း ဆိုသည်မှာ လူ့အသိုက်အဝန်းအတွင်းရှိ အချို့သော အစုအဖွဲ့များသည် လူများစု၏ အသိအမှတ်ပြုခြင်းမခံရဘဲ တူညီသောအခွင့်အရေးများကိုလည်း ခံစားခွင့် မရခြင်းဖြစ်သည်။ ဤအခြေအနေမျိုးတွင် ၎င်းတို့၏ လိုအပ်ချက်များကို ပြည့်စုံစွာမရရှိသည့်အပြင် လူနည်းစုများ၏ ယဉ်ကျေးမှုနှင့် သရုပ်လက္ခဏာများကို တန်ဖိုးထားလေးစားခြင်း မခံရသည့်အတွက် ဖယ်ချန်ထားခြင်းသည် ပဋိပက္ခများကို ဖြစ်ပွားစေနိုင်ပါသည်။

ခွဲခြားထားခြင်းသည် ပဋိပက္ခများကို ရှောင်ရှားရန် အထောက်အကူဖြစ်စေသည်ဟု တချို့လူများက ယုံကြည်ထားကြသည်။ ၎င်းတို့မှ မတူညီသောလူများသည် သီးခြားစီခွဲနေသင့်သည်ဟု ပြောကြသည်။ သို့သော် ထိုသို့ခွဲခြားထားခြင်းသည် ငြိမ်းချမ်းသော လူ့အသိုက်အဝန်းတစ်ခု တည်ဆောက်ရန် အထောက်အကူမဖြစ်ပေ။ မြန်မာနိုင်ငံ (နှင့် အခြားနိုင်ငံအများစုတွင်) ရှိ မတူညီသော တိုင်းရင်းသားမျိုးနွယ်စုများ (သို့) ဘာသာရေးအစုအဖွဲ့များမှ လူများသည်

တစ်နေရာထဲတွင် အတူတကွ နေထိုင်ရှင်သန်ခဲ့ကြသည်မှာ မျိုးဆက်ပေါင်းများစွာ ရှိခဲ့ပြီးဖြစ်သည့်အတွက် အစုအဖွဲ့များအကြား ရောနှောမှု ရှိပြီးသားဖြစ်သည်။ ခွဲခြားထားခြင်းကြောင့် "ငါတို့ - သူတို့" စည်းခြားထားသည့် စိတ်ဓာတ်ကို ဖြစ်ပေါ်စေပြီး ပဋိပက္ခများကို ဖြစ်ပွားလာစေနိုင်ပါသည်။

ပေါင်းစည်းခြင်းသည် မတူကွဲပြားမှုရောနှောနေသည့် လူ့အသိုက်အဝန်းတစ်ခုတွင် သဟဇာတရှိစွာ အတူတကွနေထိုင်ရန် နည်းလမ်းကောင်းတစ်ခုဟု ယူဆထားကြသည်။ ပေါင်းစည်းခြင်းဆိုသည်မှာ လူနည်းစုအဖွဲ့များကို လက်ခံကာ နိုင်ငံအတွင်း အတူတူနေထိုင်ခွင့်ပေးသော်လည်း မတူကွဲပြားသူများ ဟု ရှုမြင်ကြသည်။ မတူကွဲပြားသည့် အစုအဖွဲ့များသည်လည်း မတူညီသော လူ့အဖွဲ့အစည်းအမျိုးမျိုးတွင် တစ်ဖက်နှင့်တစ်ဖက် အဆက်အသွယ်မရှိဘဲ နေထိုင်မှုရှိနေသေးဆဲဖြစ်သည်။ သည်းခံသဘောတူထားသည့်တိုင် မတူညီသည့်အစုအဖွဲ့ဝင်များသည် အခြားအစု အဖွဲ့ဝင်များနှင့် ပတ်သက်၍ ပုံသေကားကျ သတ်မှတ်ချက်များ ရှိနေနိုင်ပြီး အခြားလူများအကြောင်း သိထားသည်ဟု ထင်မြင်ယူဆနိုင်ပါသည်။ မတူညီချက်များအပေါ် အာရုံစိုက်ထားသည့်အတွက် အစုအဖွဲ့များအကြား ပူးပေါင်းလုပ်ဆောင်မှုကို ပိုမိုခက်ခဲစေပါသည်။

လူ့အသိုက်အဝန်းတစ်ခုအတွက် မတူကွဲပြားမှုရောနှောနေခြင်းကို အားသာချက်တစ်ရပ်အဖြစ် အသုံးချရန်မှာ သည်းခံသဘောတူခြင်းနှင့် ပေါင်းစည်းခြင်းရှိရုံဖြင့် မလုံလောက်ပေ။ လူများအနေဖြင့် မတူကွဲပြားမှု ရောနှောနေခြင်းကို တန်ဖိုးထား လေးစားမှုရှိရန် လိုအပ်သည်။ အားလုံးအကျုံးဝင်ခြင်းဆိုသည်မှာ လူ့အသိုက်အဝန်းတစ်ရပ်ရှိ အစုအဖွဲ့များအားလုံးတွင် တူညီသော အခွင့်အရေးများရှိကာ ၎င်းတို့၏ လိုအပ်ချက်များကို လွတ်လပ်စွာ ဖြည့်ဆည်းနိုင်ခွင့်ရှိရမည်။ မတူကွဲပြားသည့် ဘဝနေထိုင်မှုပုံစံများကိုလည်း လေးစားမှုထားကာ ကျွန်ုပ်တို့အားလုံးတွင် ဘုံတူညီချက်များရှိပြီး ပူးပေါင်းလုပ်ဆောင်ရန် အတွက် အခွင့်အရေးများစွာ ရှိနေသည်ကို မြင်တွေ့နိုင်ရမည်။ ဤနည်းဖြင့် ကျွန်ုပ်တို့လူ့အဖွဲ့အစည်း တိုးတက်ရန်အတွက် လူများကြားရှိ မတူကွဲပြားမှုများကို အသုံးချနိုင်မည်ဖြစ်ပြီး မတူကွဲပြားမှု ရောနှောနေခြင်းကိုလည်း စစ်မှန်သောအင်အားတစ်ရပ်အဖြစ် ဖန်တီးလာနိုင်ပါလိမ့်မည်။

## သင်ယူမှုလုပ်ငန်း (၄)

၁။ အောက်ပါ စကားလုံးများနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များကို တွဲစပ်ပါ။

| | |
|---|---|
| a. ယဉ်ကျေးမှု | i. လူများအားလုံး ပါဝင်လုပ်ဆောင်ခွင့်ရရှိစေခြင်း |
| b. တိုင်းရင်းသားမျိုးနွယ် | ii. မိမိနှင့်မတူသည့် လူများနှင့် အဆင်ပြေစွာ နေထိုင်ခြင်း |
| c. သည်းခံခြင်း | iii. မတူညီချက်များစွာ ရှိနေခြင်း |
| d. အားလုံးအကျုံးဝင်ခြင်း | iv. မိမိ၏ ဖြစ်တည်မှု |
| e. ဖယ်ချန်ထားခြင်း | v. အစုအဖွဲ့တစ်ဖွဲ့၏ အတွေးအခေါ်၊ ဝတ်စားဆင်ယင်မှုနှင့် အပြုအမူ |
| f. သရုပ်လက္ခဏာ | vi. ဘုံတူညီနေသော ယဉ်ကျေးမှုဓလေ့ထုံးတမ်းရှိသည့် အစုအဖွဲ့တစ်ဖွဲ့ |
| g. မတူကွဲပြားမှုရှိနေခြင်း | vii.အချို့လူများအား ပါဝင်လုပ်ဆောင်ခွင့်မပြုခြင်း |

၂။ ဖယ်ချန်ထားခြင်း၊ အားလုံးအကျုံးဝင်ခြင်းနှင့် မတူကွဲပြားမှုရှိနေခြင်းတို့သည် ငြိမ်းချမ်းစွာ ရှင်သန်နေထိုင်ခြင်းနှင့် မည်သို့ဆက်နွယ်မှုရှိနေကြောင်းကို ရှင်းပြပါ။

ဆရာများအနေဖြင့် မတူညီသည့် ယဉ်ကျေးမှုများမှ ကလေးငယ်များကို တစ်ဦးနှင့်တစ်ဦး ပျော်ရွှင်စွာ၊ လေးစားမှုရှိစွာ၊ စာနာနားလည်စိတ်ထားကာ ငြိမ်းငြိမ်းချမ်းချမ်း အတူတကွနေထိုင်နိုင်မည့် နည်းလမ်းများကို သင်ကြားပေးရန် တာဝန်ရှိပေသည်။ မိဘများ၊ ဆရာများ၊ ရပ်ရွာခေါင်းဆောင်များနှင့် ပြည်သူလူထုမှ လုံခြုံမှုရှိသော ပတ်ဝန်းကျင်တစ်ခုကို စုပေါင်းတည်ဆောက်နိုင်ပါသည်။

## သင်ယူမှုလုပ်ငန်း (၅)

၄-၆ ဦးပါသော အဖွဲ့များဖွဲ့၍ လက်ကမ်းစာစောင် ၄ (ဇာတ်ညွှန်းများ) ကို ဖတ်ရှုပါ။

၁။ ၎င်းတို့ကို ဆွေးနွေးကာ အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

(က) ထိုသူ၏ယဉ်ကျေးမှုကို တန်ဖိုးမထားသည့် မည်သည့်အပြုအမူမျိုးကို သင် လုပ်ဆောင်ခဲ့သနည်း။

(ခ) မည်သည့်အရာများကို သင် လုပ်ဆောင်ခဲ့သင့်သနည်း။

၂။ အိမ်စာအနေဖြင့် သင်သည် ဇာတ်ညွှန်းထဲမှ နာကျင်ခဲ့ရသောလူအဖြစ် ကိုယ့်ကိုယ်ကိုယ် စိတ်ကူးကြည့်ပါ။ သင့်ကို နာကျင်ခံစားရအောင် လုပ်ခဲ့သူထံ စာတစ်စောင်ရေးပြီး မည်သည့်အတွက် သင် နာကျင်ခံစားခဲ့ရကြောင်း ရှင်းပြပြီး နောက်တစ်ကြိမ်တွင် ၎င်းအား သင့်အပေါ် မည်သို့ ပြုမူဆက်ဆံစေချင်ကြောင်း ရေးသားပေးပို့ပါ။

# ၅.၂.၃။ ငြိမ်းချမ်းစွာနေထိုင်ခြင်း မူလတန်းသင်ခန်းစာ

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -**

- အတန်းအလိုက် အကြောင်းအရာများ ချိတ်ဆက်ပုံကို ဆွေးနွေးတတ်မည်။
- မူလတန်းအဆင့်တွင် ငြိမ်းချမ်းစွာနေထိုင်ခြင်းကို သင်ကြားရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းပြတတ်မည်။
- ငြိမ်းချမ်းစွာနေထိုင်ခြင်းကို သင်ကြားရန် သင်ယူမှုလုပ်ငန်းများနှင့် နည်းလမ်းများကို သတ်မှတ်တတ်မည်။

ယခင်သင်ခန်းစာများတွင် မတူကွဲပြားချက်များကို လေးစားခြင်း၏ အရေးပါမှု၊ မတူညီသည့် ယဉ်ကျေးမှုနှင့် တိုင်းရင်းသားမျိုးနွယ်စု နောက်ခံအကြောင်းရင်းရှိသည့် လူများနှင့် ချိတ်ဆက်မှု၊ ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် လိုအပ်ချက်များနှင့် သရုပ်လက္ခဏာ၏ အခန်းကဏ္ဍများကို သင်ယူလေ့လာခဲ့ပြီး ဖြစ်ပါသည်။ ငြိမ်းချမ်းစွာရှင်သန်နေထိုင်ခြင်းနှင့် ဆက်နွှယ်သည့် ကိစ္စရပ်များနှင့် ပတ်သက်သည့် သင်တို့၏ ဗဟုသုတများကို အသုံးပြု၍ ဤသင်ခန်းစာမှ သင်ရိုးညွှန်းတမ်း၏ ရည်မှန်းချက်များကို ခွဲခြမ်းစိတ်ဖြာရန်နှင့် မူလတန်းကျောင်းသားများအတွက် ပို့ချပေးမည့် ငြိမ်းချမ်းစွာ ရှင်သန်နေထိုင်ခြင်း ခေါင်းစဉ်နှင့် စပ်လျဉ်းသည့် သင်ခန်းစာများကို စဉ်းစားဆုံးဖြတ်ရန် တွန်းအားဖြစ်ပါစေလိမ့်မည်။

### သင်ယူမှုလုပ်ငန်း (၁)

စာရိတ္တ နှင့် ပြည်သူ့နီတိသင်ရိုး၏ ကျောင်းသားများအတွက် သင်ယူလေ့လာရေး အကျိုးကျေးဇူးများကို ဖတ်ရှုပါ။ မည်သည့်အချက်များသည် ငြိမ်းချမ်းစွာရှင်သန်နေထိုင်ခြင်းနှင့် ဆက်နွှယ်နေသနည်း။

ဇယား ၅.၃။ အတန်းပညာအလိုက် သင်ယူလေ့လာရေး ရည်ရွယ်ချက်များ

| ပထမတန်း | ဒုတိယတန်း | တတိယတန်း | စတုတ္ထတန်း | ပဉ္စမတန်း |
|---|---|---|---|---|
| မိမိကိုယ်ကို လေးစားမှုရှိစေရန် | တစ်ဦးနှင့်တစ်ဦး အပြန်အလှန် လေးစားမှုပြသည့် အလေ့အထ တိုးတက်လာစေရန် | လူ့အသိုက်အဝန်း အတွင်းရှိ လူများတစ်ဦးနှင့် တစ်ဦး အပြန်အလှန် လေးစားမှုပြသည့် အလေ့အထ တိုးတက်လာစေရန် | လူ့အသိုက်အဝန်း အတွင်းရှိ မတူညီသော လူများနှင့် ယဉ်ကျေးမှုများကို တန်ဖိုးထားခြင်းနှင့် လေးစားမှုပြသည့် အလေ့အထ တိုးတက်လာစေရန် | မတူညီသော လူများနှင့် ယဉ်ကျေးမှု များကို လေးစား တန်ဖိုးထား ခြင်းဖြင့် လိမ္မာ ယဉ်ကျေးသော လူငယ်များ ဖြစ်လာစေရန် |

## သင်ယူမှုလုပ်ငန်း (၂)

အထက်တွင် ဖော်ပြထားသော အတန်းပညာအလိုက် သင်ယူလေ့လာရေး အကျိုးကျေးဇူးများသည် ကျောင်းသားများကို လက်တွေ့ကျင့်သုံးစေချင်သော အပြုအမူများနှင့် စိတ်နေစိတ်ထားများကို အလေးထားဖော်ပြထားပါသည်။ အကျိုးကျေးဇူးများ တစ်ခုစီအောက်တွင် ၎င်းအပြုအမူများနှင့် စိတ်နေစိတ်ထားဥပမာများကို အမျိုးအစားခွဲခြားဖော်ပြပါ။

ကျောင်းသားများမှ ဒေသတွင်းရှိ တိုင်းရင်းသား အစုအဖွဲ့တစ်ဖွဲ့၏ အရေးကြီးသော အခမ်းအနားပွဲ သို့မဟုတ် အထင်ကရနေရာတစ်ခုကို ပုံဖော်ရေးဆွဲပါ။

၁။ ကျောင်းသားများမှ ယဉ်ကျေးမှု သို့မဟုတ် ဘာသာရေးဆိုင်ရာ အဆောက်အအုံတစ်ခုခုသို့ သွားရောက်လည်ပတ်ပြီး လည်ပတ်နေစဉ်ကာလတွင် ယဉ်ကျေးမှုအရ သင့်လျော်သော အပြုအမူများကို လက်တွေ့ကျင့်သုံးပါ။

၂။ ကျောင်းသားများမှ အခြားအတန်းဖော်များ၏ ယဉ်ကျေးမှုနောက်ခံအကြောင်းရင်းများ ပေါ်တွင် စိတ်ဝင်စားမှုပြသပါ။

၃။ ကျောင်းသားများမှ ပူးပေါင်းလုပ်ဆောင်ရမည့် စီမံကိန်းလုပ်ငန်းတစ်ရပ်ရပ်တွင် ပူးပေါင်း လုပ်ကိုင်သည့် စွမ်းရည်များကို လက်တွေ့ကျင့်သုံးပါ။

၄။ ကျောင်းသားများမှ ပွဲလမ်းသဘင်နှင့် အခမ်းအနားများသို့ တက်ရောက်သည့်အခါတွင် ဆင်ယင်သည့် ၎င်းတို့၏ အဝတ်အစားများအကြောင်း ပြောပြပါ။

## ဇယား ၅.၄။ အတန်းပညာအလိုက် သင်ကြားပို့ချမှု အကြောင်းအရာများ

| ပထမတန်း | ဒုတိယတန်း | တတိယတန်း | စတုတ္ထတန်း | ပဉ္စမတန်း |
|---|---|---|---|---|
| • နေထိုင်ရာဒေသနှင့် နိုင်ငံကို ချစ်မြတ်နိုးလာစေရန်။<br>• နိုင်ငံအတွင်းရှိ မတူညီသော တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့များကို လေးစားလာစေရန်။<br>• နိုင်ငံရပ်ခြားတိုင်းပြည်များမှ ယဉ်ကျေးမှုနှင့် စံတန်ဖိုးများ အကြား ခြားနားချက်များကို နားလည်သဘောပေါက်လာစေရန်။ | • နေထိုင်ရာဒေသနှင့် နိုင်ငံကို ချစ်မြတ်နိုးလာစေရန်။<br>• နိုင်ငံအတွင်းရှိ မတူညီသော တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့များကို လေးစားလာစေရန်။<br>• နိုင်ငံရပ်ခြားတိုင်းပြည်များမှ ယဉ်ကျေးမှုနှင့် စံတန်ဖိုးများ အကြား ခြားနားချက်များကို နားလည်သဘောပေါက်လာစေရန်။ | • နေထိုင်ရာဒေသနှင့် နိုင်ငံကို ချစ်မြတ်နိုးလာစေရန်။<br>• ကိုယ်ကျိုးကြည့်ခြင်းနှင့် ကိုယ်ကျိုးစွန့်ဝါဒ။<br>• နိုင်ငံအတွင်းရှိ မတူညီသော တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့များကို လေးစားလာစေရန်။<br>• နိုင်ငံရပ်ခြားတိုင်းပြည်များမှ ယဉ်ကျေးမှုနှင့် စံတန်ဖိုးများ အကြား ခြားနားချက်များကို နားလည်သဘောပေါက်လာစေရန်။ | • ကိုယ်ကျိုးကြည့်ခြင်းနှင့် ကိုယ်ကျိုးစွန့်ဝါဒ။<br>• နိုင်ငံအတွင်းရှိ မတူညီသော တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့များကို လေးစားလာစေရန်။<br>• နိုင်ငံရပ်ခြားတိုင်းပြည်များမှ ယဉ်ကျေးမှုနှင့် စံတန်ဖိုးများ အကြား ခြားနားချက်များကို နားလည်သဘောပေါက်လာစေရန်။<br>• လူ့အသိုက်အဝန်း အတွင်း ငြိမ်းချမ်းစွာနှင့် စည်းစည်းလုံးလုံး ရှင်သန်နေထိုင်ခြင်း။ | • ကိုယ်ကျိုးကြည့်ခြင်းနှင့် ကိုယ်ကျိုးစွန့်ဝါဒ။<br>• နိုင်ငံရပ်ခြားမှ မတူညီသော ယဉ်ကျေးမှုများနှင့် အမွေအနှစ်များကို နားလည်သဘောပေါက်လာစေရန်။<br>• နိုင်ငံအတွင်းရှိ မတူညီသော တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့များကို လေးစားလာစေရန်။<br>• နိုင်ငံရပ်ခြားတိုင်းပြည်များမှ ယဉ်ကျေးမှုနှင့် စံတန်ဖိုးများ အကြား ခြားနားချက်များကို နားလည်သဘောပေါက်လာစေရန်။<br>• လူ့အသိုက်အဝန်းအတွင်း ငြိမ်းချမ်းစွာနှင့် စည်းစည်းလုံးလုံး ရှင်သန်နေထိုင်ခြင်း။ |

## သင်ယူမှုလုပ်ငန်း (၃)

'မတူကွဲပြားသော နိုင်ငံတွင်းရှိ တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့တို့အား လေးစားခြင်း' ဆိုသည့် ခေါင်းစဉ်ကို အတန်းငါးတန်းလုံးအား သင်ကြားရမည်ဖြစ်သည်။ အောက်တွင်ဖော်ပြထားသော သင်ကြားခြင်း နှင့် သင်ယူလေ့လာခြင်း လုပ်ငန်းစဉ်များကို ကြည့်ပါ။ မည်သည့် လုပ်ငန်းစဉ်များကို မည်သည့် အတန်းအတွက် အသုံးပြုသွားမည်နည်း။

၁။ ရခိုင်ပြည်နယ်ရှိ ကျော်ကြားသော အစားအစာအချို့ကို ဖော်ထုတ်ပါ။ အတန်းလိုက် အနေဖြင့် ၎င်း အစားအစာများကို ချက်ပြုတ်နည်းများနှင့် ၎င်းအစားအစာများ ကျော်ကြား ရသည့် အကြောင်းကို ဆွေးနွေးပါ။

၂။ ကရင်ရိုးရာပုံပြင် ရုပ်ပြစာအုပ်တစ်အုပ်အား အတန်းသို့ ဖတ်ပြပါ။

၃။ ကျောင်းသားများမှ ကယန်းဘာသာစကားဖြင့် ၁ မှ ၁၀ အထိ ရေတွက်ပါ။ ထို့နောက်တွင် ကယားဘာသာစကားဖြင့် ရေတွက်ပါ။ မည်သည့်နံပါတ်များသည် ဆင်တူညီမှုရှိပြီး မည်သည့် နံပါတ်များသည် ခြားနားနေကြပါသနည်း။

၄။ ဒေသတွင်းရှိ မတူညီသော တိုင်းရင်းသားမျိုးနွယ်စုများအတွက် အရေးကြီးသည့် အထင်ကရ အမှတ်အသားများပါသော ၎င်းတို့၏ မြို့မြေပုံကို ကျောင်းသားများမှ ရေးဆွဲပါ။

၅။ ကျောင်းသားများမှ အတန်းတွင်းရှိ ကျောင်းသားများ သုံးနှုန်းသည့် ဘာသာစကား အားလုံးဖြင့် အချင်းချင်း နှုတ်ဆက်ရမည်။

## သင်ယူမှုလုပ်ငန်း (၄)

'နိုင်ငံရပ်ခြားရှိယဉ်ကျေးမှုနှင့်စံတန်ဖိုးများအကြား ခြားနားချက်များကို နားလည်သဘောပေါက်ခြင်း' ဆိုသည့် ခေါင်းစဉ်ကို အတန်းငါးတန်းလုံးအား သင်ကြားရမည်။ ဤခေါင်းစဉ်အား အတန်း တစ်တန်းစီတွင် မည်သို့ သင်ကြားပို့ချသွားမည်နည်း။ အဖွဲ့များဖွဲ့၍ အတန်းတစ်တန်းစီတွင် သင်ကြားပို့ချရာ၌ အသုံးပြုသွားမည့် လုပ်ငန်းစဉ်များကို စာရင်းပြုစုပါ။

## သင်ယူမှုလုပ်ငန်း (၅)

အဖွဲ့များဖွဲ့၍ အတန်းတစ်တန်း၏ စာရိတ္တနှင့် ပြည်သူ့နီတိ ဖတ်စာအုပ်ကို ဖတ်ရှုပါ။

၁။ ၎င်းစာအုပ်သည် ငြိမ်းချမ်းစွာ ရှင်သန်နေထိုင်ခြင်းကို မည်သည့်နည်းလမ်းများဖြင့် မြှင့်တင်ပေးပါသနည်း။

၂။ ၎င်းစာအုပ်သည် တိုင်းရင်းသားမျိုးနွယ်စု မတူကွဲပြားမှုရှိနေခြင်းကို မည်သည့် နည်းလမ်းများဖြင့် မြှင့်တင်ပေးပါသနည်း။

၃။ ဤစာအုပ်သည် ငြိမ်းချမ်းစွာ ရှင်သန်နေထိုင်ခြင်းနှင့် တိုင်းရင်းသားမျိုးနွယ်စု မတူကွဲပြားမှုရှိနေခြင်းကို မည်သည့်နည်းလမ်းများဖြင့် အားနည်းစေပါသနည်း။

၄။ ဤသို့ အားနည်းစေပါက အတန်းအတွင်း၌ မည်သို့ ပြောင်းလဲပြုပြင် သင်ကြားပေးမည်နည်း။

## ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ

၁။ ကောင်းမွန်သောဆက်ဆံရေးသည် ငြိမ်းချမ်းသော ပဋိပက္ခဖြေရှင်းနည်းအတွက် အဘယ်ကြောင့် အထောက်အကူဖြစ်စေရသနည်း။

၂။ ပြီးပြည့်စုံသော ငြိမ်းချမ်းရေးနှင့် မပြည့်စုံသော ငြိမ်းချမ်းရေးအကြား ခြားနားချက်များမှာ အဘယ်နည်း။

၃။ လူ့အသိုက်အဝန်းများထဲတွင် ဖွဲ့စည်းတည်ဆောက်ပုံစနစ်အရ အကြမ်းဖက်မှုများ မည်သို့ ဖြစ်ပွားလာသနည်း။

၄။ အစုအဖွဲ့ဆိုင်ရာ သရုပ်လက္ခဏာများ နှင့် အခြားသော သရုပ်လက္ခဏာ အစိတ်အပိုင်းများအကြား ခြားနားချက်မှာ အဘယ်နည်း။

၅။ လူသားတို့၏ လိုအပ်ချက်များသည် အဘယ်ကြောင့် အားလုံးနှင့် သက်ဆိုင်ရသနည်း။ ဥပမာ - လူသားအားလုံးအတွက် တူညီနေပါသလား။

၆။ အားလုံးအကျုံးဝင်သော လူ့အသိုက်အဝန်းတစ်ခုသည် ငြိမ်းချမ်းစွာ ရှင်သန်နေထိုင်ခြင်းကို မည်သို့ အထောက်အကူပေးပါသနည်း။

၇။ ငြိမ်းချမ်းစွာရှင်သန်နေထိုင်ခြင်းသည် စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ်နှင့် မည်သို့ ချိတ်ဆက်နေပါသနည်း။

၈။ တိုင်းရင်းသားမျိုးနွယ်စု မတူကွဲပြားမှုရှိနေခြင်းကို တန်ဖိုးထား လေးစားခြင်းသည် ငြိမ်းချမ်းစွာရှင်သန်နေထိုင်ခြင်း၏ အရေးကြီးသော အစိတ်အပိုင်း အဘယ်ကြောင့် ဖြစ်ရသနည်း။

၉။ ငြိမ်းချမ်းစွာရှင်သန်နေထိုင်ခြင်းကို သင်ကြားပို့ချရာတွင် မည်သည့်လုပ်ငန်းစဉ်များသည် အသုံးဝင်ပါသနည်း။

# အခန်းဆုံးအနှစ်ချုပ်

## အဓိကအချက်များ

- ယဉ်ကျေးမှုများသည် လူများ၏ လုပ်ဆောင်ပုံနှင့် စဉ်းစားပုံပေါ် လွှမ်းမိုးထားသည့် အဓိပ္ပာယ်ပါသော စနစ်များဖြစ်ကြသည်။
- ပထဝီမြေမျက်နှာသွင်ပြင်၊ အနေအထား၊ ယုံကြည်မှုများနှင့် ယဉ်ကျေးမှုဆိုင်ရာ ဖွင့်ဟဖော်ထုတ်ချက်များ စသည့် ယဉ်ကျေးမှုတစ်ခုမှ တစ်ခုသို့ ခြားနားသွားစေသည့် ယဉ်ကျေးမှုဆိုင်ရာ ဘုံတူညီချက်များလည်း ရှိပါသည်။
- တိုင်းရင်းသားမျိုးနွယ်ဆိုသည်မှာ လူ့အသိုက်အဝန်းနှင့် သဘာဝပတ်ဝန်းကျင်အတွင်း ပြောင်းလဲမှုများနှင့် အခြားတိုင်းရင်းသားမျိုးနွယ်စုများနှင့် ထိတွေ့ဆက်ဆံမှုများကြောင့် အမြဲတမ်း ပြောင်းလဲနေပါသည်။
- တိုင်းရင်းသားမျိုးနွယ် ဆိုသည်မှာ အချို့လူများအတွက် အရေးကြီးပြီး လူတိုင်းအတွက် အရေးမကြီးပေ။
- များစွာသောလူများသည် မိမိကိုယ်ကို တိုင်းရင်းသားလူမျိုး တစ်မျိုးထက်ပို၍ သတ်မှတ် လက်ခံထားကြသည်။
- တိုင်းရင်းသားမျိုးနွယ်ဆိုသည်မှာပင် မတူကွဲပြားခြားနားမှုများ ရှိနေပါသည်။ တိုင်းရင်းသား မျိုးနွယ်တစ်ခုအတွင်းမှာပင် မတူညီသော ဘာသာစကားများ၊ ရိုးရာဝတ်စားဆင်ယင်မှုနှင့် အနုပညာများရှိနေပြီး လူမျိုးများသည်လည်း နေရာဒေသအသီးသီးတွင် အခြေချ နေထိုင် နေနိုင်ပါသည်။
- ငြိမ်းချမ်းစွာ နေထိုင်ခြင်းအား သင်ယူရန်အလို့ငှာ ပဋိပက္ခများသည် ဘဝ၏ အစိတ်အပိုင်း တစ်ခုသာဖြစ်ပြီး ၎င်းတို့သည် ဆိုးဝါးသောအရာများ မဟုတ်ကြောင်း နားလည်ထားရန် လိုအပ်ပါသည်။ ပဋိပက္ခတစ်ခုအား ကောင်းသည် (သို့) ဆိုးသည် ဖြစ်စေသောအရာမှာ ကျွန်ုပ်တို့ ကိုင်တွယ်ဖြေရှင်းသည့်ပုံစံသာဖြစ်သည်။ ပဋိပက္ခအား အပြုသဘောဆောင်စွာ ကိုင်တွယ်ဖြေရှင်းရန်အတွက် ကျွန်ုပ်တို့အနေဖြင့် အခြားလူများနှင့် ကောင်းမွန်သော ဆက်ဆံရေးများ တည်ဆောက်ရန် လိုအပ်ပါသည်။

- ပြီးပြည့်စုံသောငြိမ်းချမ်းရေး ဆိုသည်မှာ အကြမ်းဖက်မှုမရှိခြင်း တစ်ခုသာမဟုတ်ပဲ လူမှုတရားမျှတမှုလည်းရှိရန် လိုအပ်ပါသည်။ စစ်မှန်သော ပြီးပြည့်စုံသည့်ငြိမ်းချမ်းရေး ရရှိရန်အတွက် ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ အကြမ်းဖက်မှုကို ဖြေရှင်းကျော်လွှားရန် လိုအပ်ပါသည်။
- ကျွန်ုပ်တို့၏ ကိုယ်ပိုင်လုပ်ဆောင်ချက်များဖြင့် မတရားမှုများ နည်းပါပြီး ပိုမိုတရားမျှတလာသော လူ့အသိုက်အဝန်းတစ်ခုကို ဝိုင်းဝန်းဖန်တီးပေးနိုင်ပါသည်။ အရေးကြီးဆုံးအချက်မှာ လူအားလုံးကို လူသားများအဖြစ် အခွင့်အရေးများနှင့် ဂုဏ်သိက္ခာရှိစွာ မျှမျှတတ ဆက်ဆံပေးရန်သာဖြစ်သည်။
- အခြားယဉ်ကျေးမှုများမှ လူများနှင့် မည်သို့လေးစားစွာဆက်ဆံရမည်ကို သိရှိနိုင်ရန် ကျွန်ုပ်တို့၏ ကိုယ်ပိုင် သရုပ်လက္ခဏာများကို သိရှိနားလည်ရန် လိုအပ်ပါသည်။ ကျွန်ုပ်တို့၏ သရုပ်လက္ခဏာတွင် အစိတ်အပိုင်း များစွာရှိပြီး မည်သည့်တိုင်းရင်းသားလူမျိုးပင်ဖြစ်စေကာမူ ကျွန်ုပ်တို့နှင့် တူညီနေသော သရုပ်လက္ခဏာအစိတ်အပိုင်းများစွာ ရှိနေကြပါသည်။
- လူသားတို့၏ လိုအပ်ချက်များသည် အားလုံးအတူတူပင်ဖြစ်သည်။ လူသားတိုင်းတွင် လိုအပ်ချက်များ ရှိနေကြသည်။ ငြိမ်းချမ်းသော လူ့အသိုက်အဝန်းတစ်ခုအနေဖြင့် လူသားတိုင်း ၎င်းတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းရရှိနိုင်ရန်အတွက် ကူညီပေးရန် လိုအပ်သည်။
- လူ့အသိုက်အဝန်းတစ်ရပ်ကို အားလုံးအကျုံးဝင်မှုအပေါ် အခြေခံပြီး တည်ဆောက်ရန် ကြိုးစားသင့်သည်။ လူတိုင်းသည် ခြားနားချက်များ ရှိနေသည့်တိုင် တူညီသော အခွင့်အရေးများနှင့် အရင်းအမြစ်များကို ရရှိရန် ထိုက်တန်ပါသည်။
- အားလုံး အကျုံးဝင်မှုအား အခြေခံ သဘောတရားအဖြစ် သတ်မှတ်ထားလျှင် မတူကွဲပြားမှုရောနှောခြင်းသည် လူ့အသိုက်အဝန်း တစ်ရပ်အတွက် ကြီးမားသော အားသာချက်တစ်ရပ် ဖြစ်လာနိုင်ပါသည်။
- မတူကွဲပြားမှုရှိခြင်းနှင့် ငြိမ်းချမ်းစွာ ရှင်သန်နေထိုင်ခြင်းအပေါ် လေးစားမှုအား တိုးမြှင့်ပေးရန်အတွက် ဆရာများ အသုံးပြုနိုင်သော လုပ်ငန်းစဉ်များ များစွာရှိပါသည်။
- ကျောင်းသားများ၏ အတန်းအလိုက် သင့်လျော်သော လုပ်ငန်းစဉ်များကို ရွေးချယ်ရန် အရေးကြီးပါသည်။
- ဖတ်စာအုပ်များသည် အသုံးဝင်သော ရင်းမြစ်များဖြစ်သော်လည်း မတူကွဲပြားမှုရှိခြင်းနှင့် ငြိမ်းချမ်းစွာရှင်သန်နေထိုင်ခြင်းအပေါ် လေးစားမှုအား ပံ့ပိုးပေးရန်အတွက် ဆရာများအနေဖြင့် အခြားလုပ်ငန်းများကိုပါ ပူးတွဲထည့်သွင်းသင်ကြားပေးနိုင်ပါသည်။

## အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း

မြန်မာနိုင်ငံ၏ တိုင်းရင်းသားမျိုးနွယ်များနှင့် ယဉ်ကျေးမှုဆိုင်ရာ မတူကွဲပြားမှုများရှိနေခြင်းသည် တန်ဖိုးရှိသော အရာတစ်ခုဖြစ်နိုင်ပါသည်။ မတူညီသည့်လူများမှ ၎င်းတို့လိုချင်သော လူ့အသိုက် အဝန်း တစ်ခုအား တည်ဆောက်ရန် အားလုံးအတူတကွ ငြိမ်းချမ်းစွာ ကြိုးစားကြမည်ဆိုလျှင် အဆိုပါ လူ့အသိုက်အဝန်းကို အောင်မြင်စွာ ရရှိလာနိုင်ခြေ ပိုများပါသည်။

ဆရာတစ်ယောက်အနေဖြင့် မတူညီသည့် ယဉ်ကျေးမှု၊ တိုင်းရင်းသားမျိုးနွယ်စု၊ ကျား/မ၊ ကိုးကွယ်သည့် ဘာသာ၊ မိသားစုနှင့် လူတန်းစား အဆင့်အတန်း၊ သန်စွမ်းမှုနှင့် မသန်စွမ်းမှု အစရှိသည့် နောက်ခံအကြောင်းရင်းများရှိသည့် ကျောင်းသားများကို သင်ကြားပို့ချသွားရနိုင်ပါသည်။ ထို့အပြင် ၎င်းတို့၏ မိတ်ဆွေများ၊ ရပ်ရွာခေါင်းဆောင်များ၊ သင်နှင့် မတူသည့် အခြားဆရာများ စသည်တို့ကိုလည်း တွေ့ကြုံလာနိုင်ပါသည်။

ဘာသာစကားကွဲပြားပြီး ရိုးရာဓလေ့မတူညီသည့် တိုင်းရင်းသား လူမှုအဖွဲ့အစည်းတစ်ခုသို့ သင့်အား တာဝန်ပေး ပို့ချခိုင်းမည်ဆိုပါက သင့်အနေဖြင့် မည်သို့ ရင်ဆိုင်ကျော်လွှားနိုင်မည်နည်း။

တိုင်းရင်းသားမျိုးနွယ်စု ကွဲပြားခြားနားချက်များအပေါ် အာရုံမထားပဲ (လုပ်ဖော်ကိုင်ဖက်များ၊ ကျောင်းသား၊ လူမှုအဖွဲ့အစည်းအဖွဲ့ဝင်များ) စသဖြင့် အခြားတိုင်းရင်းသား မျိုးနွယ်စုဝင်များနှင့် ဆင်တူညီချက်များအပေါ် အာရုံစိုက်လုပ်ဆောင်နိုင်ရန် မည်သို့ သင်ယူသွားနိုင်မည်နည်း။ ဤသို့ သင်ယူခြင်းက သင်၏ ဆက်ဆံရေးများကို မည်သို့ တိုးတက်လာစေနိုင်ပါသနည်း။

လူမှုတရားမျှတမှုနှင့် မျှတသော လူ့အသိုက်အဝန်းတစ်ခု တည်ဆောက်ရာတွင် သင့်အနေဖြင့် နေ့စဉ်နေ့တိုင်း မည်သည့်အရာများကို လုပ်ဆောင်ပေးနိုင်သနည်း။ လူများကို မျှတစွာ ဆက်ဆံ ပေးရန်အတွက် မည်သည့်အရာများကို သင်လုပ်ဆောင်နိုင်သနည်း။

သင်ပို့ချသင်ကြားပေးသည့် အတန်းတွင် အားလုံးအကျုံးဝင်အောင် မည်သို့လုပ်ဆောင်နိုင်ပါသနည်း။ ၎င်းအတန်းသည် မည်သည့်ပုံစံရှိလိမ့်မည်နည်း။

## ဆက်လက်ဖတ်မှတ်စရာများ

၅.၁။

Gravers, M. (Ed.). (2007). *Exploring ethnic diversity in Burma*. Copenhagen, Denmark: NIAS Press.

M. Tin. (n.d.). *Citizen: The modern politician and education. (Burmese).*

Metro, R. (n.d.). *Histories of Burma: A source-based approach to Myanmar history.* Retrieved from https://www.moteoo.org/sites/moteoo.org/files/product_docs/histories-eng-tb-for-web-dl_0.pdf

Thin, M. D. (n.d.). *Kyaung Sayar and country prevention/protection.*

၅.၂။

Arigatou Foundation. (n.d.). *Learning to live together.* Retrieved from https://ethicseducationforchildren.org/en/

Council of Europe. (2007). *Compasito: Manual on human rights education for children (2nd ed.).* Retrieved from http://www.eycb.coe.int/compasito/pdf/Compasito%20EN.pdf

Korth, D., & Paylor, A. (n.d.). *Conflict and peace. Unit one: Understanding conflict.* Retrieved from https://www.moteoo.org/sites/moteoo.org/files/product_docs/undrstanding-conflict-tb-for-web-060117-eng.pdf

Korth, D., & Paylor, A. (n.d.). *Conflict and peace. Unit two: Understanding peace.* Retrieved from https://www.moteoo.org/sites/moteoo.org/files/product_docs/understanding_peace_eng_tb_091118.pdf

Michel, G., & Zanoni, K. (2018). *Learn and share together. Community-building training curriculum.* Yangon, Myanmar: People in Need.

Milofsky, A. (Ed.). (2011). *Peacebuilding toolkit for educators: Middle school lessons.* Washington, DC: United States Institute of Peace.

United Nations Educational, Scientific and Cultural Organisation Myanmar. (n.d.). *Establishing a culture of peace.* Unpublished manuscript.

# အခန်း ၆

# စစ်ဆေးအကဲဖြတ်ခြင်း

ဤအခန်းတွင် ကျောင်းသားများ၏ စာရိတ္တနှင့်ပြည်သူ့နီတိ တန်ဖိုးများ နားလည်သိရှိမှုကို တိုင်းတာရန်အတွက် ထိရောက်သော စစ်ဆေးအကဲဖြတ်ခြင်းနည်းလမ်းများကို ဆန်းစစ်လေ့လာသည်။ စာရိတ္တနှင့် ပြည်သူ့နီတိအပေါ် စစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားများ၏ မှတ်မိနိုင်စွမ်းနှင့် သိရှိမှုများကို ရှင်းပြနိုင်စွမ်းအပေါ် ဗဟိုပြုထားခြင်းမရှိပဲ သင်ယူမှုရလဒ်များအရ ၎င်းတို့၏ သဘောထားနှင့် အပြုအမူများပြောင်းလဲသွားပုံအပေါ် ၌သာ ဗဟိုပြုသဖြင့် ဖန်တီးရန်နှင့် အကောင်အထည်ဖော်ရန် ခက်ခဲနိုင်သည်။ ဤအခန်းတွင် သင်ယူမှုနယ်ပယ်(၃)ရပ်ကို စူးစမ်းလေ့လာလျက် စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ်အပေါ် ကွဲပြားခြားနားသောစစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်း၊ တန်ဖိုးများကို သင်ယူရာတွင် ကျောင်းသား၏ သိမှုဖွံ့ဖြိုးခြင်း လုပ်ငန်းစဉ်နှင့် သင်ယူမှုဆိုင်ရာ ထိရောက်အကျိုးရှိမှုများကို အကဲဖြတ်ရာတွင် အထောက်အကူပြုမည့် တတ်မြောက်မှု အဆင့်များကို ဆွေးနွေးမည်ဖြစ်သည်။ ထို့အပြင် ဤအခန်းတွင် သင်အသုံးပြုနိုင်သော သင့်လျော်ရာ စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းအနည်းငယ်အကြောင်း ဆွေးနွေးထားပြီး စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ်ပါ စစ်ဆေးအကဲဖြတ်ခြင်းအတွက် အကြံပြုထားသော အလေ့အထများ ပါဝင်သည်။ ဤအခန်းသည် သင့်အား သင်ရိုးညွှန်းတမ်းမှ စစ်ဆေးအကဲဖြတ်ချက်များကို နားလည်အကောင်အထည်ဖော်နိုင်ရေးအတွက် ပြင်ဆင်ပံ့ပိုးပေးရန်နှင့် စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်အပေါ် စစ်ဆေးအကဲဖြတ်ချက်များကို တည်ဆောက်ရန် ရည်ရွယ်သည်။

**မျှော်မှန်းထားသော သင်ယူမှုရလဒ်**

ဤအခန်းကို သင်ယူပြီးချိန်တွင် သင်သည် -

- မူလတန်းအဆင့်၌ စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်တွင် အသုံးပြုရန် စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းများအကြောင်းရှင်းပြတတ်မည်။

# ၆.၁။ စာရိတ္တနှင့် ပြည်သူ့နီတိကို စစ်ဆေးအကဲဖြတ်သည့်နည်းလမ်းများ

**မျှော်မှန်းထားသော သင်ယူမှုရလဒ်**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -**

- မူလတန်းအဆင့်၌ စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်တွင် အသုံးပြုရန် စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းများအကြောင်းရှင်းပြတတ်မည်။

## ၆.၁.၁။
## စာရိတ္တနှင့် ပြည်သူ့နီတိသင်ယူမှုကို မည်သို့အကဲဖြတ်မည်နည်း

**စာရိတ္တနှင့်ပြည်သူ့နီတိကို အခြားဘာသာရပ်များနှင့် စစ်ဆေးအကဲဖြတ်ရာတွင် တွေ့ရသော ကွဲပြားချက်များ**

အခြားဘာသာရပ်များနှင့် နှိုင်းယှဉ်လျက် စာရိတ္တနှင့် ပြည်သူ့နီတိအပေါ် စစ်ဆေးအကဲဖြတ်ရာတွင် အဓိက ကွဲပြားချက်မှာ စာရိတ္တနှင့် ပြည်သူ့နီတိအပေါ် စစ်ဆေးအကဲဖြတ်ရာတွင် စစ်ဆေးခြင်းနှင့် စာမေးပွဲများ အသုံးမပြုခြင်းဖြစ်သည်။ ယင်းအစား **သင်ယူစဉ်စစ်ဆေးခြင်း** နည်းလမ်းများကို သင်ခန်းစာပို့ချမှုတစ်ခုလုံးတွင် အသုံးပြုကာ ကျောင်းသားများသင်ယူရရှိမှု အတိုင်းအတာနှင့် သင်သည် သင်ခန်းစာများကို မည်မျှကောင်းစွာ သင်ကြားပို့ချနိုင်ခဲ့သနည်းဆိုသည်ကို အကဲဖြတ်သည်။

တန်ဖိုးများအပေါ် ကျောင်းသားများ၏ သင်ယူတတ်မြောက်မှုကို စစ်ဆေးအကဲဖြတ်ရန် ခက်ခဲနိုင်သည်။ အခြား ဘာသာရပ်များတွင် ကျောင်းသားများသည် သီးသန့်ဗဟုသုတနှင့် သက်ဆိုင်ရာ ကျွမ်းကျင်မှုများကို ရရှိပြီး စာရိတ္တနှင့် ပြည်သူ့နီတိတွင်မူ ကျောင်းသားများသည် ၎င်းတို့၏အပြုအမူ


သို့မဟုတ် ဆောင်ရွက်ချက်များကို ရွေးချယ်ရန်နှင့် မှန်ကန်ကြောင်းဆုံးဖြတ်ရန် အထောက်အကူပြုမည့် ဝေဖန်ပိုင်းခြား ဆုံးဖြတ်တတ်သည့် အသိတရားကို ရရှိသည်။ ဥပမာ - မြန်မာဘာသာစကားနှင့် အင်္ဂလိပ်သင်ခန်းစာများတွင် ကျောင်းသားများက လူများအား မည်သို့နှုတ်ဆက်ရသည်ကို သင်ယူကြမည်။ စာရိတ္တနှင့် ပြည်သူ့နီတိတွင် ကျောင်းသားများက နှုတ်ဆက်ခြင်းသည် အဘယ်ကြောင့် လိုအပ်ပြီး အရေးပါရသည်။ အခြေအနေတစ်ခုချင်းစီအလိုက် ယဉ်ကျေးစွာ သို့မဟုတ် ဆီလျော်ကိုက်ညီမှုရှိစွာ မည်သို့ နှုတ်ဆက်နိုင်သည် တို့ကိုစဉ်းစား ဆင်ခြင်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် စစ်ဆေးခြင်းနည်းဖြင့် ကျောင်းသားများ စကားလုံးများ၏ အဓိပ္ပာယ်ကို နားလည်မှု ရှိ၊ မရှိ လွယ်ကူစွာစစ်ဆေးအကဲဖြတ်နိုင်သည်။ အခြားတစ်ဖက်တွင် ကလေးများသည် အခြေအနေ တစ်ခုချင်းစီအလိုက် ယဉ်ကျေးစွာ နှုတ်ဆက်တတ်လာမှု အတိုင်းအတာကို သင်ခန်းစာပို့ချစဉ်အတွင်း စစ်ဆေးအကဲဖြတ်နိုင်မည် မဟုတ်ပေ။ အကြောင်းမှာ ထိုသို့သော နှုတ်ဆက်မှုမျိုးသည် စာသင်ခန်း ပြင်ပတွင်သာ ဖြစ်ပေါ် နိုင်သောကြောင့် ဖြစ်သည်။

## သင်ယူမှုနယ်ပယ် (၃) ရပ်

စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်သည် တန်ဖိုးများအကြောင်း ကျောင်းသားများ၏ စဉ်းစား တွေးခေါ် နိုင်စွမ်းထက် ကျော်လွန်လျက် Bloom၏ သိပ္ပံနည်းကျ အမျိုးအစားခွဲခြားမှုမှ နယ်ပယ်(၃) ရပ်လုံးရှိ သင်ယူမှုအပေါ် စစ်ဆေးအကဲဖြတ်ခြင်းကို အလေးပေးသည်။ သိမှုနယ်ပယ်သည် ကျောင်းသားများ၏ စိတ်ပိုင်းဆိုင်ရာ အရည်အသွေးများနှင့် ၎င်းတို့ မည်သို့ဗဟုသုတများကို ရရှိအသုံးပြုပုံနှင့် သက်ဆိုင်သည်။ ခံစားမှုနယ်ပယ်သည် "စိတ်နေသဘောထား၊ စေ့ဆော်မှု၊ ပါဝင်လုပ်ဆောင်လိုစိတ်၊ သင်ယူမှုများကို တန်ဖိုးထားခြင်းနှင့် နောက်ဆုံးတွင် စည်းကမ်း၏ တန်ဖိုးကို လက်တွေ့ဘဝအတွင်း ပေါင်းစပ်ပေးခြင်း" အပေါ် ဗဟိုပြုသည် (Ramalingam၊ et al., 2014) [၁၄]။ ကျွမ်းကျင်မှုနယ်ပယ်သည် အခြေခံဆက်စပ်စဉ်းစားနားလည်နိုင်မှုဖြင့် ရုပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများကို အတိုင်းအတာတစ်ခုအထိ တိကျမှုရှိစွာ အသုံးပြုခြင်းနှင့် သက်ဆိုင်သည်။ ဥပမာ - စာရိတ္တနှင့် ပြည်သူ့နီတိတွင် သိမှုနယ်ပယ်သည် ကျောင်းသားများ၏ စိတ်ပိုင်းဆိုင်ရာ လုပ်ဆောင်မှုများကိုကြည့်ပြီး ခံစားမှုနယ်ပယ်သည် ကျောင်းသားများ၏ စိတ်အခြေအနေ/ စိတ်ခံစားမှုအပေါ် ဗဟိုပြုကာ ကျွမ်းကျင်မှုနယ်ပယ်သည် ကျောင်းသားများ၏ ကိုယ်ကာယ လုပ်ဆောင်မှုစွမ်းဆောင်ရည်များအပေါ် အလေးထားသည်။

---


[၁၄] Kasilingam, G., Ramalingam, M., & Chinnavan, E. (2014). Assessment of learning domains to improve student's learning in higher education. *Journal of Young Pharmacists, 6,* 27-33

| သိမှုနယ်ပယ် | ခံစားမှုနယ်ပယ်<br>နယ်ပယ်(၃) | ကျွမ်းကျင်မှုနယ်ပယ် |
|---|---|---|
|  |  |  |

**ပုံ ၆.၁။ သင်ယူမှုနယ်ပယ် ၃ မျိုး**

## သိမှုဆိုင်ရာလုပ်ငန်းစဉ်၏ အဆင့်များ

သိမှုညာဏ်ရည် သင်ယူမှုနယ်ပယ်အတွက် ထိရောက်သော သင်ယူစဉ်စစ်ဆေးခြင်း နည်းစနစ်များကို အကဲဖြတ်ရန် သိမှုဖွံ့ဖြိုးခြင်းအဆင့်များကို သိရှိရန် လိုအပ်သည်။ အောက်ဖော်ပြပါပုံတွင် စာရိတ္တတန်ဖိုးနှင့် အလေ့အထကောင်းများအကြောင်း သိရှိမှုမှ ယင်းတန်ဖိုးနှင့် အလေ့အထများကို သက်ဆိုင်ရာ သင်ယူမှုနည်းလမ်းများဖြင့် အသုံးချခြင်းအထိ ကျောင်းသားများ၏ အဆင့်ဆင့်သော သိမှုဆိုင်ရာ လုပ်ငန်းစဉ်ကို ပြသထားသည်။ ဤလုပ်ငန်းစဉ်သည် ယခင်အခန်းများတွင် ရှာဖွေဖော်ထုတ်ထားသော သင်ယူမှုအကြောင်း သင်ကြားပို့ချရေး အဆင့်(၃)ခုကို ပြန်ပြောင်းဆင်ခြင်သုံးသပ်ထားသည်။ ကျောင်းသားများ၏ သင်ယူမှုနှင့် နောက်အဆင့်တစ်ခုသို့ တက်လှမ်းရန် အဆင်သင့်ဖြစ်မှုကို စစ်ဆေးရန် အဆင့်တစ်ခုစီတွင် သင်ယူစဉ် စစ်ဆေးခြင်းပြုလုပ်မှု လိုအပ်သည်။ သိမှုဆိုင်ရာလုပ်ငန်းစဉ်က ညွှန်ပြသည်မှာ ကျွန်ုပ်တို့သည် ကျောင်းသားများ၏ ဗဟုသုတများကို ဦးစွာ စစ်ဆေးအကဲဖြတ်ခြင်း မပြုဘဲ ၎င်းတို့၏ နားလည်သဘောပေါက်မှုကို စစ်ဆေးအကဲဖြတ်ရန် မဖြစ်နိုင်ပေ။ သို့မဟုတ် ကျောင်းသားများ၏ စာရိတ္တတန်ဖိုးများအပေါ် သိရှိမှု၊ နားလည်သဘောပေါက်မှုကို စစ်ဆေးခြင်းမပြုဘဲ ၎င်းတို့၏ လက်တွေ့ကျင့်သုံးနိုင်စွမ်းကို စစ်ဆေးနိုင်မည် မဟုတ်ပေ။ အကြောင်းမှာ ဤသိမှုဆိုင်ရာများသည် အစဉ်အလိုက်သာ ဖြစ်ပျက်သောကြောင့် ဖြစ်သည်။




**ပုံ ၆.၂။ သိမှုဖွံ့ဖြိုးခြင်းအဆင့်များ[၃၅]**

အောက်ပါဇယားတွင် ကျောင်းသားများ၏ သင်ယူမှုဆိုင်ရာ တန်ဖိုးများအပေါ် နားလည် တတ်မြောက်မှုကို ၎င်းတို့၏ အဆင့်အလိုက် အကဲဖြတ်ရာတွင် အထောက်အကူပြုမည့် စံနှုန်းများကို ဖော်ပြထားသည်။ ကျောင်းသားများ၏ အဖြေများမရှိသော သို့မဟုတ် သင်ယူမှုဆိုင်ရာ တန်ဖိုး များနှင့် ဆက်စပ်မှုမရှိသော အနိမ့်ဆုံးအဆင့်တွင် ပံ့ပိုးမှုလိုအပ်သည်။ ကျောင်းသားများ၏ သင်ယူမှုဆိုင်ရာ တတ်မြောက်မှုအဆင့်ကို မြင့်မားစေရန် ၎င်းတို့အား ပံ့ပိုးကူညီ၍ အားပေးရမည်။

[၃၅] Union Republic of Myanmar. (n.d). Morality and Civics Grade 2 teacher's guide.

## ဇယား ၆.၁။ တန်ဖိုးများအားသင်ယူခြင်းဖြင့်တတ်မြောက်မှုအဆင့်စံနှုန်း[၁၆]


| သင်ယူမှုဆိုင်ရာတန်ဖိုးများကို နားလည်တတ်မြောက်ခြင်း | စံနှုန်း |
|---|---|
| အသုံးပြုမှုအဆင့် | ကျောင်းသားသည် တကယ့်လက်တွေ့ဘဝတွင် နားလည်သိရှိလာသည့် တန်ဖိုးများနှင့်အညီ မည်သို့ ပြုမူနေထိုင်သင့်ကြောင်း ခွဲခြားသိရှိနိုင်မည်။ |
| နားလည်မှုအဆင့် | ကျောင်းသားသည် သင်ခန်းစာမှ သင်ယူရရှိသည့် တန်ဖိုးများနှင့်အညီ အပြုအမူတစ်ခုသည် အဘယ်ကြောင့်မှန်သည် သို့မဟုတ် မှားသည်ဆိုသည်ကို ရှင်းပြနိုင်မည်။ |
| စာရိတ္တတန်ဖိုးကို သိရှိခြင်းအဆင့် | ကျောင်းသားသည် စစ်ဆေးအကဲဖြတ်ခြင်းမေးခွန်းများကို ဖြေဆိုရာတွင် အမှန်၊ အမှား၊ အကောင်း၊ အဆိုး ခွဲခြားဖြေဆိုနိုင်သည်။ |
| လိုအပ်ချက်များပံ့ပိုးကူညီမှု (ပေါ်ထွန်းစအဆင့်) | ကျောင်းသား၏တုံ့ပြန်မှုသည် အဖြေမဟုတ်နိုင် သို့မဟုတ် သင်ခန်းစာ၏ သင်ယူမှုဆိုင်ရာတန်ဖိုးနှင့် မသက်ဆိုင်သော အဖြေများ ဖြစ်နိုင်သည်။ |

## စာရိတ္တနှင့် ပြည်သူ့နီတိတန်ဖိုးများ သရုပ်ပြသမှုကို စစ်ဆေးအကဲဖြတ်ခြင်း

သင်သည် တန်ဖိုးများအား အများအားဖြင့်အသုံးပြုနိုင်သော စိတ်မှန်း အနာဂတ်အခြေအနေများကို လွယ်ကူစွာ ပုံတူ ပြုလုပ်နိုင်ခြင်း မရှိသဖြင့် ကျောင်းသားများ၏ စာရိတ္တနှင့် ပြည်သူ့နီတိတန်ဖိုးများ အသုံးပြုမှုကို စစ်ဆေးအကဲဖြတ်ရန် ပိုမိုခက်ခဲနိုင်သည်။ စစ်ဆေးအကဲဖြတ်မှုတွင် ပါဝင်လုပ်ဆောင်ရန် စာသင်ကျောင်း လူ့အသိုက်အဝန်း၏ အဖွဲ့ဝင်များကို ဖိတ်ခေါ်ခြင်းသည် ကျောင်းသားများ၏ သင်ယူမှုအပေါ် ပြည့်စုံသော အကဲဖြတ်သည့် နည်းလမ်းတစ်ခုဖြစ်သည်။ ရှေးဦးစွာ ဆရာတစ်ဦးအနေဖြင့် ကျောင်းသားများနှင့် နေ့စဉ်ထိတွေ့မှုမှတစ်ဆင့် စာသင်ခန်းအတွင်း ကျောင်းသားများ၏ သဘောထားနှင့် အပြုအမူများကို လေ့လာ မှတ်တမ်းတင်နိုင်မည်ဖြစ်သည်။ ကျောင်းပြင်ပ အခြေအနေများတွင် ထိုသို့လေ့လာနိုင်မည် မဟုတ်ပေ။ ထို့အပြင် ကျောင်းသားများအား ဆရာများထံမှ အပြုသဘောဆောင်ပြီး ရှင်းလင်းသော တုံ့ပြန်အကြံပြုချက်များနှင့်

[၁၆] Union Republic of Myanmar. (2017). Morality and Civics Grade 2 teacher's guide.

စာသင်ခန်း၏ အတွင်းအပြင် နှစ်ခုစလုံးတွင် ၎င်းတို့၏ လုပ်ဆောင်မှုများအပေါ် ပြန်လည်သုံးသပ်ရာ၌ ကူညီရန် သတင်းအချက်အလက်နှင့် သင်ထောက်ကူပစ္စည်းများ ပံ့ပိုးပေးခြင်းဖြင့် မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်ရန် ဖိတ်ခေါ်နိုင်သည်။ ကျောင်းသားများအား မေးခွန်းများ၊ ပြန်လည်ဆင်ခြင် သုံးသပ်ခြင်းများ အစရှိသည့်နည်းလမ်းများဖြင့် အုပ်စုလုပ်ငန်းအတွင်း ၎င်းတို့၏ တုံ့ပြန်ဆက်ဆံမှုများ အပေါ် အခြေခံလျက် တစ်ဦး ကိုတစ်ဦး အကဲဖြတ်ရန် ဖိတ်ခေါ်နိုင်သည်။ မိဘများသည်လည်း နေအိမ်တွင် ကျောင်းသားများ၏ စိတ်နေ သဘောထားနှင့် အပြုအမူများ၏ အတွင်းသဘောကို ဖြည့်ဆည်းပေးသည့် စစ်ဆေးအကဲဖြတ်သူ အနေဖြင့် ဆောင်ရွက်ပေးခြင်းဖြင့် သင့်အားစာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်သင်ယူမှု၏ ထိရောက်အကျိုးရှိမှုကို နားလည်စေမည်ဖြစ်သည်။




**ပုံ ၆.၃။ စာရိတ္တနှင့် ပြည်သူ့နီတိသင်ယူခြင်းသည် လူတစ်ဦး၏ စာရိတ္တတန်ဖိုးဖော်ပြနိုင်စွမ်းနှင့် တိုက်ရိုက် အချိုးကျသည်[၃၇]**

[၃၇] Union Republic of Myanmar. (n.d). Morality and Civics Grade 2 teacher’s guide.

## ဇယား ၆.၂။ သင်ယူမှုနယ်ပယ်များအား ကျွမ်းကျင်မှုကို စစ်ဆေးခြင်း

| နယ်ပယ် | အဆင့် | စစ်ဆေးအကဲဖြတ်မှုအထောက်အကူပြု ကိရိယာနမူနာ |
|---|---|---|
| သိမှုဉာဏ်ရည် | အသုံးပြုမှု | ကျောင်းသားများအား ပုစ္ဆာတစ်ပုဒ်ကိုပေးပြီး ဖြေရှင်းခိုင်းပါ။ ၎င်းတို့ ဖြေရှင်းရာတွင် တန်ဖိုးကို မည်သို့အသုံးပြုသည်ဆိုသည့် အချက်အပေါ် မူတည်လျက် ၎င်းတို့၏ အဖြေများကို အဆင့် သတ်မှတ်ပါ။ |
| | နားလည်ခြင်း | ကျောင်းသားများအား စာရိတ္တ သို့မဟုတ် ပြည်သူ့နီတိတန်ဖိုး၏ အရေးပါမှု အကြောင်း ရှင်းပြသည့် စာတစ်ပုဒ်ကို ရေးသားစေပါ။ ၎င်းတို့၏ နားလည်သဘောပေါက်မှုကို ထိုးထွင်းသိမြင်ရန် ၎င်းတို့ရေးသော စာပိုဒ်ကို ဖတ်ပါ။ |
| | သိရှိခြင်း | ကျောင်းသားများအား ၎င်းတို့ သင်ယူရရှိခဲ့သော တန်ဖိုးနှင့် စပ်လျဉ်းသည့် မေးခွန်းများကို ပြန်လည်သုံးသပ်စေပြီး ၎င်းတို့၏ ဖတ်စာအုပ်က ပြန်လည်ကြည့်ရှုပြီး အဖြေပေးရန် ကိုယ့်ကိုယ်ကိုယ် စစ်ဆေးအကဲဖြတ်မှု ပြုလုပ်စေပါ။ |
| စိတ်ခံစားမှု | နိမ့်သောအဆင့်တွင် ကျောင်းသားသည် စိတ်ကူးစိတ်သန်းနှင့် အတွေ့အကြုံသစ်များကို နားထောင်လိုစိတ်ရှိသည်။ မြင့်သောအဆင့်တွင် ကျောင်းသားသည် ၎င်းတို့၏ ဘဝအတွင်းသို့ ပေါင်းစပ် ထည့်သွင်းပေးသည့် တန်ဖိုးများကို အပြည့်အဝလက်ခံသည်။ | တန်ဖိုးနှင့်စပ်လျဉ်း၍ ၎င်းတို့၏ စိတ်သဘောထားများကို စစ်ဆေးအကဲဖြတ်ရန် အဖွင့်မေးခွန်းများဖြင့် အပြန်အလှန် မေးမြန်းပါ။ ကိုယ့်ကိုယ်ကိုယ် အစီရင်ခံမှုကို အသုံးပြုလျက် ကျောင်းသားများအား တကယ့်လက်တွေ့ ဘဝအခြေအနေများတွင် တန်ဖိုးများကို အသုံးပြုခြင်း နှင့်ပတ်သက်၍ မည်သို့ခံစားရ ကြောင်း အဆင့်သတ်မှတ်စေပါ။ " ဥပမာ - သင့်မိတ်ဆွေက သင့်အား စစ်ဆေးမှုအဖြေများကို ပြောပြလိုသည်။ ရိုးသားသော ကျောင်းသားတစ်ဦး အဖြစ် သင်ယုံကြည်မှု ရှိသလား၊ ယုံကြည်မှုမရှိဟု ဖြေမည်လား။ အဆင့် ၁ မှ ၅ အတွင်း သင်မည်သို့ ယုံကြည်မှုရှိသည်ကို အဆင့်သတ်မှတ်ပါ"။ |

| နယ်ပယ် | အဆင့် | စစ်ဆေးအကဲဖြတ်မှုအထောက်အကူပြု ကိရိယာနမူနာ |
|---|---|---|
| ရုပ်ပိုင်းဆိုင်ရာ | နိမ့်သောအဆင့်တွင် ကျောင်းသားသည် စာရိတ္တ သို့မဟုတ် ပြည်သူ့နီတိဆိုင်ရာ အပြုအမူကို တုပနိုင်စွမ်းရှိသည်။ သို့ရာတွင် မြင့်သောအဆင့်တွင်မူ ၎င်းတို့က သဘာဝအလျောက်နှင့် အလိုအလျောက်ပြုမူသည်။ | ကျောင်းသားက သရုပ်ပြမှုတွင် အပြုအမူကောင်းများကို မည်သို့ ပြသသည်ကို စစ်ဆေးအကဲဖြတ်ပါ။<br>စာသင်ခန်းအတွင်း မည်သည့်အခြေအနေတွင်မဆို အခြားသူများ နှင့် ကျောင်းသားများအကြား တုံ့ပြန်ဆက်ဆံမှုကို ၎င်းတို့၏အပြုအမူအပေါ် အမှတ်ပေးရန် အသုံးပြုသည့် အကဲဖြတ်ရန် သတ်မှတ်ချက် ဇယားဖြင့် လေ့လာပါ။ |

## အကဲဖြတ်ရန် သတ်မှတ်ချက်ဇယားများ

အကဲဖြတ်ရန် သတ်မှတ်ချက်ဇယားများသည် လုပ်ငန်းတာဝန်အပေါ် ကျောင်းသား၏ လုပ်ဆောင်နိုင်မှု မျှော်မှန်းချက်များကို ဆက်သွယ်ရန်၊ ကျောင်းသား၏ စွမ်းဆောင်ရည်ကို အဆင့်သတ်မှတ်ရန်နှင့် ဆရာများအား အလေးပေး အာရုံစိုက်ထားသော တုံ့ပြန်အကြံပြုချက်များ ဖြည့်ဆည်းပေးခွင့်ပြုရန် အသုံးပြုသော ရမှတ်ပေးရေး လမ်းညွှန်များဖြစ်သည်။ အကဲဖြတ်ရန် သတ်မှတ်ချက်ဇယားများကို ကျောင်းသားဗဟိုပြုစနစ် အဖြစ်သိရှိပြီး သင်ယူစဉ်စစ်ဆေးခြင်း နည်းလမ်းအဖြစ်လည်း အသုံးပြုသည့်အပြင် ကျောင်းသားများအတွက် ၎င်းတို့၏ စွမ်းဆောင်ရည်ကို ကိုယ့်ကိုယ်ကိုယ် စစ်ဆေးအကဲဖြတ်ရာတွင် ဩဇာကြီးမားသော ကိရိယာအဖြစ် အသုံးပြုနိုင်သည်။ အကဲဖြတ်ရန် သတ်မှတ်ချက်ဇယားသည် ကျောင်းသားများအား အကဲဖြတ်သတ် မှတ်ချက် ဇယားရမှတ်များအပေါ် အခြေခံလျက် ၎င်းတို့၏အားနည်းချက်နှင့် အားသာချက်တို့ကို ဖော်ထုတ်ခွင့်နှင့် ၎င်းတို့၏ တိုးတက်မှုကို စောင့်ကြည့်ခွင့် ရရှိစေသည်။ အကဲဖြတ်ရန်သတ်မှတ်ချက် ဇယားတွင် စံနှုန်း၊ စွမ်းဆောင်မှုအဆင့်နှင့် ဖော်ပြချက်များ ပါဝင်သည်။

- စံနှုန်း - စစ်ဆေးအကဲဖြတ်ခံရမည့် စွမ်းဆောင်မှုဆိုင်ရာကဏ္ဍများ (ဥပမာ - သဒ္ဒါ၊ စာလုံးပေါင်း၊ အရှည်)
- စွမ်းဆောင်မှုအဆင့်များ - ကျွမ်းကျင်မှုအဆင့်ကိုစစ်ဆေးသည့် သတ်မှတ်နှုန်း
- ဖော်ပြချက်များ - စွမ်းဆောင်မှုအဆင့်တစ်ခုစီတွင်ရှိသော စွမ်းဆောင်မှုဆိုင်ရာကဏ္ဍများ ဖော်ပြချက် (ဥပမာ- သဒ္ဒါအမှားအယွင်းမရှိခြင်း၊ သဒ္ဒါအမှားအယွင်း အနည်းငယ်သာရှိခြင်း သို့မဟုတ် သဒ္ဒါညံ့ဖျင်းခြင်း)

အကဲဖြတ်ရန် သတ်မှတ်ချက်ဇယား ပြင်ဆင်ရေးဆွဲသည့်အခါ အစပြုမှုအနေဖြင့် သင်ယူမှုရလဒ်များ အသုံးပြုခြင်းနှင့် အလယ်ဆင့်အတွက် ဖော်ပြချက်များကို မရေးသားမီ နိမ့်သော စွမ်းဆောင်မှု အဆင့်နှင့် မြင့်သောစွမ်းဆောင်မှုအဆင့်တို့ကို ပထမဦးစွာရေးသားခြင်းဖြင့် အထောက်အကူ ဖြစ်စေသည်။ စာရိတ္တနှင့် ပြည်သူ့နီတိ သင်ယူမှုလုပ်ငန်းအောင်မြင်ခြင်းကို ကျောင်းသားများ၏ သဘောထားနှင့် အပြုအမူပြောင်းလဲမှုအပေါ် မူတည်ဆုံးဖြတ်သတ်မှတ်သည်ဖြစ်ရာ အကဲဖြတ်ရန် သတ်မှတ်ချက်ဇယားများသည် စာသင်ခန်းသင်ကြားပို့ချခြင်းများအတွင်း ကျောင်းသားများ၏ သင်ယူမှုဆိုင်ရာတန်ဖိုးများကို အသုံးပြုခြင်းအပေါ် လေ့လာစောင့်ကြည့်ရန်အတွက် အထူးသဖြင့် လိုအပ်သည်။ အောက်ဖော်ပြပါဇယားသည် ကျောင်းသား၏ သင်ယူမှုဆိုင်ရာတန်ဖိုးများကို စိစစ်ဆုံးဖြတ်ရန် သင်သည် အကဲဖြတ်ရန် သတ်မှတ်ချက်ဇယားအား မည်သို့ တည်ဆောက် အသုံးပြုနိုင်သည် ဆိုသည့် အယူအဆသဘောတရားကို ပံ့ပိုးပေးသည့် အကဲဖြတ်ရန် သတ်မှတ်ချက်ဇယားနမူနာ ဖြစ်သည်။

**ဇယား ၆.၃။ ကျောင်းသား၏ တာဝန်ယူမှုအသိစိတ်ကို စစ်ဆေးရန် အကဲဖြတ်သတ်မှတ်ချက် ဇယားနမူနာ**

| | ကြိုးစားရန် လိုသေး<br>၁ | ညံ့<br>၂ | သာမန်<br>၃ | အဆင့်မြင့်<br>၄ |
|---|---|---|---|---|
| စံနှုန်း | ကျောင်းသားသည် အနှုတ် လက္ခဏာ ဆောင်သော လုပ်ဆောင်မှုများ သို့မဟုတ် စကားများ အတွက် တာဝန်မယူ။ ကျောင်းသားသည် အလုပ်ကို အချိန်မီ ပြီးစီးအောင် မလုပ်ဆောင်နိုင်။ | ကျောင်းသားသည် အလုပ်ကို ပြီးစီးအောင် လုပ်ဆောင်သည်။ သို့ရာတွင် အခြားသူများ၏ လမ်းညွှန်မှုဖြင့်သာ ပြီးစီးသည်။ | ကျောင်းသားများသည် အလုပ်ကို လမ်းညွှန်မှု အနည်းအကျဉ်းဖြင့် ပြီးစီးအောင် လုပ်နိုင်ပြီး အုပ်စုလုပ်ငန်းအတွင်း လုပ်ဆောင်နိုင်သည်။ | ကျောင်းသားသည် အလုပ်ကို ၎င်းတို့ ဘာသာ ၎င်းတို့ပြီးစီး အောင်လုပ်ဆောင် ပြီး မျှော်မှန်းချက် ထက် သာလွန် လုပ်ဆောင်နိုင်သည်။ အလုပ်နှင့် လုပ်ဆောင်မှုများ အတွက် တာဝန် ယူမှုရှိသည်။ အုပ်စုအတွင်း မှီခို အားထားနိုင်သည်။ |

## သင်ယူမှုလုပ်ငန်း (၁)

၁။ အောက်ပါဇယားကွက်တွင် အရေးပါသော စိတ်ကူး အကြံအစည်များ၊ ဝေါဟာရများ၊ အချက်အလက်များနှင့် သင်ယူမှုနယ်ပယ်(၃)ခု သို့မဟုတ် သင်ခန်းစာမှ သိမှုဆိုင်ရာ လုပ်ငန်းစဉ်၏ နားလည်တတ်မြောက်မှု အဆင့်(၃)ခုတို့နှင့် ဆက်နွယ်သော သဘောတရားများကို ရေးသားနိုင်သော သေတ္တာ(၃) ခု ရှိသည်။ သေတ္တာတွင် ရုပ်ပုံများကို ရေးဆွဲနိုင်ပါသည်။

၂။ ဤသေတ္တာများသည် အတန်းဖော်အား ဉာဏ်စမ်းမေးမြန်းရန် သို့မဟုတ် စစ်ဆေးအကဲဖြတ်ခြင်းအတွက် ပြင်ဆင်ရန် သင်အသုံးပြုနိုင်သော လေ့လာမှုကဒ်ပြားများ ဖြစ်လာနိုင်သည်။

| | |
|---|---|
| | |
| | |
| | |

## ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ

၁။ ကျင့်သုံးနေသော စာရိတ္တ သို့မဟုတ် ပြည်သူ့နီတိဆိုင်ရာတန်ဖိုးများကို စစ်ဆေးအကဲဖြတ်ရန် အဘယ်ကြောင့် ခဲယဉ်းနေရသနည်း။

၂။ ရုပ်ပိုင်းဆိုင်ရာ စွမ်းဆောင်မှုနယ်ပယ်တွင် သင်ယူမှုတန်ဖိုးနားလည်တတ်မြောက်မှု အမြင့်ဆုံး အဆင့်သည် မည်သို့ရှိသနည်း။

၃။ အကဲဖြတ်ရန် သတ်မှတ်ချက်ဇယားများကို မည်သည့်အတွက် အသုံးပြုသနည်း။

# အခန်းဆုံးအနှစ်ချုပ်

## အဓိကအချက်များ

- စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်တွင် စစ်ဆေးအကဲဖြတ်ခြင်းများသည် စစ်ဆေးခြင်းနှင့် စာမေးပွဲများကို အသုံးမပြုပေ။ သို့ရာတွင် ယင်းအစား သင်ခန်းစာများ မြင့်မားလာသည်နှင့်အမျှ တိုးတက်မှုများကို အားပေးသည့် သင်ယူစဉ် စစ်ဆေးခြင်းနည်းစနစ်ကို အသုံးပြုသည်။
- စာရိတ္တနှင့် ပြည်သူ့နီတိတန်ဖိုးများကို လေ့လာသည့်အခါ ကျောင်းသားများ၏ သိမှုဆိုင်ရာ လုပ်ငန်းစဉ်သည် တန်ဖိုးကို သိရှိခြင်းမှ နားလည်ခြင်းသို့လည်းကောင်း၊ နောက်ဆုံးတွင် ယင်းတန်ဖိုးများကို အသုံးပြုခြင်းအဆင့်သို့လည်းကောင်း တိုးတက်ပြောင်းလဲသွားသည်။
- စစ်ဆေးအကဲဖြတ်ခြင်းနည်းလမ်းများကို အဆင့်တစ်ခုစီရှိ သင်ယူမှုများအပေါ် ကောင်းစွာစစ်ဆေး အကဲဖြတ်ရန် ဖန်တီးထားသည်။
- မိဘများ၊ ကျောင်းသားများနှင့် သက်တူရွယ်တူများကဲ့သို့သော စာသင်ကျောင်း လူ့အသိုက်အဝန်း ၏ အဖွဲ့ဝင်များကို စစ်ဆေးအကဲဖြတ်မှုတွင် ပါဝင်ရန်ဖိတ်ခေါ်ခြင်းသည် ကျောင်းသား၏ သင်ယူမှု အပေါ် ပြည့်စုံသော အကဲဖြတ်မှု ပြုလုပ်ရာတွင် အကူအညီဖြစ်စေနိုင်သည်။
- ကျောင်းသားများ၏ စာရိတ္တနှင့် ပြည်သူ့နီတိတန်ဖိုးများကို နားလည်သိရှိမှုကို အဆင့်(၄) ခုခွဲခြားနိုင်သည်။ စစ်ဆေးအကဲဖြတ်ခြင်းသည် စံနှုန်းအပေါ် အခြေခံသော တန်ဖိုးများကို ကျောင်းသားများ မည်သည့် အတိုင်းအတာအထိ နားလည်သိရှိသည်ကို စိစစ်ဆုံးဖြတ်ရာတွင် အထောက်အကူ ပြုသည်။
- အကဲဖြတ်ရန် သတ်မှတ်ချက်ဇယားသည် ကျောင်းသားဗဟိုပြုနှင့် သင်ယူစဉ် စစ်ဆေးနည်းဖြစ်ပြီး တိုးတက်ဖွံ့ဖြိုးမှုကို ဖြစ်စေသော ကိုယ့်ကိုယ်ကိုယ် စစ်ဆေးအကဲဖြတ်ခြင်းကို အားပေးသည်ဖြစ်ရာ စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ်အတွက် အသုံးဝင်သော စစ်ဆေးအကဲဖြတ်ခြင်း အထောက်အကူပြု ကိရိယာများဖြစ်သည်။

- အကဲဖြတ်ရန် သတ်မှတ်ချက်ဇယားတွင် စံနှုန်းစွမ်းဆောင်မှုအဆင့်များနှင့် ဖော်ပြချက်များပါဝင်ပြီး စာသင်ခန်းအတွင်း ကျောင်းသားများ၏ တန်ဖိုးအသုံးပြုမှုကို လေ့လာအကဲဖြတ်ရာတွင် အသုံးပြုသည်။
- စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ် သင်ယူမှုထိရောက်အောင်မြင်ခြင်းကို ဗဟုသုတမှတ်မိနိုင်စွမ်း သို့မဟုတ် လုပ်ဆောင်နိုင်စွမ်းတို့ထက် အများအားဖြင့် ကျောင်းသားများ၏ သဘောထားနှင့် အပြုအမူပြောင်းလဲမှုအပေါ် မူတည်ဆုံးဖြတ်သည်။

## အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း

ကျောင်းသားများသည် ကောင်းမွန်သော အပြောင်းအလဲများကို လုပ်ဆောင်နေသည်ဟု ယုံကြည်သောအခါ အတွင်းစိတ်စေ့ဆော်မှုများဖြင့် တန်ဖိုးများကို လက်တွေ့ကျင့်သုံးလာကြသည်။ ထိုသို့ဖြစ်လာအောင် သင်မည်သို့လုပ်ဆောင်နိုင်မည်နည်း။ စစ်ဆေးအကဲဖြတ်ခြင်းအတွက် သက်သက်သာ သင်ယူမှုတန်ဖိုးကို ကျောင်းသားများကျင့်သုံးပါက ပြင်ပစေ့ဆော်မှုကြောင့်သာဖြစ်၍ ၎င်းကို လျှော့နည်းအောင် သင်မည်သို့ လုပ်ဆောင်မည်နည်း။

သင်သည် အချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်းနှင့် ကိုယ့်ကိုယ်ကိုယ် စစ်ဆေးအကဲဖြတ်ခြင်းနည်းလမ်းများကို မူလတန်းကျောင်းသားများ၌ မည်သည့်အချိန်တွင် အသုံးပြုမည်နည်း။

မူလတန်းသင်ရိုးညွှန်းတမ်းတွင် သင်ကြားပို့ချမည့် သင်ယူခြင်းဆိုင်ရာတန်ဖိုးများကို စဉ်းစားပြီး ၎င်းတို့အပေါ် သင်၏ကိုယ်ပိုင်သဘောထားကို အကဲဖြတ်ပါ။ ၎င်းတို့သည် အရေးပါသည်ဟု သင်ကိုယ်တိုင်ကော ယုံကြည်ပါသလား။

ကျောင်းသားများအား ၎င်းတို့နေအိမ်နှင့် လူမှုအသိုက်အဝန်းတို့မှ သင်ယူရရှိသည့် တန်ဖိုးများကို လက်တွေ့ကျင့်သုံးရန်အားပေးသည့် ကျောင်းသားများ၏ အိမ်စာအလုပ် သို့မဟုတ် စီမံချက်များကို သင် မည်သို့စစ်ဆေးအကဲဖြတ်မည်နည်း။

## ဆက်လက်ဖတ်မှတ်စရာများ

၆.၁။

*Educational psychology for first year education college.* (n.d.). Unpublished manuscript.

Japan International Coordination Agency. (n.d.). *Morality and civics primary student textbooks (G1 – G5).* Unpublished manuscript.

Japan International Coordination Agency. (n.d.). *Teacher guide to morality and civics (G1 – G5).* Unpublished manuscript.

Julian, K., & Haikin, M., & Rinehart, G. (2018). *The new teacher: Module 4: Assessment.* Yangon, Myanmar: Mote Oo Education.

Yaung, Z. (n.d.). *Competency-based teacher training programme: Professional development and the reflective practitioner.* Retrieved from https://www.etekkatho.org/fullrecord?handle=20140220-165145534

# ခက်ဆစ်အဘိဓာန်

| အသုံးအနှုန်းများ | အသေးစိတ် ရှင်းလင်းချက် |
|---|---|
| Active citizenship - တက်ကြွသော နိုင်ငံသားဖြစ်မှု | လူမှုရေးနှင့် နိုင်ငံရေး နည်းလမ်းများအားဖြင့် ၎င်းတို့၏ လူမှုအသိုက်အဝန်း သို့မဟုတ် နိုင်ငံအတွင်း အပြုသဘော ဆောင်သော ပြောင်းလဲမှုများ ဖန်တီးဖော်ဆောင်ရာတွင် ပါဝင်လုပ်ဆောင်သော နိုင်ငံသားများ။ |
| Attribute - ပင်ကိုအရည်အသွေး | တစ်စုံတစ်ယောက် သို့မဟုတ် တစ်စုံတစ်ခု၏ ထူးခြားသော လက္ခဏာတစ်ရပ် သို့မဟုတ် ရှိရင်းစွဲအစိတ်အပိုင်းတစ်ခု အဖြစ် မှတ်ယူသော အရည်အသွေး သို့မဟုတ် အင်္ဂါရပ်။ |
| Collaborate - ပူးပေါင်းဆောင်ရွက်ခြင်း | တစ်စုံတစ်ခုဖန်တီးရန် သို့မဟုတ် ပြုလုပ်ရန် အခြားသူများနှင့် အတူ လုပ်ဆောင်သည်။ |
| Conflict - ပဋိပက္ခ | လုပ်ရှားပါဝင်သူများက သဟဇာတမဖြစ်သော၊ သဘောထား မတိုက်ဆိုင်သော ရည်မှန်းချက်များကို တောင်းဆိုကြခြင်းကြောင့် အငြင်းပွားမှုများ၊ အကြမ်းဖက်မှုများကို ဖြစ်နိုင်စေသော အခြေအနေ။ |
| Cultural universals - ဘုံတူညီနေသည့် ယဉ်ကျေးမှုလက္ခဏာများ | ယဉ်ကျေးမှုများအားလုံးတွင် ရှိနေသော လက္ခဏာများဖြစ်ပြီး ယဉ်ကျေးမှု တစ်ခုစီအလိုက် ကွဲပြားသည်။ |
| Culture - ယဉ်ကျေးမှု | သမိုင်းကြောင်းအရ လက်ဆင့်ကမ်းလာခဲ့သော အဓိပ္ပာယ်နှင့် အရေးပါမှုစနစ်။ ယင်းစနစ်အားဖြင့် လူအုပ်စုတစ်ခုသည် ၎င်းတို့၏တစ်ဦးချင်းနှင့် စုပေါင်း ဘဝများကို နားလည်၍ တည်ဆောက်သည်။ |

| အသုံးအနှုန်းများ | အသေးစိတ် ရှင်းလင်းချက် |
|---|---|
| Discipline - စည်းကမ်း | အင်အား သို့မဟုတ် ကိုယ့်ကိုယ်ကိုယ်ထိန်းချုပ်မှုကို မြှင့်တင်ရန် လေ့ကျင့်ခြင်း။ |
| Discrimination - ခွဲခြားဆက်ဆံမှု | လူ့အဖွဲ့အစည်းတွင်း လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အုပ်စုတစ်ခုကို အခြားသူများနှင့် တန်းတူမျှတမှုမရှိဘဲ ပြုမူဆက်ဆံမှု။ |
| Diversity - မတူကွဲပြားမှု | တစ်ခုနှင့် တစ်ခု မတူကွဲပြားသော လူများ သို့မဟုတ် အရာဝတ္ထုအမျိုးမျိုး။ |
| Esteem - လေးစားသမှုရှိခြင်း | အထူးလေးစားမှုနှင့် ကြည်ညိုမှု၊ တစ်စုံတစ်ဦး၏ အကောင်းမြင် သဘောထားရှိခြင်း။ |
| Exploitation - ခေါင်းပုံဖြတ်ခြင်း | မျှတမှုမရှိသောနည်းဖြင့် တစ်စုံတစ်ယောက်က အခြားသူတစ်ဦးကို ပြုမူဆက်ဆံသောအခြေအနေ၊ အထူးသဖြင့် ၎င်းတို့၏လုပ်အားမှ ငွေကြေးရယူရန်အတွက် ဖြစ်သည်။ |
| Formative assessment - သင်ယူစဉ်စစ်ဆေးခြင်း | သင်ယူမှုလုပ်ငန်းစဉ်အတွင်း ပြုလုပ်သော စစ်ဆေးအကဲဖြတ်မှုဖြစ်ပြီး သင်ယူမှုနှင့် သင်ကြားမှုလုပ်ငန်းများကို ပြန်လည်ချိန်ညှိရန်လိုအပ်ခြင်း ရှိ၊ မရှိ ဆရာများကို သိစေသည်။ |
| Gender - ကျား၊ မ ရေးရာ | အမျိုးသားများနှင့် အမျိုးသမီးများ၏ မိသားစုအတွင်း၊ လူ့အဖွဲ့အစည်းအတွင်းနှင့် ယဉ်ကျေးမှုများအရ သတ်မှတ်ထားသော အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများ။ |
| Law - ဥပဒေ | အစိုးရက ပြဋ္ဌာန်းအကောင်အထည်ဖော်သော စည်းမျဉ်းဥပဒေ။ |

| အသုံးအနှုန်းများ | အသေးစိတ် ရှင်းလင်းချက် |
|---|---|
| National development - နိုင်ငံဖွံ့ဖြိုးတိုးတက်မှု | နိုင်ငံတစ်ခုရှိ နိုင်ငံသားများ၏ လူမှုဘဝဖူလုံရေးအဆင့် တိုးတက်ကောင်းမွန်ခြင်း။ |
| Peace - ငြိမ်းချမ်းခြင်း | စစ်နှင့်အကြမ်းဖက်မှုများမှ ကင်းဝေးလွတ်မြောက်ခြင်း ၊ အထူးသဖြင့် လူအများ သဘောထားကွဲလွဲမှုများ မရှိဘဲ ပျော်ရွှင်စွာ အတူတကွ နေထိုင်လုပ်ကိုင်ကြခြင်း။ |
| Pedestrian - လမ်းလျှောက်သူ | မော်တော်ယာဉ်အသုံးမပြုဘဲ လမ်းပေါ်တွင် လမ်းလျှောက် သူတစ်ဦး။ |
| Racial - လူမျိုးရေးဆိုင်ရာ | လူမျိုးစုနှင့် သက်ဆိုင်သော။ |
| Regulation - စည်းမျဉ်း | စည်းမျဉ်းဥပဒေများဖြင့် လုပ်ဆောင်မှုများကို ထိန်းချုပ်စောင့်ကြည့်ခြင်း။ |
| Responsibility - တာဝန်ဝတ္တရား | တစ်စုံတစ်ခုပြုလုပ်ရန် တာဝန်။ |
| Right - ရပိုင်ခွင့် | သင်ပိုင်ဆိုင်ရရှိရန်နှင့် လုပ်ဆောင်ရန်အခွင့်ရှိမှု။ |
| Rubric - အကဲဖြတ်ရန် သတ်မှတ်ချက်ဇယား | မတူကွဲပြားသော စွမ်းဆောင်မှု အဆင့်များအတွက် စံသတ်မှတ်ချက်များ ဖော်ပြခြင်းဖြင့် အရည်အသွေးမီသော အလုပ်၏ လက္ခဏာများကို ဆက်သွယ်ပေးသည့် စစ်ဆေးအကဲဖြတ်ခြင်း ကိရိယာ။ |
| Rule - စည်းမျဉ်းဥပဒေ | လုပ်ငန်းတစ်ခုကို ကောင်းမွန်စွာမည်သို့ပြုလုပ်မည် သို့မဟုတ် အခြေအနေ တစ်ခုတွင် မည်သို့ ပြုမူလုပ်ဆောင်ရမည် ဆိုသည်ကို ညွှန်ကြားမှု သို့မဟုတ် ထိန်းကျောင်းမှု။ |

| အသုံးအနှုန်းများ | အသေးစိတ် ရှင်းလင်းချက် |
|---|---|
| Self-discipline - ကိုယ့်စည်းကမ်းနှင့် ကိုယ် ပြုမူနေထိုင်ခြင်း | စည်းမျဉ်းနှင့် နည်းဥပဒေများ မရှိသည့်တိုင်အောင် တစ်စုံတစ်ယောက်၏ ကိုယ်ပိုင် အပြုအမူကို စီမံထိန်းကျောင်းနိုင်သည့် စွမ်းရည်။ |
| Tangible - လက်ဆုပ် လက်ကိုင်ပြနိုင်သော | တည်ရှိနေကြောင်း ရှင်းလင်းပြတ်သားစွာ မြင်တွေ့နိုင်သည့် အရာ |

# ကျမ်းကိုးစာရင်း

Axner, M. (n.d.). Cultural Competence and Spirituality in Community Building. In *Cultural Competence in a Multicultural World: Understanding Culture and Diversity in Building Communities.* Retrieved from https://ctb.ku.edu/en/table-of-contents/culture/cultural-competence/culture-and-diversity/main

Bear, G. G. (2010). *School Discipline and Self-Discipline: A Practical Guide to Promoting Prosocial Student Behavior.* New York: The Guilford Press.

Beiderwell, B., Tse, L. F., Lochhass, T., & DeKanter, N. B. (2012). *Success in College.* Retrieved from https://2012books.lardbucket.org/books/success-in-college/s12-02-living-with-diversity.html

Board, U. C. S. (2017). *Employee Training Handbook.*

*Burma Citizenship Law.* , (1982).

Cambridge English. (2018). *Discipline.* Retrieved from Cambridge University Press website: https://dictionary.cambridge.org/dictionary/essential-british-english/discipline

Compasito. (2007). *Manual on human rights for children.* Council of Europe.

Congdon, K., Stewart, M., & White, J. K. (2002). *Mapping Identity for Curriculum Work. Contemporary Issues in Art Education.* Pearson College Division.

*Constitution of the Union of Myanmar.* , (2008).

Covaleskie, J. F. (2006). Virtue, Liberty, and Discipline: Fostering the Democratic Character. *Philosophical Studies in Education., 37,* 55–64.

Daw Aung San Su Kyi. (2018). *State Counsellor Addresses Education Development Implementation Conference.* The Global New Light of Myanmar.

Discipline Strategies for Children. (n.d.). Retrieved from Raising Children Network: the Australian Parenting website: https://raisingchildren.net.au/toddlers/behaviour/discipline/discipline-strategies

Dr. M. Tin. (n.d.). *Citizen: The modern politician and education. (Burmese).*

*Educational Psychology for First Year Education College.* (2018).

*Ethnic nationalities and Cultural heritage of Myanmar: Global New Light of Myanmar.* (n.d.). Retrieved from www.globalnewlightofmyanmar.com

Flowers, N. (2009). *Manual on Human Rights Education for Children. Budapest: Directorate of Youth and Sport of the Council of Europe.*

Galtung, J. (1958). *Theories of Conflict. Definitions, Dimensions, Negations, Formations.* Columbia University Press.

Got Character? Scoring Rubric. (n.d.). Retrieved from Character.org website: http://www.character.org/uploads/PDFs/NSOC/2007_NSOC_Winners/Got_Character_Rubric.pdf

Gravers, M. (2007). *Exploring Ethnic Diversity in Burma.*

Griffin, T. (n.d.). *How to discipline a Child According to Age.* Retrieved from https://www.wikihow.com/Discipline-a-Child-According-to-Age

Gyi, A. M., & Yaung, S. La. (n.d.). *Moral and Civic, Primary, Basic Human Duty and Responsibility.*

International Labour Organization. (2017). *Guide to Myanmar Employment Law.*

JICA. (n.d.). *Morality and Civics Primary Student Textbooks (G1 – G5).*

JICA. (n.d.). *Teacher Guide to Morality and Civics (Grade 1-5).*

Julian, K., Haikin, M., & Rinehart, G. (2018). *The New Teacher: Module 4: Assessment.* Yangon: Mote Oo Education.

Korth, D., & Paylor, A. (n.d.). *Conflict and Peace: Teacher and student books.* Mote Oo Education.

Lampert, L. (n.d.). *Smart Discipline for Every Age.* Retrieved from https://www.parents.com/toddlers-preschoolers/discipline/tips/smart-discipline-for-every-age

Lister, R. (1998). Citizen in action: citizenship and community development in a Northern Ireland context. *Community Development Journal, 33*(3), 226–235.

McLaughlin, R. (n.d.). *Democracy: A Civic Education Course for Myanmar.* Mote Oo Education.

Merriam Webster Dictionary. (n.d.).

Min, U., & Ti, P. T. N. (n.d.). *Pyithutarwan.*

Office of Child Development. (n.d.). Teaching Discipline. Retrieved from University of Pittsburgh website: http://www.ocd.pitt.edu/Files/PDF/Foster/27758_ocd_discipline.pdf

Parekh, B. (2005). *Unity and diversity in multicultural societies.* International Institute for Labour Studies.

Parents, Kids and Discipline. (n.d.). Retrieved from WebMD website: https://www.webmd.com/parenting/guide/discipline-tactics#

*Punishment vs Logical Consequences.* (2011). Retrieved from https://www.responsiveclassroom.org/punishment-vs-logical-consequences/

Ramalingam, M., Kasilingam, G., & Chinnavan, E. (2014). Assessment of Learning Domains to Improve Student's Learning in Higher Education. *Journal of Young Pharmacists, 6*(1), 27.

Thahara. (n.d.). *Myanmar travel blog.* Retrieved from https://www.thahara.com/blog

Thin, M. D. (n.d.). *Kyaung Sayar and Country Prevention/Protection.*

Tong, R. (2009). Explaining ethnic peace: The importance of institutions. Res Publi*ca - Journal of Undergraduate Research, 14*(1).

UN. (1962). *The United Nations Development Decade: Proposals for Action.* New York.

*UNCHR Convention on the Rights of the Child.* (n.d.). Retrieved from https://www.unhcr.org/protection/children/50f941fe9/united-nations-convention-rights-child-crc.html

UNESCO Myanmar. (n.d.). *Establishing a Culture of Peace.*

UNESCO. (1967). Recommendation Concerning the Status of Teachers. Records of the Resolutions. *General Conference, Fourteenth Session.* Paris.

UNICEF Myanmar, Point B Design and Training (2017) *: A Guide to Becoming a Twenty-First Century Teacher.*

UNICEF/UNESCO. (2007). *A human rights-based approach to education for all: A framework for the realization of children's right to education and rights within education.* New York, Paris.

Wittwer, J. (2018). *10 Cultural Universals.*

Wong, K., & McLaughlin, R. (2014). *Active Citizenship: A Civic Education Course for Myanmar.* Mote Oo Education.

Yaung, Z. (n.d.). *Competency-based Teacher Training Programme: Professional Development and the Reflective Practitioner.* Retrieved from https://www.etekkatho.org/fullrecord?handle=20140220-165145534015

# နောက်ဆက်တွဲများ

# လက်ကမ်းစာစောင် (၁)
# ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ

<table>
<tr><td colspan="2">ကျောင်းတွင် -</td></tr>
<tr><td>ဆရာများတွင် ______________________<br>______________________________<br>______________________________<br>_____ လုပ်ဆောင်ရန် အခွင့်ရှိသည်။</td><td>ဆရာများသည် ______________________<br>______________________________<br>______________________________<br>___ အတွက် တာဝန်ရှိသည်။</td></tr>
<tr><td>ကျောင်းသားများတွင် ________ ___________<br>___ ___________________________<br>______________________________<br>_________ လုပ်ရန် အခွင့်ရှိသည်။</td><td>ကျောင်းသားများသည် __________________<br>______________________________<br>______________________________<br>__ အတွက် တာဝန်ရှိသည်။</td></tr>
</table>

# လက်ကမ်းစာစောင် (၂)
# ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများအခန်းပါ အကြောင်းအရာများ

| အတန်း | အကြောင်းအရာ | လုပ်ငန်းနှင့် သင်ကြားရေး နည်းစနစ် |
|---|---|---|
| **ပထမတန်း** | • မိဘကူရန်။<br>• တာဝန်ကျေပွန်ရန်။<br>• အမှိုက်များကို မှန်ကန်သောနေရာတွင် ပစ်ရန်။<br>• သဘာဝ၏ကောင်းမြတ်မှုကို ကျေးဇူးတင်ရန်။ | |
| **ဒုတိယတန်း** | • မဆုတ်မနစ် အလုပ်လုပ်ရန်။<br>• အဆင့် (အခန်းကဏ္ဍ)နှင့် တာဝန်ဝတ္တရားများကို နားလည်ရန်။<br>• အမှိုက်များကို မှန်ကန်သောနေရာတွင် ပစ်ရန်။<br>• သဘာဝ၏ကောင်းမြတ်မှုကို ကျေးဇူးတင်ရန်။ | |
| **တတိယတန်း** | • မိမိတို့ကိုယ်တိုင် ပိုမိုကောင်းမွန်ရေးအတွက် မြင့်မားသော ရည်မှန်းချက်များ ချမှတ်ထားရန်။<br>• အုပ်စုနှင့် လူ့အဖွဲ့အစည်းအတွင်းအဆင့်(အခန်းကဏ္ဍ) နှင့် တာဝန်ဝတ္တရားများကို နားလည်ရန်။<br>• မိမိကိုယ်ကို နားလည်ပြီး မိမိအားနည်းချက်ကို တိုးတက်စေရန်။<br>• သဘာဝ ပတ်ဝန်းကျင်ကို ကာကွယ်ပါ၊ ထိန်းသိမ်းပါ။<br>• သက်ရှိများနှင့် သဘာဝရင်းမြစ်များကို ဂရုစိုက်ပါ။<br>• လျှော့ချပါ၊ ပြန်သုံးပါ၊ ပြန်လည်အသစ်ဖန်တီးပါ။ | |

| အတန်း | အကြောင်းအရာ | လုပ်ငန်းနှင့် သင်ကြားရေး နည်းစနစ် |
|---|---|---|
| **စတုတ္ထတန်း** | • မိမိတို့ကိုယ်တိုင် ပိုမိုကောင်းမွန်ရေးအတွက် မြင့်မားသော ရည်မှန်းချက်များ ချမှတ်ထားရန်။<br>• မိမိကိုယ်ကို နားလည်ပြီး မိမိအားနည်းချက်ကို တိုးတက်စေရန်။<br>• လွတ်လပ်စွာ စဉ်းစားရန်။<br>• တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ရန်။<br>• အုပ်စုနှင့်လူ့အဖွဲ့အစည်းအတွင်းအဆင့်(အခန်းကဏ္ဍ) နှင့် တာဝန်ဝတ္တရားများကို နားလည်ရန်။<br>• အကန့်အသတ်ဖြင့်သာ ရရှိနိုင်သော ရင်းမြစ်များကို အလွန်အကျွံသုံးစွဲခြင်းမှရှောင်ကြဉ်ရန်နှင့် သဘာဝကို တန်ဖိုးထားတတ်ရန်။<br>• သဘာဝ ပတ်ဝန်းကျင်ကို ကာကွယ်ရန်နှင့် ထိန်းသိမ်းရန်။<br>• သက်ရှိများနှင့် သဘာဝရင်းမြစ်များကို ဂရုစိုက်ရန်။ | |
| **ပဉ္စမတန်း** | • မိမိကိုယ်ကို နားလည်ပြီး မိမိအားနည်းချက်ကို တိုးတက်စေရန်။<br>• လွတ်လပ်စွာ စဉ်းစားရန်။<br>• တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ရန်။<br>• အကန့်အသတ်ဖြင့်သာ ရရှိနိုင်သော ရင်းမြစ်များကို အလွန်အကျွံသုံးစွဲခြင်းမှ ရှောင်ကြဉ်ရန်နှင့် သဘာဝကို တန်ဖိုးထားတတ်ရန်။<br>• သဘာဝ ပတ်ဝန်းကျင်ကို ကာကွယ်ရန်နှင့် ထိန်းသိမ်းရန်။<br>• သက်ရှိများနှင့် သဘာဝရင်းမြစ်များကို ဂရုစိုက်ရန်။ | |

## လက်ကမ်းစာစောင် (၃)
## သင်၏စည်းကမ်းကို ဆန်းစစ်သုံးသပ်ပါ။

ဖော်ပြချက်တစ်ခုစီကို ဖတ်ပြီး ဖော်ပြချက်များ ပြောသည့်အရာများကို သင်အကြိမ်မည်မျှ လုပ်ဆောင်သည်ကို စဉ်းစားပါ။ ထို့နောက် ဖော်ပြချက်တစ်ခုစီကို သင်လုပ်ဆောင်ခဲ့သည့် အရေအတွက်ပေါ်မူတည်လျက် M၊ S သို့မဟုတ် N တို့ကို ရွေးချယ်အမှတ်အသားပြုပါ။

M = အချိန်အများစုတွင်

S = တစ်ခါတစ်ရံ

N = လုံးဝနီးပါး မလုပ်ဖူးပါ

| စဉ် | ဖော်ပြချက် | M | S | N |
|---|---|---|---|---|
| ၁ | ကျွန်ုပ်သည် အတန်းသို့ အချိန်မှန်ရောက်သည်။ | | | |
| ၂ | ကျွန်ုပ်၏ လုပ်ငန်းတာဝန်များကို အချိန်မီ လုပ်ဆောင်သည်။ | | | |
| ၃ | ကျွန်ုပ်သည် စာသင်ချိန်အတွင်း ဖုန်း အသုံးမပြုပါ။ | | | |
| ၄ | ကျွန်ုပ်သည် အမှိုက်ကို ပုံးထဲသို့လွှင့်ပစ်သည်။ | | | |
| ၅ | ကျွန်ုပ်သည် တစ်စုံတစ်ဦး စကားပြောသည့်အခါ အာရုံစိုက် နားထောင်ပေးသည်။ | | | |
| ၆ | ကျွန်ုပ်သည် အများပြည်သူနေရာများတွင် ကျယ်လောင်စွာ စကားမပြောဆိုပါ။ | | | |
| ၇ | ကျွန်ုပ်သည် တန်းစီရာတွင် ကျော်မတက်ပါ။ | | | |
| ၈ | ကျွန်ုပ်သည် လူကူးမျဉ်းကြားမှ လမ်းဖြတ်ကူးသည်။ | | | |
| ၉ | ကျွန်ုပ်သည် အခြားသူများ၏ မတူကွဲပြားသော အမြင် သဘောထားများကို လက်ခံသည်။ | | | |
| ၁၀ | ကျွန်ုပ်သည် လူမှုအသိုက်အဝန်းလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်သည်။ | | | |

## လက်ကမ်းစာစောင် (၄)
## စိတ်ကူးမျှော်မှန်း အခြေအနေများ

(က) သင်သည် မတူညီသည့် တိုင်းရင်းသားများအဖွဲ့နှင့် တွေ့ဆုံရမည်။ အဆိုပါ တွေ့ဆုံပွဲအတွက် အကောင်းဆုံးနေ့ရက်မှာ အဆိုပါအဖွဲ့တွင် ပါဝင်သည့် အချို့တိုင်းရင်းသားများ၏ ဘာသာရေး သို့မဟုတ် ယဉ်ကျေးမှု အခမ်းအနားနေ့ရက်ဖြစ်နေသည်။ ဤ ဘာသာရေး သို့မဟုတ် ယဉ်ကျေးမှု အခမ်းအနား အကြောင်းကို မသိခဲ့သည့်အပြင် အဆိုပါနေ့မှာ နိုင်ငံတော်အားလပ်ရက်လည်း မဟုတ်သည့်အတွက် အစည်းအဝေးအား ဆက်လက်ကျင်းပရန် ဆုံးဖြတ်ခဲ့သည့်အတွက် အဆိုပါအဖွဲ့မှ လူများက စိတ်မကောင်းဖြစ်ကြသည်။

(ခ) သင့်သူငယ်ချင်း၏ မိဘများနှင့် တွေ့ဆုံသည့်အခါတွင် ၎င်းတို့မှ လက်ဆောင်ပေးကြသည်။ သို့သော် သင် ငြင်းပယ်ခဲ့သည့်အတွက် ၎င်းတို့က စိတ်မကောင်းဖြစ်ကြသည်။ သူငယ်ချင်းဖြစ်သူမှ ၎င်းတို့၏ ယဉ်ကျေးမှုဓလေ့တွင် လက်ဆောင်အား ငြင်းပယ်ခြင်းသည် ရိုင်းရာကျသည်ဟု သတ်မှတ်ထားကြကြောင်း ပြောပြလာသည်။ သို့သော် သင်၏ ကိုယ်ပိုင်ယဉ်ကျေးမှုဓလေ့တွင် အိမ်ရှင်ထံမှ လက်ဆောင်များ လက်ခံခြင်းက ရိုင်းသည်ဟု သတ်မှတ်ထားသည့်အတွက် သင့်အနေဖြင့်လည်း စိတ်မကောင်း ဖြစ်ရသည်။

(ဂ) သင်၏ စာသင်ခန်းထဲတွင် တိုင်းရင်းသား လူနည်းစု မျိုးနွယ်ထဲမှ လာတက်သည့် ကျောင်းသားအသစ်တစ်ယောက် ရောက်ရှိလာသည်။ အဆိုပါ ကျောင်းသားတွင် ယဉ်ကျေးသိမ်မွေ့မှု အလျဉ်းမရှိကြောင်း သင်တွေ့မြင်ရသည်။ လူကြီးများ အရှေ့တွင်လည်း လေးစားမှုဖြင့် ခေါင်းငုံ့သွားခြင်း မရှိပေ။ သင်နှင့် စကားပြောသည့် အခါတွင်လည်း ယဉ်ကျေးမှု မရှိချေ။ ထိုအခါတွင် အဆိုပါကျောင်းသားသည် ၎င်း၏ ရိုင်းပြသော အပြုအမူအတွက် အပြစ်ပေးခံရသင့်သည်ဟု သင် ယူဆသည်။

|  |
| --- |
|  |

# လက်ကမ်းစာစောင် (၅)
# ငြိမ်းချမ်းစွာ အတူနေထိုင်ရေး အခန်း၏ သင်ယူမှုရည်ရွယ်ချက်များ


| အတန်း | သင်ယူမှုရည်ရွယ်ချက်များ | သင်ယူမှုလုပ်ငန်းများနှင့် သင်ကြားရေး နည်းစနစ်များ |
|---|---|---|
| **ပထမတန်း** | မိမိကိုယ်ကို လေးစားမှုရှိစေရန် | |
| **ဒုတိယတန်း** | တစ်ဦးနှင့်တစ်ဦး အပြန်အလှန် လေးစားမှုပြသည့် အလေ့အထ တိုးတက်လာစေရန် | |

| အတန်း | သင်ယူမှုရည်ရွယ်ချက်များ | သင်ယူမှုလုပ်ငန်းများနှင့် သင်ကြားရေးနည်းစနစ်များ |
|---|---|---|
| **တတိယတန်း** | လူ့အသိုက်အဝန်းအတွင်းရှိ လူများ တစ်ဦးနှင့် တစ်ဦး အပြန်အလှန် လေးစားမှုပြသည့် အလေ့အထ တိုးတက်လာစေရန် | |
| **စတုတ္ထတန်း** | လူ့အသိုက်အဝန်းအတွင်းရှိ မတူညီသောလူများနှင့် ယဉ်ကျေးမှုများကို တန်ဖိုးထားခြင်း နှင့် လေးစားမှုပြသည့် အလေ့အထ တိုးတက်လာစေရန် | |
| **ပဉ္စမတန်း** | မတူညီသောလူများ နှင့် ယဉ်ကျေးမှုများကို လေးစားတန်ဖိုးထားခြင်းဖြင့် လိမ္မာယဉ်ကျေးသော လူငယ်များ ဖြစ်လာစေရန် | |

# လက်ကမ်းစာစောင် (၆)
# ယခင်ကာလနှင့် ယခုကာလ ယဉ်ကျေးမှု

| လက္ခဏာရပ်များ | ကျွန်တော်/ကျွန်မ | ကျွန်ုပ်၏ အဖိုးအဖွားများ |
|---|---|---|
| ပထဝီမြေအနေအထား | | |
| ဘာသာစကား | | |
| မိသားစု | | |
| အစားအစာ၊ အဝတ်အထည်၊ သယ်ယူပို့ဆောင်ရေးနှင့် အဆောက်အအုံ | | |
| စံတန်ဖိုးများ၊ ယုံကြည်မှုများ၊ နှင့် ဘာသာဓလေ့များ | | |
| စီးပွားရေး | | |
| ပညာရေး | | |
| နိုင်ငံရေး | | |
| နည်းပညာ | | |
| ယဉ်ကျေးမှုဆိုင်ရာ ဖော်ထုတ်ပြသချက်များ | | |

## လက်ကမ်းစာစောင် (၇)
## သရုပ်လက္ခဏာ ပန်းပွင့်



# မှတ်စုများ

# မှတ်စုများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန